# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၈)ရက် ၊ တနင်္လာနေ့ ၊ (23-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၃၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ရာပြည့်ခန်းမကမ္ပည်းမော်ကွန်းကျောက်စာနှင့် ရာပြည့်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်ခန်းမဖွင့်ပွဲနှင့် ရာပြည့်သဘင်အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်ခန်းမဖွင့်ပွဲနှင့်ရာပြည့်သဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတို့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# စိတ်ရောကိုယ်ပါကျန်းမာရေး နေ့စဉ်လမ်းလျှောက်ပေး

**"အာရောဂျံပရမံလာဘံ"**ကျန်းမာခြင်းသည်လာဘ်ကြီးတစ်ပါးဆိုသည့်အတိုင်း ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်မှန်မှန်ပြုလုပ်ခြင်းသည် လူတစ်ဦးချင်းစီအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပြင် ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းအတွက် ကျန်းမာရေးဆုလာဘ်ကြီးဖြစ်သည်။ လမ်းလျှောက်ခြင်းသည် ငွေမကုန်လူမပင်ပန်းစေဘဲ စိတ်ရောကိုယ်ပါကျန်းမာစေပြီး အရွယ်သုံးပါးမရွေးအထူးသင့်လျော်သည့် ကိုယ်လက်လှုပ်ရှားအားကစားနည်းဖြစ်ပြီး အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းဖြစ်၍ များစွာသောကျန်းမာရေးအကျိုးကျေးဇူးကို ရနိုင်သည်။

ခပ်သွက်သွက်လမ်းလျှောက်ခြင်းသည် လေကိုသာမန်ထက်ပိုမိုရှူရှိုက်ရသောကြောင့် အဆုတ်၏လုပ်ဆောင်ချက်များကိုအားကောင်းလာစေသည့်အပြင် စိတ်ထွက်ပေါက်ဖြစ်စေကာစိတ်ဖိစီးမှုများကိုအချိန်တိုအတွင်းပြေပျောက်စေနိုင်သည်။လမ်းလျှောက်ခြင်းကိုပုံမှန်ဆောင်ရွက်ပါက သွေးတိုးနှင့်လေဖြတ်ခြင်းမှကာကွယ်ပေးခြင်း၊ သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေး၍ ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ပေးခြင်း၊ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များကိုအားကောင်းစေပြီးအူမကြီးကင်ဆာ၊ရင်သားကင်ဆာဖြစ်နိုင်ခြေကို ၂၀ရာခိုင်နှုန်းအထိလျှော့ချပေးနိုင်ခြင်း၊ နှလုံးသွေးလည်ပတ်စီးဆင်းမှုကိုကောင်းမွန်စေခြင်း၊ အရိုးပွရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးခြင်း၊ မျက်စိကြည်လင်စေခြင်း၊ ဦးနှောက်နှင့်အာရုံကြောအားကောင်းစေခြင်း၊ ကြွက်သားများကိုကျစ်လျစ်စေပြီး အဆီပိုများဖယ်ရှားကာအဝလွန်ခြင်းမှကာကွယ်ပေးနိုင်ခြင်း၊ ကျန်းမာနုပျိုစေခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိနိုင်ပေသည်။

လမ်းလျှောက်ခြင်းဖြင့် ကောင်းကျိုးများရရှိနိုင်သည့်အပြင် ဆိုးကျိုးများရှိနိုင်သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ လွန်ကဲစွာလမ်းလျှောက်ခြင်းသည် ခန္ဓာကိုယ်မှအဆီများကို လောင်ကျွမ်းစေခြင်းထက် ဒူး၊ ခါးနှင့် ခြေချင်းဝတ်များကို ထိခိုက်စေတတ်သည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ မှ ပေါင် ၁၃၀ ထိ ရှိပါက ၄၅ မိနစ်၊ ပေါင် ၁၄၀ ထိ ရှိပါက ၄၂ မိနစ်၊ ပေါင် ၁၅၀ ထိ ရှိပါက မိနစ် ၄၀၊ ပေါင် ၁၆၀ ထိရှိပါက ၃၈ မိနစ်၊ ပေါင် ၁၇၀ ထိ ရှိပါက ၃၂ မိနစ်၊ ပေါင် ၁၈၀ ထိ ရှိပါက မိနစ် ၃၀၊ ပေါင် ၁၉၀ နှင့်အထက်ရှိပါက ၂၅ မိနစ် သာ မရပ်မနားလျှောက်သင့်သည်။

လမ်းလျှောက်ခြင်းသည် အလွယ်တကူပြုလုပ်နိုင်သော ပေါ့ပေါ့ပါးပါးလေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ လမ်းလျှောက်ခြင်းကို တစ်ဦးချင်းဖြစ်စေ၊ လူစုလူဝေးဖြင့်ဖြစ်စေ ပြုလုပ်နိုင်ပြီး လူစုလူဝေးဖြင့် လမ်းလျှောက်လျှင် မိတ်ဆွေအပေါင်းအသင်းများတိုးပွားလာကာ ပေါင်းသင်းဆက်ဆံရေးစွမ်းရည်များ မြင့်မားလာပြီး မိမိလုပ်ငန်းကိစ္စများတွင် အထောက်အကူများလည်းရရှိနိုင်သည်။

နေ့စဉ်မှန်မှန်လမ်းလျှောက်ခြင်းသည် အချိန်ကုန်၊ ငွေကုန်ကြေးကျနည်းသော အားကစားနည်းတစ်မျိုးဖြစ်သည့်အပြင် မိမိတို့၏ ကျန်းမာရေးစွမ်းအားကို မြှင့်တင်နိုင်သည့် အသက်ရှည်ကျန်းမာနုပျိုစေသောဆေးတစ်ပါးဖြစ်သည်။ ကျန်းမာမှ နေ့စဉ်လုပ်ငန်းကိစ္စများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ရာ သီးသန့်အချိန်ပေးစရာမလိုသော လမ်းမှန်မှန်လျှောက်ခြင်းအလေ့အထကို ပြုလုပ်သင့်သည်။ **"စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့"**ဆိုသည့်အတိုင်း ကျန်းမာရေးအသိဖြင့် ပြုမူနေထိုင်ပါက စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းခြင်းနှင့်အတူ အောင်မြင်မှုအပေါင်းကို ဆွတ်ခူးနိုင်မည်ဖြစ်သည့်အတွက် အသက်ရှည်ရာအနာမဲ့ကြောင်းဆေးတစ်ပါးအဖြစ် လမ်းလျှောက်ခြင်းကို နေ့စဉ်မှန်မှန်မှီဝဲပြုလုပ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးဈေးချိုတော်တွင် ဒီဇင်ဘာလ တတိယပတ်မှစ၍ ကုန်ခြောက်မျိုးစုံနှင့်သစ်သီးမျိုးစုံ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေး ဈေးချိုတော်တွင် ဒီဇင်ဘာလ တတိယပတ်မှစ၍ ကုန်ခြောက်မျိုးစုံနှင့် သစ်သီးမျိုးစုံ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း အဆိုပါဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေး ဈေးချိုတော်သည် ကုန်ခြောက်၊ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်များအပါအဝင် သစ်သီးမျိုးစုံအပြင် အခြားပစ္စည်း အမျိုးမျိုးကို လက်လီ၊လက်ကားဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ အဆိုပါ ဈေးချိုတော်တွင် ယခုလက်ရှိ ကုန်ခြောက်နှင့် သစ်သီးမျိုးစုံ စသည့်ကုန်ပစ္စည်းများ ဒီဇင်ဘာလတတိယပတ်မှစ၍ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခု ဈေးချိုတော်မှာ ကုန်ခြောက်တွေဖြစ်တဲ့ ငါးခြောက်၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ လက်ဖက်၊ ခေါက်ဆွဲခြောက်ထုပ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ ကုလားပဲ စတဲ့ကုန်ခြောက်ပစ္စည်းတွေ တော်တော်လေး ရောင်းအား ကောင်းလာတယ်။ ဒါ့ပြင် သစ်သီးဝလံတွေလဲ ဈေးချိုတော်မှာ အရောင်းအဝယ် ကောင်းမွန်လာပါတယ်" ဟု ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြသည်။

သီးနှံစုံပေါ်သော ဆောင်းရာသီကာလ ဖြစ်သောကြောင့် မန္တလေးဈေးချိုတော်ရှိ သစ်သီးတန်းဘက်တွင် သင်္ဘောသီး၊ ဖရဲသီး၊ စတော်ဘယ်ရီသီး၊ လိမ္မော်သီး၊ မင်းကွတ်သီး၊ စပျစ်သီး၊ ဂရိတ်ဖရုသီး စသည့်သစ်သီးများလည်း ပုံမှန်အတိုင်းအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အလားတူ မန္တလေးဈေးချိုတော်သို့ တရုတ်နိုင်ငံဘက်မှ ဝင်ရောက်လာသည့် အဝတ်အထည်များ၊ ပစ္စည်းများအပါအဝင် အခြားအလှကုန်နှင့် လူသုံးကုန်ပစ္စည်းများလည်း ပုံမှန်အတိုင်း အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခု ဈေးချိုတော်မှာ ကုန်ခြောက်နဲ့သစ်သီးဝလံက ရောင်းအားအကောင်းဆုံး ဖြစ်နေပြီး အဝတ်အထည်၊ လူသုံးကုန်နဲ့အလှကုန်ကတော့ ဒုတိယရောင်းအားအကောင်းဆုံးကုန်စည်တွေပဲ ဖြစ်ပါတယ်။ အခြား စားသောက်ကုန်တွေလဲ အရောင်းအဝယ်ပြန်ပြီး ကောင်းမွန်လာပါတယ်"ဟု ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

(၁၈၄)

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၃၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၃၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၉၆၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ထောပတ်ပဲ ၁၉၆၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၃၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ထောပတ်ပဲကို မိုးမှာထက် ဆောင်းမှာပဲ စိုက်တာများတယ်။ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်။ ထောပတ်ပဲက ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြတာ ဖြစ်ပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံ တောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသလို အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးကြသော တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေးနှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံနှင့် အချိန်မီရိတ်သိမ်းမှု စသည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၉၄၅၄၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ငပုတော ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၉၄၅၄၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၀၄၁၂၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စပါး ၉၄၅၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး ရိတ်သိမ်းခဲ့သည့်စပါးများမှာ တစ်ဧကလျှင် ၁၀၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ စပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စပါးတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေဖြစ်တဲ့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စတဲ့နှီးနွှယ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ စိုက်နည်းစနစ် မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် ဆောင်ရွက်ပေးခဲ့တာကြောင့် ပြန်လည်ရိတ်သိမ်းတဲ့အခါမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းစပါးတွေ ထွက်ရှိနေပါတယ်"ဟု ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော စပါးများ အထွက်နှုန်း ကောင်းမွန်စေရေး၊ တစ်ဧကချင်း အထွက်နှုန်းညီစေရေး၊ ပျက်စီးလေလွင့်မှုမရှိစေရေး၊ စနစ်တကျပြန်လည်ရိတ်သိမ်းနိုင်စေရေးနှင့် ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၁၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် ပျားဆွဲ(န)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် Slab Culvert တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဝမ်းတွင်း ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ ခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျားဆွဲ(န) ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Slab Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်နှင့် တာဝန်ရှိသူများသည် ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ပျားဆွဲ(န)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Slab Culvert တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့် အညီအချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်၊ ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို ရေရှည်ကောင်းမွန်စေရေး ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာ၌ အရှည် ၁ မိုင် ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ မြေသား နှစ်ပေ၊ ချင်းမြေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် အလျား သုံးပေ၊ အနံ ၁၈ ပေ၊ အမြင့် သုံးပေရှိ Slab Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၃၁ ဒသမ ၉၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် Myanmar New Power ကုမ္ပဏီက ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပင်လောင်းမြို့နယ် မြောက်ထီဗွာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပင်လောင်း ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောက်ထီဗွာကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ မြောက်ထီဗွာကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြောက်ထီဗွာကျေးရွာ၌ အရှည်ပေ ၉၀၀၀ ရှိ စိမ့်စမ်းရေ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆပ်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၃၆၈ သန်းအသုံးပြုကာ မြို့နယ်ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းသီးနု ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းသီးနု ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးနုများ အပါအဝင် လယ်ယာထွက်ကုန်များနှင့် ခြံထွက်သီးနှံများကို တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ကွမ်းသီးနု ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ကွမ်းသီးနုပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးနုများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းသည် ကွမ်းသီးနုများကို ပြည်ပဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

''ပြည်ပဈေးကွက်က ကွမ်းသီးနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန် အများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့နေရ တဲ့ကွမ်းသီးနုကတော့ အရည်အသွေးကောင်းဖို့လိုအပ်ပါတယ်။ သန့်ရှင်းဖို့လဲ လိုပါတယ်။ လက်ရှိ ကွမ်းသီးနု ၁၀ ပိဿာလျှင် ငွေကျပ် ၁၀၅၀၀၀ ထိဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဓနုဖြူမြို့နယ်ကနေ ထွက်ရှိတဲ့ ကွမ်းသီးနုတွေကို ပြည်တွင်းဈေးကွက်အပြင် တရုတ်နိုင်ငံဘက်ကပါ ဝယ်ယူမှုတွေရှိပါတယ်''ဟု ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပွင့်ဖြူမြို့နယ် လယ်လှကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်လှကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က လယ်လှကုန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လယ်လှကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို ရန်ပုံငွေကျပ် ၅၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၀၈၄၀ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ရွှေဘို ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၃၀၈၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၁၂၁၄၀၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၃၀၈၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၁ ဒသမ ၄၁ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ စပါး ၁၂၁၄၀၆ ဧကစိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေကို ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၃၀၈၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေရအောင် ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီ ရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



ချစ်နိုင်(စိတ်ပညာ)

# ကျော်ဦး၏မိုးရေ

အတန်းပညာနှင့်ဗဟုသုတအသိပညာနည်းပါးသော လူငယ်တချို့၏ လွဲမှားသောထွက်ပေါက်၏အကျိုးဆက်ကလည်း စိတ်မကောင်းစရာများသာဖြစ်လာမှာဖြစ်၏။ မိမိမွေးရပ်ဇာတိ ဖွံ့ဖြိုးမှုနိမ့်ကျနေခြင်း၏အကြောင်းရင်းများမှာ ရာသီဥတုဖောက်ပြန်မှုကြောင့်သည်လည်း တစ်ချက်ဖြစ်သော်လည်း တစ်ကမ္ဘာလုံးချီ၍ ရင်ဆိုင်နေကြရသောပြဿနာဖြစ်၍မတတ်နိုင်။ လက်မှိုင်ချနေရသည်။ သို့ရာတွင် ရသမျှမိုးရေကို ရေရှားပါးလှသော အခြားနိုင်ငံများ၌ မည်သို့မည်ပုံဖြေရှင်းရင်ဆိုင်ကြရသည်ကို လက်လှမ်းမီသမျှ စိတ်ဝင်တစား ရှာဖွေလေ့လာကြည့်သောအခါ ဆရာကျော်ဦးရေးသော **"ရေကြည် တစ်ပေါက်"**စာအုပ်နှင့် **"မိုးရေလှောင်ကန်"** ဟူသောစာအုပ်နှစ်အုပ်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရက ဤစာအုပ်များ၏ထူးခြားကောင်းမွန်သော ကြီးမားစွာအကျိုးပြုချက်အတွက် ဂုဏ်ပြုချီးမြှင့်သောအနေဖြင့် ထိုစာအုပ်များကို အမျိုးသားစာပေဆုပေးအပ်ခဲ့သည်။ ဆရာဦးကျော်ဦးသည် အမျိုးသားစာပေဆုအကြိမ်ကြိမ်ရသော သုတသိပ္ပံစာကောင်း၊ ပေကောင်း ရေးသားသူစာရေးဆရာကြီးဖြစ်ပါသည်။

**ရေးသူ**

ဆရာဦးကျော်ဦးကို ပါရမီစာပေထုတ်ဝေသူအနေဖြင့် စတင်မြင်တွေ့သိရှိခဲ့ရသည်။ အစိုးရအရာထမ်းလည်း နှစ်အတော်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၇၀ တစ်ဝိုက်မှာ စက်မှုအင်ဂျင်နီယာဘွဲ့ရခဲ့သူဖြစ်ပါသည်။ စာရေးဆရာမ မစန္ဒာ(ဒေါ်ချိုချိုတင်)၊ ဆရာနွမ်ဂျာသိုင်း၊ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ အဆိုတော် ခင်မောင်တိုးစသည်တို့နှင့် ခေတ်ပြိုင်၊ ရွယ်တူ သို့မဟုတ် မရှေးမနှောင်း R.I.T ကျောင်းသား၊ စက်မှုအင်ဂျင်နီယာအရာရှိ နိုင်ငံ့ဝန်ထမ်းဘဝဖြတ်သန်းခဲ့သည့် အပြင် သုတသိပ္ပံဆိုင်ရာ စာကောင်းပေကောင်းများကို စာဖတ်ပရိသတ်အကျိုးရှိရာရှိကြောင်း ကြိုးကြိုးစားစား သုတေသနပြုကာ လေ့လာစုဆောင်း၍ ပြုစုရေးသားတတ်သူပညာရှင်တစ်ဦးဖြစ်ပါသည်။

သူက ပညာထူးချွန်သောအင်ဂျင်နီယာ၊ ဉာဏ်ရည်မြင့်သည်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်ပြင် ရိုးသားဖြောင့်မတ်၍ စိတ်ကောင်းရှိသူလည်းဖြစ်သဖြင့် ဆရာကြီး ဒါရိုက်တာအကယ်ဒမီများရှင် ဦးသုခက သူ့ဘဝသူ့အတ္ထုပ္ပတ္တိကို ဦးကျော်ဦးအားပြောပြ၍ ရေးခွင့်ပြုခြင်း (ရွေးချယ်အားကိုးယုံကြည်)ခံရသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ သုတစာပေများဖြင့် ထင်ရှားအောင်မြင်သော ဆရာအင်ဂျင်နီယာ ဦးကျော်ဦးအား အနုပညာရှင်ကြီး **"ဦးသုခ၏ပုံရိပ်လွှာ"**ကို မည်သို့ခြယ်မှုန်းသရုပ်ဖော်သနည်း၊ အလွန်စိတ်ဝင်စားစရာကောင်းပါသည်။ စာရေးကောင်းသူတစ်ဦးဖြစ်ပါသော်လည်း နိုင်ငံကျော်ဝတ္ထုရေးဆရာ၊ စာရေးဆရာ၊ အဆိုတော်၊ တေးပြုစာဆို၊ ရုပ်ရှင်သရုပ်ဆောင်၊ ရုပ်ရှင်ဒါရိုက်တာ(အကယ်ဒမီဆု ၅ဆုရှင်) အနုပညာရှင်ကြီး ဦးသုခ၏ရုပ်ပုံလွှာကို ဖော်ပြသောစာအုပ်မှာ စာရေးသူမိမိက စာပေဆုတစ်ခုခု များရလေမည်လား ထင်မှတ်ထားခဲ့သော်လည်း အကဲဖြတ်အဖွဲ့က သူ့ထက်ပိုကောင်းသောစာအုပ်ကို တွေ့ခဲ့လေသလားမသိပါ။ အမျိုးသားစာပေဆုတော့ မိမိထင်သလိုမရရှာပေ။ အချိန်ယူ၍ ကြိုးကြိုးစားစား အနီးမြင်အဝေးမြင်၊ ဘက်ပေါင်းစုံပေါ်လွင်အောင် ပြုစုထားသော်လည်း စာပေဆုနှင့်လွဲသဖြင့် စာဖတ်ဝါသနာပါသော စာသမားတစ်ဦးအနေဖြင့် စိတ်မကောင်းပါ။

**လက်ရာသန့်**

ဆရာဦးကျော်ဦး ရေးသမျှစာအုပ်ကတော့ သိသိသာသာ ထူးထူးခြားခြား လက်ရာသန့်ပါသည်။ စာရေးခြင်းဆိုသည်မှာ စိတ်ကိုဖော်ပြရသောအတတ်ပညာတစ်ရပ်ဖြစ်သဖြင့် သူ၏ဖြူစင်ဖြောင့်မတ်မှန်ကန်သော စိတ်နေသဘောထားနှင့် ဆင်းရဲဒုက္ခခံစားနေရသူများအတွက် စာနာထောက်ထားကူညီကယ်ဆယ်ရန် ရေအခက်အခဲ၊ ရာသီဥတုဒဏ်ကို ခုခံကာကွယ်တွန်းလှန်နိုင်ရန် နည်းကောင်းလမ်းကောင်းများ ရှာဖွေစုဆောင်းတင်ပြခြင်းတွင် သိသာပေါ်လွင်လှပါသည်။ မိမိက စာရေးသူ၊ စာဖတ်သူ၊ သူကလည်းစာရေးသူ၊ စာပေထုတ်ဝေသူဖြစ်ကြသဖြင့် အပြန်အလှန် လေးစားခင်မင်ကြပါသည်။ စာချင်းကိုအကြောင်းပြုကာ လူချင်းမိတ်ဆွေရင်းချာ မိတ်ကောင်းဆွေကောင်းဖြစ်ခဲ့ကြပါသည်။ မစန္ဒာ၊ နွမ်ဂျာသိုင်းတို့နှင့် စာပေဟောပြောပွဲခရီးအတူသွားကြခြင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် လစဉ်ဆုံတွေ့ခြင်းမျိုးမရှိခဲ့သော်လည်း သူ့လက်ရာ စာကောင်းပေမွန်များကိုဖတ်၍ ချီးမွမ်းအားကျရသော ပုဂ္ဂိုလ်ဖြစ်ပါ၏။

၂၀၁၆ ခုနှစ်က ထုတ်ဝေခဲ့ပြီး ထိုနှစ်က အမျိုးသားစာပေဆု၊ နိုင်ငံတော်က ရွေးချယ်ချီးမြှင့်ခံခဲ့ရသော ဆရာ ဦးကျော်ဦး၏ **"မိုးရေလှောင်ကန်"**နာမည်ကျော်စာအုပ်သည် စာဖတ်ပရိသတ်၏အားပေးဖတ်ရှုခြင်းလည်းရရှိကာ စတုတ္ထအကြိမ် (၂၀၂၀) အထိ ထပ်မံပုံနှိပ်ထုတ်ဝေခဲ့ရကြောင်းလည်း တွေ့ရပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ထပ်မံပုံနှိပ်ရခြင်းလည်းရှိကောင်းရှိနိုင်ပါသေးသည်။ စာရေးသူ သတိမပြုမိခဲ့ခြင်းရှိနိုင်ပါ၏။ စာဖတ်သူများကတော့ သိကြမည်။ မိုးရေလှောင်ကန်စာအုပ်သည် အစိုးရဝန်ထမ်းဌာနဆိုင်ရာ၊ ဒေသဆိုင်ရာလူကြီးများ မဖြစ်မနေဖတ်ရှုလေ့လာထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် သာမန်အရပ်သား ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမ၊ အလုပ်သမား၊ တောင်သူလယ်သမားအားလုံးလည်း (ရေနှင့်မကင်းနိုင်ကြသူတိုင်း) သိထားသင့်သော ဗဟုသုတစာအုပ်တစ်အုပ်ဖြစ်ပေသည်။ ဤစာအုပ်တွင် (၁၁) ခန်းပြုစု ပါဝင်ပါသည်၊ တရုတ်၊ ထိုင်း၊ စင်ကာပူနိုင်ငံများအကြောင်းကိုလည်း ဗဟုသုတယူစရာများစွာ တွေ့ရသည်။

**❖ပူလာလျှင်ရေရှားပြီး မိုးများလျှင်ရေလျှံသောဖြစ်စဉ်ကို ယခင်က နေရာကွက်ကျား ကာလခြား၍ တွေ့ကြုံခဲ့ရသော်လည်း ယခုအခါ ဒေသပြန့်ကား အချိန်မခြားလှတော့ဘဲ သတင်းများတွင် မြင်တွေ့ကြားသိနေ ကိုယ်တွေ့ကြုံလာနေကြရသည်။ ခြောက်သွေ့ဒေသများတွင် ရေရှားပြီး မိုးကောင်းသောနေရာများတွင် ရေလျှံခြင်းဟူသော ဖြစ်နေကျအခြေအနေမှကျော်လွန်ကာ မိုးနည်းရပ်ဝန်းအချို့၌လည်း ရေကြီးလာပြီး မိုးများသောမြို့ရွာများတွင် ရေရှားလာခြင်းသည် လူသားတို့ကို မိမိတို့အသက်သခင်ရေနှင့်ပတ်သက်၍ သွေးအေးမနေကြရန် သတိပေးခေါင်းလောင်းထိုးခြင်းပင်ဖြစ်သည်။ ❖**

မာတိကာ


၁။ ရေဘက်ဆိုင်ရာနိုဘယ်ဆုရှင်
၂။ အရေးပါသလောက် နေရာမရသေးသည့်မိုးရေ
၃။ ပျက်ယွင်းရေသံသရာနှင့်မိုးရေ
၄။ ဟိုတောင်ဆီမှာ ပြိုသည့်မိုး
၅။ မြေလျှိုးမိုးရေ
၆။ မိုးကျရေချို
၇။ အထက်ဆန်သည့်ရေ
၈။ ရေကြီးရေလျှံ ရေကန်ဖြင့်ထိန်း
၉။ စင်ကာပူမှာ ရွာသည့်မိုး
၁၀။ တရုတ်ပြည်မှာ ရွာသည့်မိုး
၁၁။ မြန်မာပြည်မှာ ရွာသည့်မိုး
မှီငြမ်းကိုးကားစာအုပ်များ


အမျိုးသားစာပေဆုရ ဆရာဦးကျော်ဦး၏ မိုးရေလှောင်ကန်စာအုပ်အမှာစာကို ဖော်ပြပါမည်။

**အမှာစာ**


ပူလာလျှင်ရေရှားပြီး မိုးများလျှင်ရေလျှံသောဖြစ်စဉ်ကို ယခင်က နေရာကွက်ကျား ကာလခြား၍ တွေ့ကြုံခဲ့ရသော်လည်း ယခုအခါ ဒေသပြန့်ကား အချိန်မခြားလှတော့ဘဲ သတင်းများတွင် မြင်တွေ့ကြားသိနေ ကိုယ်တွေ့ကြုံလာနေကြရသည်။ ခြောက်သွေ့ဒေသများတွင် ရေရှားပြီး မိုးကောင်းသောနေရာများတွင် ရေလျှံခြင်းဟူသော ဖြစ်နေကျအခြေအနေမှ ကျော်လွန်ကာ မိုးနည်းရပ်ဝန်းအချို့၌လည်း ရေကြီးလာပြီး မိုးများသောမြို့ရွာများတွင် ရေရှားလာခြင်းသည် လူသားတို့ကို မိမိတို့အသက်သခင် ရေနှင့်ပတ်သက်၍ သွေးအေးမနေကြရန် သတိပေးခေါင်းလောင်းထိုးခြင်းပင်ဖြစ်သည်။

ခေါင်းလောင်းသံအမျိုးမျိုးရှိရာ မီးလန့်၍ထိုးသော ခေါင်းလောင်းသံသည် အန္တရာယ်အချက်ပြခြင်းဖြစ်ကာ 'ရွာကျောင်းကခေါင်းလောင်းသံသည် ပညာဖြန့်ဝေသုတတိုးစေမည့်လှို့ဆော်သံ'ဟုဆိုရသည်။ ကျွန်တော်သည် ရေကောင်းရေသန့် စိုးရိမ်စရာကောင်းလောက်အောင် ရှားပါးလာသည့်အကြောင်းကို 'ရေကြည်တစ်ပေါက်' စာအုပ်ဖြင့် ရေးသားတင်ပြခဲ့သည်။ အန္တရာယ်အချက်ပေး ခေါင်းလောင်းသံပင်ဖြစ်သည်။ ယခု 'မိုးရေလှောင်ကန်' စာအုပ်ကိုမူ 'ရွာ ကျောင်းက ခေါင်းလောင်းသံ'ဟု တင်စားလိုသည်။

ရွာကျောင်းကထိုးလိုက်သော ခေါင်းလောင်းသံသည် ကစားကွင်းထဲ၌ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်စွာ ဆော့ကစားနေသော ကျောင်းသား၊ ကျောင်းသူတို့အား သိသင့်သိထိုက်သောစာပေဗဟုသုတတို့ကို လာရောက်နားထောင်ရန်လှို့ဆော်သည်။ 'မိုးရေလှောင်ကန်'သည် ရေပြဿနာကို တစ်စိတ်တစ်ပိုင်းဖြေရှင်းပေးနိုင်သည့် လက်လှမ်းမီသောနည်းလမ်းများအဆင်သင့်ရှိနေသည်။ စနစ်တကျလေ့လာကျင့်သုံးလာရန် လိုအပ်သည်ဆိုသည့်သတင်းစကားကို ထပ်ဆင့်တင်ပြသည်။

ရေဖူလုံရေးအတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံအသီးသီး၌ လက်တွေ့အောင်မြင်စွာကျင့်သုံးနေသော်ငြား မြန်မာနိုင်ငံတွင်မတွေ့ရသေး၊ သို့မဟုတ် အတွေ့ရနည်းသေးသောနည်းစနစ်များကိုအောင်မြင်စွာ ဖော်ဆောင်ကျင့်သုံးနိုင်ကြပါစေခြင်းအကျိုးငှာ နိုင်ငံ၏မူဝါဒကိုချမှတ်သူ၊ အကောင်အထည်ဖော်နေသူများ၊ လူမှုအဖွဲ့အစည်းများ၊ ရပ်ကွက်ကျေးရွာအဆင့် ပြည်သူများအထိ သိရှိစေချင်၍ ဤစာအုပ်ကို ကြိုးစားရေးသားထုတ်ဝေခြင်းဖြစ်သည်။ ရေးသားရာ၌ အသေးမစိတ်လွန်းဘဲ မိုးရေကို ဤပုံဤနည်းဖြင့် ရယူအသုံးချနိုင်သည်၊ အခြားအခြားသောဒေသတို့တွင် ဤသို့ဤနှယ် အောင်မြင်စွာလုပ်ဆောင်နေကြသည်တို့ကို သာဓကများ၊ ဓာတ်ပုံ၊ သရုပ်ဖော်ပုံများဖြင့် သိုက်သိုက်ဝန်းဝန်း တင်ပြထားပါသည်။

ကျော်ဦး




**နိဒါန်း**

မိုးကုန်ခဲ့ပြီ။ ဆောင်းဦးပေါက်ရာသီသို့ရောက်ခဲ့ပေပြီ။ ဆောင်းရာသီနှင့် နွေရာသီရောက်သောအခါ မြန်မာပြည်အလယ်ပိုင်း မြေပြန့်ဒေသတချို့တွင် မြစ်ရေ၊ ချောင်းရေနီးစပ်သောမြို့ရွာတချို့မှအပ သောက်ရေအခက်အခဲရှိတတ်ကြလေသည်။ ရှေးရှေးသော ခေတ်ကာလနှင့်နှိုင်းစာလျှင် မြေအောက်ရေ အဝီစိတွင်းများကို တူးဖော်အသုံးပြုလာနိုင်သဖြင့် ဆိုးဆိုးရွားရွား ရေရှားပါးခက်ခဲခြင်းမျိုးတော့မရှိလှဟု ဆိုကောင်းဆိုနိုင်သော်လည်း များစွာသောကျေးလက်တောရွာတို့တွင် ရေအခက်အခဲကတော့ ရှိနေဆဲ၊ ရှိမြဲပင်။

ရေရှားပါးခြင်းအခက်အခဲကို တစ်နှစ်လျှင် မိုးရေချိန် ၁၂ လက်မမှ ၁၇ လက်မလောက်မျှသာ ရွာသွန်းတတ်သောမြေလတ်ဒေသ၊ မကွေးတိုင်းဒေသကြီး ချောက်ရေနံမြေဇာတိဖြစ်သည့် မိမိအတွက် ပတ်ဝန်းကျင်မှာ အမြဲတစေမြင်တွေ့နေရသဖြင့် မိုးခေါင်ခြင်း၊ ရေရှားခြင်း၏ခါးသီးသောလူမှုဒုက္ခများကို ကောင်းစွာနားလည်ခဲ့ပါသည်။ အရေပြားဆိုင်ရာရောဂါခံစားကြရသည်။ မျက်စိဆိုင်ရာရောဂါဝေဒနာအမျိုးမျိုးကြုံတွေ့ကြရသည်။ အပူပြင်းလွန်းသောနေရောင်၊ ဖုန်မှုန့်၊ သဲမှုန့်ပေါများသော ယာတော၊ ထန်းတော၊ ရေအသုံးပြုရန်ချွေတာရလွန်းသောအခြေအနေကြောင့် မျက်စိကွယ်ရသူတွေများပြားသည်။ မျက်စိရောဂါနည်းပါးပပျောက်ရေးအတွက် ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာသုတေသနတွေ့ရှိချက်များအရ အခြားသောပြည်နယ်နှင့်တိုင်းဒေသကြီးရှိလူများထက် မကွေးတိုင်းဒေသကြီး၌နေထိုင်သူလူဦးရေတွင် မျက်ခမ်းစပ်ရောဂါ၊ တိမ်ရောဂါ၊ အတွင်းတိမ်၊ ရေတိမ်၊ မျက်စိမှုန်ခြင်း၊ မျက်စိကန်းခြင်း၊ မျက်စိဆိုင်ရာရောဂါများ အလွန်တရာ သာလွန်များပြားကြောင်းကို တွေ့ရှိခဲ့ကြပြီးဖြစ်သည်။ ကိုယ့်မွေးရပ်ဇာတိတွင် ကျန်းမာရေးချို့တဲ့သူဦးရေများသည်။ မျက်စိမမြင်သူလည်း ဦးရေများသည်။ အဓိကမှာ ရေရှားခြင်းအကြောင်းရင်းနှင့် ဆင်းရဲနွမ်းပါးကြခြင်းပေတည်း။ တစ်ဦးချင်းဝင်ငွေနှင့် မိသားစုဝင်ငွေအနိမ့်ဆုံးတိုင်းဒေသကြီးဖြစ်နေပါ၏။ အကြောင်းအကျိုးတွေ ရှိပေလိမ့်မည်။

**ပတ်ဝန်းကျင်**

ကျန်းမာရေးအဆင့်ကနိမ့်ကျ၊ စီးပွားအခြေအနေက မကောင်းကြ။ ထိုအချက်များ၏အကျိုးဆက်ရိုက်ခတ်ခြင်းများအနက် လူငယ်လူရွယ်တချို့၏ အမြော်အမြင် အသိအဆင်ခြင် ခေါင်းပါးခြင်းလည်း ပါဝင်သည်။ အသက်မွေးဝမ်းကျောင်းအတတ်ပညာဖြစ်ဖြစ်မြောက်မြောက် မတတ်မြောက်ဘဲ နိုင်ငံခြားသို့ အောက်ခြေအထွေထွေလုပ်သားအနေနှင့်သွား၍ လုပ်ကိုင်ကြရသည်။ ပညာမတတ်သဖြင့် ရသမျှလုပ်အားခသည် သူတစ်ပါးလှည့်စားခေါင်းပုံဖြတ်သဖြင့် စာကလေးအမြီးကနုတ်၊ ခေါင်းကနုတ်ဆိုသကဲ့သို့ ထိုက်သင့်သလောက် မရရှာပေ။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အိမ်မဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၈၂ ကေထိ စိုက်ပျိုးပြီးစီး



မြောင်းမြ ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၁၀၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၅၀၈၆ ဧကကို နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၀၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ စပါးစုစုပေါင်း ၇၅၀၈၆ ကေထိ လျာထားစိုက်ပျိုးနေပါတယ်။ ဒီနေ့ထိ စပါး ၁၀၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးတွေ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပေါင်းစပ်ဆောင်ရွက်နေပါတယ်။ ဒီလိုပေါင်းစပ်ဆောင်ရွက်ခဲ့လို့ အခုလို အခက်အခဲမရှိ စနစ်တကျ အဆင်ပြေပြေ စိုက်ပျိုးနိုင်တာပါ။ ဒါ့ပြင် စိုက်ပျိုးထားတဲ့စပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေနဲ့ ရိတ်သိမ်းရေးလုပ်ငန်းတွေကို ပေါင်းစပ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ်၌ ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11 GW-1၊ မနောသုခ၊ ဆင်းသုခ၊ နှံကား၊ မြီးတုံး စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် စပါးများအထွက်နှုန်းကောင်းမွန်စေရေး၊ အပျက်အစီးအလေအလွင့်မရှိစေရေး၊ တစ်ကေချင်း စပါးအထွက်နှုန်းညီစေရေး၊ စပါးအရည်အသွေးကောင်းစေရေး၊ စနစ်တကျပြန်လည်ရိတ်သိမ်းနိုင်ရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

**နမူနာ**

မိုးရေလှောင်ကန်စာအုပ်ထဲမှ **"မိုးကျရေချို"** အခန်းမှ စာပိုဒ်လေးပိုဒ်ကို စာဖတ်သူအား နမူနာမျှကူးယူဖော်ပြပါရစေ။ အိမ်နီးနားချင်း ထိုင်းနိုင်ငံက ဘာကြောင့် လူနေမှုဘဝအဆင့်အတန်း နှစ်ပေါင်း ၃၀ လောက် မိမိတို့ထက် ပိုမိုတိုးတက်အဆင်ပြေသွားရသလဲ အဖြေစဉ်းစားနိုင်အောင် ဖတ်ကြည့်နိုင်ပါသည်။

**ထိုင်းနိုင်ငံရှိ မိုးရေလှောင်ကန်များ**

သောက်ရေကန်များကို လေးထောင့်ပုံ၊ အဝိုင်းပုံ စသည်ဖြင့်အမျိုးမျိုး ဆောက်လုပ်ကြသည့်အနက် ထိုင်းနိုင်ငံရှိ မိုးရေလှောင်ကန်များသည် ပုံသဏ္ဌာန် ထူးခြားသည်သာမက အောင်မြင်မှုလည်း ထူးခြားစွာရရှိသည်။

ထိုင်းနိုင်ငံအစိုးရသည် မိုးရေအသုံးချရာတွင် အစဉ်အလာရှိပြီးသော ထိုင်းလူမျိုးတို့ကို ယခင်ကထက် ပိုမိုကျယ်ပြန့်စွာနှင့် စနစ်ကျစွာသုံးကြရန် အစီအမံတစ်ခုကို ၁၉၈၀ ခုနှစ်က စတင်ခဲ့သည်။ ယင်းအစီအမံအရ ထိုင်းအစိုးရက 'ရာဝင်အိုး'ကြီးများပုံစံရှိသော မိုးရေလှောင်ကန်တည်ဆောက်နည်းသင်တန်းများကို ကြီးမှူးဖွင့်လှစ်ပို့ချရာ တစ်ရွာလျှင် သင်တန်းသားနှစ်ဦးစီစေလွှတ်သင်ယူကာ ရွာပြန်အရောက်တွင် ကျန်ရွာသားများကို ဆင့်ပွားသင်တန်းများပို့ချခြင်းဖြင့် ကိုယ်တိုင်တည်ဆောက်ထိန်းသိမ်းတတ်စေသည်။ အရွယ်အစားငယ်သော ရေအိုးများသည် မြေအိုးများဖြစ်ကာ အိုးကြီးများ သို့မဟုတ် ကန်များကို "ဖယ်ရို စီးမင်း"ဖြင့်လုပ်သည်။ 'သံကူအခွံပါးကွန်ကရစ်'ဟုခေါ်နိုင်သည့် ယင်းနည်းပညာသည် ဘိလပ်မြေနှင့် သဲကိုအချိုးကျရောစပ်ပြီး အားဖြည့်သံဆန်ကာကွက်နှင့် သံချောင်းများကိုငုံ၍ အိုး၊ ကန် စသည်တို့လုပ်သောနည်းပညာဖြစ်သည်။ မိုးရေလှောင်ကန်ထားရှိလိုသည့် အိမ်ထောင်စုများအတွက် ကုန်ကျစရိတ်၏ သုံးပုံနှစ်ပုံခန့်ကို အစိုးရက ထုတ်ပေးသည်။

အစိုးရကထောက်ပံ့အားပေးသည့်အပြင် အဖွဲ့အစည်းများ တက္ကသိုလ်များက ရွာတိုင်း၊ မြို့တိုင်းတွင် မိုးရေလှောင်ကန်များ သုံးကြရန်လှုံ့ဆော်ကြသည်။ တတ်နိုင်သူတို့က အလှူငွေများထည့်ဝင်ကြသည်။ တစ်ဦးချင်း မိသားစုအလိုက် ရပ်ရွာအလိုက် စိတ်အားတက်ကြွစွာပါဝင်ကြသဖြင့် ကိုယ်တိုင်လုပ်မိုးရေလှောင်ကန်များအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ ရေကန်များကို ထုတ်လုပ်ရောင်းချသည်။ အသုံးများကာ အရောင်းတွင်သဖြင့် အရေအတွက်အမြောက်အမြားထုတ်နိုင်၍ ဈေးနှုန်းသင့်တင့်စွာရောင်းချနိုင်ခြင်းက ရေကန်ကိုပို၍သုံးကြရန် တွန်းအားတစ်ခုဖြစ်သွားသည်။ အစိုးရက ထပ်ဆင့်အားပေးသည့်အနေဖြင့် အိမ်ထောင်စုအားလုံး မိုးရေလှောင်ကန်တည်ဆောက်အသုံးပြုသောပြည်နယ်များကို 'ရွှေရေကန်ဆု' ချီးမြှင့်သည်။

ထိုင်းနိုင်ငံ မိုးရေလှောင်ကန်အသုံးချရေးအစီအစဉ်သည် ကမ္ဘာပေါ်တွင် မိုးရေလှောင်ကန်အများဆုံးသုံးသောနိုင်ငံအဖြစ် အသိအမှတ်ပြုခံရသည့်အထိ အောင်မြင်မှုရခဲ့သည်။ ၁၉၈၂ ခုနှစ်နှင့် ၁၉၉၂ ခုနှစ်အတွင်း မိုးရေလှောင်ကန်လုံးရေ ရှစ်သန်းတည်ဆောက်ခဲ့ရာ ၁၉၈၆ ခုနှစ် တစ်နှစ်တည်းတွင်ပင် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း၊ ပြည်နယ်များတွင် ရေကန်လုံးရေ နှစ်သန်းနီးပါး ထုတ်လုပ်ရောင်းချခဲ့ရသည်။ နောက်ပိုင်းတွင် ဂါလန် ၂၀၀ မှ ဂါလန် ၄၀၀ အထိ ဆန့်သောကန်ပေါင်း ဆယ်သန်းခန့်ရှိလာသည်။ အသုံးအများဆုံးမှာ ဘတ်ငွေ ၇၅၀ ကုန်ကျသည့်ဂါလန် ၄၀၀ ဆန့်ကန်များဖြစ်သည်။

**နိဂုံး**

တိုင်းပြည်နှင့်လူမျိုးကို အမှန်တကယ်တိုးတက်ဖွံ့ဖြိုးစေလိုသည်ဆိုပါက ဤကဲ့သို့ လက်တွေ့ထိရောက်အကျိုးရှိသော သုတစာအုပ်မျိုးကို သိရှိကြအောင် စာကြည့်တိုက်လှူပ်ရှားသူများက စာဖတ်ဝိုင်းဖြင့်မျှဝေသင့်ကြသည်။ အစိုးရနှင့်ပြည်သူသာ အသိအမြင်ကျယ်စွာ လုပ်ဆောင် အကောင်အထည်ဖော်လိုက်ပါက သူများနိုင်ငံများထက် မိမိတို့က နောက်ကျမကျန်ရစ်ဘဲ အခက်အခဲများကိုကျော်လွှားလွန်မြောက်ကာ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားခြင်း၊ ကျန်းမာရေး၊ ပညာရေးမှအစ လူမှုဘဝသာယာတိုးတက်ခြင်းတို့(အိမ်နီးနားချင်း) အခြားနိုင်ငံများနည်းတူ အလွယ်တကူအောင်မြင်ကြမည်မလွဲပါ။

## နတ်ဘုံတမျှ လှပဝေဆာပန်းကမ္ဘာ

- လောကကြီးကို လှပြီးလှအောင်
  စွမ်းဆောင်နိုင်စွမ်း ပန်းအလှစုံ
  နတ်ဘုံတမျှ သင်းမြကြူမွှေး
  နတ်ရေးပန်းချီ ဘယ်မှာမီလိမ့်။

- ရာသီကာလ ချမ်းမြမြဝယ်
  တွေ့ရနှစ်ကိုယ် အမူပိုနှင့်
  ပန်းလိုအလှ လှစ်ဟာလို့ပြော
  သဘောကြည်ဖြူ အတူလျှောက်လှမ်း
  ပန်းခင်းလမ်းဝယ် ချစ်ရေးကြွယ်ခဲ့။

- လွမ်းဖွယ်ဇာတ်လမ်း မရှိတမ်းမို့
  မျှော်မှန်းဘဝင် မထင်စိတ်ဝမ်း
  လွန်အေးချမ်းသည် ရွှင်လန်းရင်မှာ
  ရှိရပါ၏။

- ပန်း၏သဘော နုသောအလှ
  ပန်ရစေကြောင်း ကိုယ်ဆုတောင်းမိ
  မပြောင်းမလဲ စိတ်မှာစွဲလျက်
  မပျက်သစ္စာ ဒေလီယာသဖွယ်
  စဉ်သာမွှေးမြ လှစေချင်သည်
  အို ပန်းသခင်။

- ကြက်မောက်သစ္စာ ဖြူနီပြာတို့
  မခို့တရို့အသွင် လှမျိုးဆင်သည်
  နှင်းဆီဒေါန သော်ကခတ္တာ
  ဒေလီယာနှင့် စုံစွာပန်းမျိုး
  စဉ်မညှိုးဘဲ အဖိုးထိုက်တန်
  ရှိသည့်ဟန်ကို စစ်မှန်သဘော
  စောကြောဝေဖန် မခံရစေ
  ဖြစ်စေချင်သည် သခင်ပန်းမျိုး
  ဘယ်မညှိုး။ ။

(ပြင်ဦးလွင်ပန်းပွဲတော်သို့ မျှော်ရည်မှန်းလျက်)

**ဘိုမျိုး(ရွှေဘို)**

## နိုင်ငံတကာ သတင်းများ

# ရုရှားနိုင်ငံ ကမ်ချက်ကာဒေသ၌ ပျောက်ဆုံးနေသည့် လေယာဉ်နှင့် လူသုံးဦးကို အသက်ရှင်လျက်ပြန်လည်တွေ့ရှိ




**မော်စကို ဒီဇင်ဘာ ၂၂**

ရုရှားနိုင်ငံ ကမ်ချက်ကာ ကျွန်းဆွယ်ဒေသ တစ်နေရာ၌ အရေးပေါ် ဆင်းသက်ခဲ့ရသော လေယာဉ်တစ်စင်းဖြင့် လိုက်ပါသွားသူသုံးဦးစလုံးကို ယနေ့တွင် အသက်ရှင်လျက်ပြန်လည်တွေ့ရှိခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သုံးရက်ကြာရှာဖွေရေးလုပ်ငန်းများပြုလုပ်ခဲ့ပြီးနောက် ပျောက်ဆုံးနေသည့်လေယာဉ်နှင့် လိုက်ပါသွားသူများကို ရှာဖွေရေးရဟတ်ယာဉ်တစ်စင်းက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

လူသုံးဦးလိုက်ပါလာပြီး ကုန်ပစ္စည်းများသယ်ဆောင်ထားသည့် အေအင်န်-၂ အမျိုးအစားအဆိုပါလေယာဉ်သည် ဒီဇင်ဘာ ၂၀ ရက်တွင် ကမ်ချက်ကာကျွန်းဆွယ် ဆီးနှင်းပြင်ပေါ်သို့ အရေးပေါ်ဆင်းသက်ခဲ့သည်။

ပျံသန်းနေစဉ် လေယာဉ်ကိုယ်ထည်ပေါ်မှ ရေခဲများစုဖွဲ့လာခဲ့ပြီး ပျံသန်းမှုအရှိန်ပျောက်ကွယ်ခဲ့သောကြောင့်အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

လေယာဉ်အရေးပေါ်ဆင်းသက်ခဲ့ရပြီးနောက် လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦးတို့သည် နှင်းတောထဲ၌ တွင်းတူး၍ အအေးဒဏ်ကို အန်တုခဲ့ရသည်။

အရေးပေါ် ဆင်းသက်ခဲ့ရချိန်တွင် လေယာဉ်ပေါ်၌ စားနပ်ရိက္ခာအနည်းငယ်သာ ပါဝင်ခဲ့ကြောင်း လိုက်ပါလာသူတစ်ဦးက ပြောကြားထားသည်။

Ref : RT

Trs : KKO

# တရုတ်ကုန်တင်သင်္ဘော ယီပင်-၃ ဒိန်းမတ်ရေလမ်းကြောင်းထဲမှထွက်ခွာ

**စတော့ဟုမ်း ဒီဇင်ဘာ ၂၂**

ဘော်လ်တစ် ပင်လယ်ဒေသ ရေအောက်ဆက်သွယ်ရေး ကေဘယ်ကြိုးလိုင်းများ ပျက်စီးမှုပြဿနာတွင် ပါဝင်ပတ်သက်နေသည့် တရုတ်ကုန်တင်သင်္ဘောသည် ဒီဇင်ဘာ ၂၁ ရက်တွင် မူလခရီးစဉ်အတိုင်း ပြန်လည်စတင်ထွက်ခွာသွားပြီဖြစ်သည်။

ယီပင်-၃ အမည်ရှိ အဆိုပါ တရုတ် ကုန်တင်သင်္ဘောသည် ဒိန်းမတ်နိုင်ငံ ရေလမ်းကြောင်းအတွင်း တစ်လကျော်ကြာ ကျောက်ချရပ်နားထားပြီးနောက် အီဂျစ်နိုင်ငံ ပို့ဆက်ဆိပ်ကမ်းသို့ စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း ဆွီဒင်ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

ပင်လယ်ရေအောက် ဆက်သွယ်ရေး ကေဘယ်ကြိုးလိုင်း ပျက်စီးမှုပြဿနာနှင့်ပတ်သက်၍ ယီပင်-၃ သင်္ဘောပေါ်သို့ ဂျာမနီ၊ ဆွီဒင်၊ ဖင်လန်နှင့် ဒိန်းမတ်ကိုယ်စားလှယ်များ တက်ရောက်စစ်ဆေးနိုင်ရန် တရုတ်အစိုးရက ဒီဇင်ဘာ ၂၀ ရက်တွင် ခွင့်ပြုချက်ပေးခဲ့သည်။

ဘော်လ်တစ် ပင်လယ်ရေအောက်ကေဘယ်ကြိုးလိုင်းများ ပျက်စီးမှုပြဿနာတွင် ယီပင်-၃ သင်္ဘော ပါဝင်ပတ်သက်နေနိုင်ကြောင်း ဂျာမနီ၊ ဖင်လန်၊ ဆွီဒင်နှင့် ဒိန်းမတ်တို့က ယူဆထားသည်။

ယီပင်-၃ သင်္ဘောပေါ်သို့တက်ရောက်စစ်ဆေးရာတွင် ရေအောက်ကေဘယ်ကြိုးလိုင်းများ ပျက်စီးမှုနှင့်ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာတွေ့ထားခြင်း ရှိ၊မရှိ မသိရသေးကြောင်း သိရသည်။

ဘောလ်တစ် ပင်လယ်ရေအောက် ကေဘယ်ကြိုးလိုင်းများသည် နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# ဘရာဇီး၌ ဘတ်စကားနှင့် ကုန်တင်ကားဝင်တိုက်မှု ဖြစ်ပွားခဲ့သောကြောင့် လူ ၃၈ ဦး သေဆုံး

**ဆောပေါလို ဒီဇင်ဘာ ၂၂**

ဘရာဇီးနိုင်ငံ မီးနပ်စ်ဂျီရိုက်စ်ပြည်နယ် အဝေးပြေးလမ်းတစ်လမ်းပေါ်၌ ခရီးသည်အပြည့်တင်ဆောင်ထားသည့် ခရီးသည်တင်ဘတ်စကားတစ်စီးနှင့် ကုန်တင်ကားတစ်စီးတို့ ဒီဇင်ဘာ ၂၁ ရက်တွင်ဝင်တိုက်ခဲ့ရာ လူပေါင်း ၃၈ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့်ဘတ်စကားပေါ်လိုက်ပါလာသူခရီးသည် ၄၅ဦးအနက် ၃၈ ဦးသေဆုံးခဲ့ရပြီး ကျန်ခရီးသည်များဒဏ်ရာရရှိခဲ့ကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒဏ်ရာရရှိထားသူများမှာလည်း အခြေအနေ စိုးရိမ်ရကြောင်း ဘရာဇီး မီဒီယာများ၏အဆိုအရ သိရသည်။

ထို့ပြင် ဒီဇင်ဘာ ၂၁ ရက် ယာဉ်တိုက်မှုတွင် နောက်ဆက်တွဲအဖြစ် သုံးဦးလိုက်ပါလာသော အိမ်စီးမော်တော်ယာဉ်တစ်စီးက ကုန်တင်ယာဉ်နှင့် ထပ်မံဝင်တိုက်ခဲ့သည်။

ယင်းအိမ်စီးကားပေါ်၌ လိုက်ပါလာသူများကို ကယ်ဆယ်ရေးသမားများက ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ဘရာဇီးမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။

ကုန်တင်ကားယာဉ်မောင်းမှာ အခင်းဖြစ်ပွားရာမှ ထွက်ပြေးသွားကြောင်း ယာဉ်တိုက်မှုဖြစ်စဉ်စုံစမ်းစစ်ဆေးမှု ရလဒ်များအရ သိရသည်။

Ref : Xinhua

Trs : KKO



# နိုင်ဂျီးရီးယားနိုင်ငံ၌ လူပြိုမှုများကြောင့် အနည်းဆုံး ၁၃ ဦး သေဆုံး

**အဘူဂျာ ဒီဇင်ဘာ ၂၂**

ဘာသာရေးအသင်းတစ်သင်းက ပေးလှူသည့် လက်ဆောင်ပစ္စည်းများကို ဝိုင်းအုံလုယက်မှုဖြစ်စဉ်များကြောင့် ဒီဇင်ဘာ ၂၁ ရက်က အနည်းဆုံး လူ ၁၃ ဦး သေဆုံးခဲ့ရကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဘူဂျာမြို့၌ ဘာသာရေးအသင်းတစ်သင်းက လက်ဆောင်ပစ္စည်းများပေးဝေနေစဉ်အမျိုးသမီးနှင့် ကလေးအများစုပါဝင်သော လူအုပ်များက ဝိုင်းအုံရယူရန် ကြိုးပမ်းခဲ့ရာ လူပြိုမှုဖြစ်ပွားခဲ့ရပြီး အနည်းဆုံး လူ ၁၀ ဦးသေဆုံး၍ အများအပြား ဒဏ်ရာရခဲ့ကြောင်း သိရသည်။

အလားတူ အနမ်ဘရာပြည်နယ် အိုကီဂျာမြို့တွင်လည်း စေတနာရှင်တစ်ဦးက ဆန်၊ ဆီနှင့် ငွေကြေးများပေးကမ်းစဉ် လူအုပ်ကြီးထိန်းမရဖြစ်ခဲ့မှုကြောင့် လူပြိုမှုဖြစ်ပွားခဲ့ရပြီး သုံးဦးသေဆုံးခဲ့ရကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့ရာတွင် အိုကီဂျာမြို့လူပြိုမှု၌ သေဆုံးသူအရေအတွက်မှာ ၂၀ ထိရှိနိုင်ကြောင်း မျက်မြင်သက်သေများ၏အဆိုအရ သိရသည်။

ဒီဇင်ဘာ ၂၁ ရက် လူပြိုမှုဖြစ်စဉ်နှစ်ရပ်စလုံး၌ သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : RT

Trs : KKO

# အမေရိကန်ရေတပ် တိုက်လေယာဉ်တစ်စင်းကို အမေရိကန်စစ်သင်္ဘော မှားယွင်းပစ်ချ

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

ပင်လယ်နီဒေသ၌ အမေရိကန်ရေတပ် စစ်သင်္ဘောတစ်စီးက အခြား အမေရိကန်ရေတပ်တိုက်လေယာဉ်တစ်စင်းကို ယနေ့နံနက်ပိုင်းတွင် မှားယွင်းပစ်ချမိခဲ့ကြောင်း အမေရိကန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

မှားယွင်း ပစ်ချခံခဲ့ရသည့်လေယာဉ်မှာ ယူအက်စ်အက်စ်ဟာရီထရူးမားလေယာဉ်တင်သင်္ဘောပေါ်မှ ပျံတက်ခဲ့သည့် အက်ဖ်အေ-၁၈ တိုက်လေယာဉ်ဖြစ်ကြောင်း သိရသည်။

မှားယွင်းပစ်ချခဲ့သော စစ်သင်္ဘောမှာ ယူအက်စ်အက်စ်ဂတ်တီဘာ့ဂ်အမည်ရှိ တိုက်သင်္ဘောဖြစ်သည်။

ဂတ်တီဘာ့ဂ် တိုက်သင်္ဘောသည် ပင်လယ်နီဒေသ၌ ယူအက်စ်အက်စ်ဟာရီထရူးမား လေယာဉ်တင်သင်္ဘော၏ အစောင့်လိုက်စစ်သင်္ဘောအဖြစ် တာဝန်ယူထားသော သင်္ဘောဖြစ်သည်။

ဂတ်တီဘာ့ဂ် စစ်သင်္ဘော၏ မှားယွင်းပစ်ချမှုခံခဲ့ရသော်လည်း အက်ဖ်အေ-၁၈ တိုက်လေယာဉ်ပေါ်မှ လေယာဉ်မှူးနှစ်ဦးမှာ ခုန်ထွက်နိုင်ခဲ့သည်။

ပင်လယ်နီဒေသရှိအမေရိကန်စစ်သင်္ဘောများသည် ယီမင်အခြေစိုက် ဟူသီအုပ်စု၏ ပင်လယ်နီရေလမ်းကြောင်းများ တိုက်ခိုက်မှုကို တားဆီးလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Micro GEO ဆက်သွယ်ရေးဂြိုဟ်တုများကို မလွှတ်တင်မီ စက္ကန့်အနည်းငယ်အလိုတွင် လွှတ်တင်ရေးအစီအစဉ် ဖျက်သိမ်းခဲ့ရ



ဝါရှင်တန် ဒီဇင်ဘာ ၂၂

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Micro GEO အမည်ရှိ ဆက်သွယ်ရေး ဂြိုဟ်တုများကို ဒီဇင်ဘာ ၂၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း မလွှတ်တင်မီ စက္ကန့် အနည်းငယ်အလိုတွင် လွှတ်တင်ရေးအစီအစဉ် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ဆန်ဖရန်စစ္စကိုမြို့အခြေစိုက် Astranis အာကာသကုမ္ပဏီ၏ Micro GEO ဆက်သွယ်ရေးဂြိုဟ်တုလေးစင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ၎င်းဂြိုဟ်တုငယ်များကို လွှတ်တင်ရေးအတွက် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ဒုံးအင်ဂျင်များစဖွင့်ပြီး မကြာမီမှာပင် ထုတ်ဖော်ကြေညာခြင်း မရှိသည့် အကြောင်းတရား တစ်ရပ်ကြောင့် လွှတ်တင်ရေးအစီအစဉ် ဖျက်သိမ်းခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီအနေဖြင့် Micro GEO ဆက်သွယ်ရေး ဂြိုဟ်တုများကို လွှတ်တင်ရေးအတွက် ယနေ့တွင် ထပ်မံကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးပါက Micre GEO ဂြိုဟ်တုများသည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်းပေါ်သို့ရောက်ရှိ၍ ဆက်သွယ်ရေးစနစ် ဝန်ဆောင်မှုများ ပြုလုပ်ပေးမည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ကမ္ဘာဂြိုဟ်ကို ဒီဇင်ဘာ ၂၄ ရက်တွင် အရွယ်အစားကြီးမားသော ဂြိုဟ်သိမ်တစ်စင်း ဖြတ်ကျော်ပျံသန်းမည်

ဝါရှင်တန် ဒီဇင်ဘာ ၂၂

ကမ္ဘာဂြိုဟ်ကို ဒီဇင်ဘာ ၂၄ ရက်တွင် အရွယ်အစားကြီးမားသော ဂြိုဟ်သိမ်တစ်စင်း ဖြတ်ကျော် ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

2024 XN1 ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်သိမ်သည် ဒီဇင်ဘာ ၂၄ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၄ ဒသမ ၄၈ သန်း အကွာမှ ဖြတ်ကျော်ပျံသန်းမည် ဖြစ်ကြောင်း သိရသည်။

အရွယ်အစားအားဖြင့် ၁၀ ထပ်တိုက် တစ်လုံးအရွယ်အစားရှိသည့် 2024 XN1 ဂြိုဟ်သိမ်သည် ဒီဇင်ဘာ ၂၄ ရက်တွင် ကမ္ဘာဂြိုဟ်ကို တစ်နာရီလျှင် ၁၄၇၄၃ မိုင်နှုန်းဖြင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်ဟု နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။



2024 XN1 ဂြိုဟ်သိမ်သည် ဒီဇင်ဘာ ၂၄ ရက်တွင် ကမ္ဘာဂြိုဟ်ကို လနှင့်ကမ္ဘာကြား အကွာအဝေးထက် ၁၈ ဆ ပိုဝေးသည့်အကွာအဝေးမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

အကယ်၍ 2024 XN1 ဂြိုဟ်သိမ်သည် ကမ္ဘာကိုဝင်တိုက်ခဲ့ပါက တီအင်န်တီယမ်းဘီလူး တန်ချိန် ၁၂ သန်း ပေါက်ကွဲအားနှင့် ညီမျှသည့် ပေါက်ကွဲမှုဖြစ်ပွားနိုင်ပြီး ဧရိယာစတုရန်းမိုင် ၁၀၀ ရှိသော နယ်မြေတစ်ခု အလုံးစုံပျက်စီးသွားနိုင်ကြောင်း သိရသည်။

2024 XN1 ဂြိုဟ်သိမ်ကို ယခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှသာ အမေရိကန်သိပ္ပံပညာရှင်များက ထောက်လှမ်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Rocket Lab ကုမ္ပဏီက ပုဂ္ဂလိက ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့

ဝါရှင်တန် ဒီဇင်ဘာ ၂၂

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ပုဂ္ဂလိက ကမ္ဘာဂြိုဟ် လေ့လာရေးဂြိုဟ်တု တစ်စင်းကို ဒီဇင်ဘာ ၂၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂျပန်အခြေစိုက် Synspective ကုမ္ပဏီ၏ Strix အမည်ရှိ ကမ္ဘာဂြိုဟ် လေ့လာရေးဂြိုဟ်တုကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မိနစ် ၆၀ ခန့်အကြာတွင် အီလက်ထရွန်ဒုံးပျံသည် သယ်ယူသွားသည့် Strix ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၅၇ မိုင်အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ၂၀၂၄ ခုနှစ်၏ နောက်ဆုံးမစ်ရှင်ဖြစ်သည်။

Rocket Lab ကုမ္ပဏီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင် ၁၄ ခုထိ လွှတ်တင်ခဲ့ပြီးဖြစ်သည်။

Synspective ကုမ္ပဏီသည် Rocket Lab ကုမ္ပဏီ၏ အီလက်ထရွန်ဒုံးပျံဖြင့် Strix ဂြိုဟ်တု ၁၆ စင်းထိ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ဒူးခေါင်းအရိုးဆစ်ရောင်ရောဂါ၏ဇာစ်မြစ်ကို ရောဂါစစ်ဆေးနည်းပုံစံတစ်မျိုးဖြင့် ဖော်ထုတ်နိုင်

နယူးယောက် ဒီဇင်ဘာ ၂၂

ဒူးခေါင်းအရိုးဆစ် ရောင်ရမ်းမှုရောဂါ (Knee Arthritis) ၏ ဇာစ်မြစ်ကို ရောဂါစစ်ဆေးနည်းပုံစံတစ်မျိုးဖြင့် အလွယ်တကူ ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ဒူးခေါင်းအရိုးဆစ် ရောင်ရမ်းမှုရောဂါသည် တစ်ခါတစ်ရံ အရိုးနုများပျက်စီးပြီးချိန်၊ အရိုးဆစ်၌ အရိုးများ ပွတ်တိုက်မိချိန်မှသာ စစ်ဆေးတွေ့ရှိရတတ်သည်။

ထိုအဆင့်တွင် ရောဂါစစ်ဆေးတွေ့ရှိရပါက သဘာဝအလျောက် ဖြစ်ရသည် သို့မဟုတ် ရောင်ရမ်းမှုပြဿနာတစ်ရပ်ကြောင့် ဖြစ်ရသည်ဆိုသော အချက်များကို ခွဲခြားပြောနိုင်ရန် ခက်ခဲကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် လူနာ၏အရိုးဆစ်အရည်ကြည်များထဲရှိတတ်သည့် ပရိုတင်းနှစ်မျိုးကို ရှာဖွေတိုင်းတာပေးသော ရောဂါစစ်ဆေးနည်းသစ်ဖြင့် ဒူးခေါင်းအရိုးဆစ်ရောင်ရမ်းမှုရောဂါ၏ နောက်ခံအကြောင်းတရားကို ဖော်ထုတ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ ရောဂါစစ်ဆေးနည်းသည် လူနာ၏ ဒူးရိုးဆစ်အရည်ကြည်ထဲရှိ COMP ခေါ် အရိုးနုပရိုတင်းတစ်မျိုးနှင့် အင်တာလူကင်-၈ ခေါ် ရောင်ရမ်းမှုပရိုတင်းတစ်မျိုးကို စစ်ဆေးတိုင်းတာပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နှလုံးခုန်နှုန်းမူမမှန်သူများ ကော်ဖီနေ့စဉ်သောက်ပါက တွေးတောဆင်ခြင်နိုင်စွမ်းကျဆင်းမှုကို တားဆီးနိုင်

နယူးယောက် ဒီဇင်ဘာ ၂၂

နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာ (Atrial Fibrillation) ရှိသူများ အနေဖြင့် ကော်ဖီနေ့စဉ်သောက်သုံးပါက တွေးတောဆင်ခြင်နိုင်စွမ်းကျဆင်းမှုကို တားဆီးရာတွင် အထောက်အကူ ပြုနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာသည် အရွယ်ရောက်သူများကြား အဖြစ်အများဆုံး နှလုံးပြဿနာတစ်မျိုးဖြစ်ပြီး ထိုပြဿနာခံစားရပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်နိုင်ခြေ မြင့်တက်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ တစ်ရက်လျှင် ကော်ဖီငါးခွက်ထိ သောက်သုံးပေးပါက နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာ ရှိနေသူများအနေဖြင့် တွေးတောဆင်ခြင်နိုင်စွမ်းကျဆင်းမှုကို တားဆီးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာရှိနေသော အသက် ၇၃ နှစ်ခန့် လူပေါင်း ၂၄၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ် ကော်ဖီငါးခွက်နှင့်အထက် သောက်သုံးတတ်သည့် နှလုံးခုန်နှုန်း မူမမှန်သည့် လူနာများမှာ ကော်ဖီအသောက်နည်းသည့် လူနာများနှင့်နှိုင်းယှဉ်ပါက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ပို၍မြင့်မားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



## ME & GEMS အငယ်တန်းချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲ (ME&GEMS Badminton Junior Championships-2024)စတင်ကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၂၂**

အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ME & GEMS အငယ်တန်းချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲ (ME & GEMS Badminton Junior Championships–2024) ကို ယနေ့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင် အားကစားခန်းမ၌ နံနက် ၉ နာရီတွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အသက်ကိုးနှစ်အောက် ပြိုင်ပွဲ၊ ၁၁ နှစ်အောက် ပြိုင်ပွဲ၊ ၁၃ နှစ်အောက် ပြိုင်ပွဲ၊ ၁၅ နှစ်အောက်ပြိုင်ပွဲ၊ ၁၇ နှစ်အောက်ပြိုင်ပွဲ၊ ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသား + အမျိုးသမီးနှစ်ယောက်တွဲ များ ပွဲစဉ်ပေါင်း ၃၁၃ ပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ME & GEMS အငယ်တန်းချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ အားကစားသမားများ၊ ကလပ်ပေါင်းစုံမှ အားကစားသမားများ စုစုပေါင်း ၇၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို ယနေ့မှ စတင်ပြီး ဒီဇင်ဘာ ၂၅ ရက်ထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ နေ့စဉ်နံနက် ၉ နာရီတွင် စတင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

## ပီအက်စ်ဂျီအသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ခံစစ်ကစားသမား မန်ဒက်စ် ငြင်းပယ်

**ပဲရစ် ဒီဇင်ဘာ ၂၂**

ပီအက်စ်ဂျီ အသင်းသည် မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသည့် ခံစစ်ကစားသမား မန်ဒက်ခ်ကို သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ ကစားသမားက ငြင်းပယ်ခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား မန်ဒက်ခ်သည် ယခုနှစ် အသင်းခံစစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ပြီး ပြိုင်ပွဲစုံ ၁၅ ပွဲတွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်၍ အသင်းကို အမှတ်ပေးဇယားထိပ်သို့ ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့သည်။

လက်ရှိတွင် မန်ဒက်ခ်၏ ခြေစွမ်းပိုင်းကို ပရီးမီးယားလိဂ် ထိပ်သီးကလပ်များက စိတ်ဝင်စားနေမှုကြောင့် ပီအက်စ်ဂျီအသင်းက စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသည့် မန်ဒက်စ်ကို ကာလရှည် သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ ကစားသမားက ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

ခံစစ်ကစားသမား မန်ဒက်စ်သည် စပို့တင်းအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိခဲ့သူဖြစ်ပြီး မန်ယူအသင်းနည်းပြ အာမိုရင်၏ ကမ်းလှမ်းမှုကိုလက်ခံကာ နည်းပြဟောင်းနှင့် ပြန်လည်ပေါင်းစည်းရန် ဆုံးဖြတ်ထားသကဲ့သို့ ၎င်း၏ ဈေးကွက်မှာ ယူရို ၅၅ သန်းခန့်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML




## IBO၊ WBO၊ WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အူဆက်ခ်က တိုင်ဆန်ဖျူရီကို အနိုင်ရရှိ



**ရီယာ့ဒ် ဒီဇင်ဘာ ၂၂**

IBO၊ WBO၊ WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ယူကရိန်းလက်ဝှေ့သမား အူဆက်ခ်နှင့် စိန်ခေါ်သူ ချန်ပီယံဟောင်း ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီတို့ ဒီဇင်ဘာ ၂၁ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ထိုးသတ်ယှဉ်ပြိုင်ခဲ့ရာ အူဆက်ခ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အူဆက်ခ်နှင့် တိုင်ဆန်ဖျူရီတို့ အကြား မကျေပွဲစဉ်ထိုးသတ်ခဲ့ခြင်း ဖြစ်ပြီး အူဆက်ခ်က ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဒိုင် သုံးဦးစလုံးက အူဆက်ခ်အား (၁၁၆-၁၁၂)ရမှတ်ဖြင့် အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ် ထိုးသတ်စဉ်က လောက် ရလဒ်ပိုင်းပြတ်သားမှု မရှိခဲ့သော်လည်း အူဆက်ခ်အနေဖြင့် လက်ရှိချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ကာကွယ်သွားနိုင်ခဲ့ခြင်းဖြစ်သည်။

အူဆက်ခ်အနေဖြင့် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းသွားနိုင်ခဲ့သလို တိုင်ဆန်ဖျူရီနှင့် ၎င်းတို့အကြား အနိုင်အရှုံးရလဒ်ပြတ်သားစွာ ထွက်ပေါ်လာခဲ့ပြီလည်းဖြစ်သည်။

အူဆက်ခ်က "တိုင်ဆန်ဖျူရီဟာ တကယ့်ကို ဖိုက်တာကောင်းတစ်ယောက်ပါ။ အခုပွဲစဉ်မှာ ပြသသွားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်တွေကလဲ အကောင်းဆုံးလက်ဝှေ့သမားတစ်ဦးဖြစ်ကြောင်းကို ဖော်ပြသွားနိုင်ခဲ့တယ်။ ကျွန်တော့်အနေနဲ့လဲ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သလို ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် ၂၄ ပွဲ ဆက်တိုက် ရှုံးပွဲမရှိစံချိန်ကို ရယူနိုင်ခဲ့တာဟာ အံ့အားသင့်စရာကောင်းတယ်လို့ ခံစားမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## ရီးရဲလ်မက်ဒရစ်အသင်းခံစစ်ကစားသမား အလာဘာ ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့်အတွက် ဒီဇင်ဘာ ၃၀ ရက်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းမည်

**မက်ဒရစ် ဒီဇင်ဘာ ၂၂**

ဒူးအရွတ် စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူနေခဲ့ရသည့် ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမားအလာဘာအနေဖြင့် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့်အတွက် လာမည့် ဒီဇင်ဘာ ၃၀ ရက်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းပြီး လေ့ကျင့်မှုများ စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ အလာဘာသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ဒူးအရွတ် စုတ်ပြဲဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး ကာလရှည် အနားယူနေရသူဖြစ်သည်။

အစောပိုင်းက အလာဘာအနေဖြင့် ယခုနှစ် ဘောလုံးရာသီကုန်ချိန်ထိ အနားယူရဖွယ်ရှိနေသည်ဟု ခန့်မှန်းထားသော်လည်း ယခုအခါ ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့်အတွက် လာမည့် ဒီဇင်ဘာ ၃၀ ရက်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းကာ လေ့ကျင့်မှုများ စတင်လုပ်ဆောင်သွားမည်ဖြစ်သော်လည်း လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်းမှသာ အသင်းနှင့်အတူ ပွဲစဉ်များ စတင် ကစားသွားနိုင်ဖွယ်ရှိနေသည်။

အစောပိုင်းက အလာဘာအနေဖြင့် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူနေခဲ့ရသည့်အတွက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း လက်ရှိတွင် ဒဏ်ရာမှာ ခန့်မှန်းထားသည်ထက် စောလျင်ပြီး ပြန်လည်သက်သာလာခဲ့သည့်အတွက် မကြာမီ အသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

## PNC Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဝုဒ်အသင်းနှင့်အတူ အခြားအသင်းများ ဦးဆောင်

**ဖလော်ရီဒါ ဒီဇင်ဘာ ၂၂**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် PNC Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဝုဒ်အသင်းက လန်ဂါအသင်း၊ ဆင်းဟ်အသင်းတို့နှင့် အတူ သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်ဂါးဝုဒ်နှင့် သားဖြစ်သူ ချာလီဝုဒ်တို့က ဝုဒ်အသင်းအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ဘန်းဟက်လန်ဒါနှင့် ဂျက်ဆင်လန်ဂါတို့က လန်ဂါအသင်းအနေဖြင့် ပါဝင်ယှဉ်ပြိုင်ကာ ဗီဂျေးဆင်းဟ်နှင့် ကွက်ဆင်းဟ်တို့က ဆင်းဟ်အသင်းအနေဖြင့် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

PNC Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဂန္ထဝင်ဂေါက်သီးရိုက်ကစားသမားများအား ၎င်းတို့၏ မျိုးဆက်သစ်များနှင့်အတူ အသင်းဖွဲ့ပေးကာ ယှဉ်ပြိုင်စေသည့် ပြိုင်ပွဲဖြစ်သည်။

တိုက်ဂါးဝုဒ်အနေဖြင့် နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူခဲ့ရပြီးနောက် ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်ပြီး ဆယ်နှစ်တာကာလအတွင်း ခြောက်ကြိမ်မြောက် PNC Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။

ဝုဒ်အသင်းအနေဖြင့် ပထမနေ့တွင် Birdies ရိုက်ချက် ၁၃ ကျင်းထိ ရရှိခဲ့ပြီး တိုက်ဂါးဝုဒ်၏ သားဖြစ်သူ ချာလီဝုဒ်အနေဖြင့် အကောင်းဆုံး လက်စွမ်းပြ ကစားနိုင်ခဲ့သည်။

တိုက်ဂါးဝုဒ်က "ပထမနေ့ တစ်ရက်တာလုံး အတိုင်းအတာနဲ့ဆို ကျွန်တော်တို့ အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့ကြတယ်။ တစ်ကျင်းချင်းစီတိုင်းမှာ အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့ကြပါတယ်။ ဒီနေ့မှာတော့ ချာလီအနေနဲ့ အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့သလို သူ့ရဲ့ စွမ်းဆောင်ရည်တွေက အထင်ကြီးစရာပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ထရန့်အစိုးရသစ်လက်ထက် အမေရိကန်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအလားအလာ

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ပူပူနွေးနွေး သမ္မတရွေးကောက်ပွဲအနိုင်ရထားသည့် ဒေါနယ် ထရန့်၏ တစ်ကျော့ပြန် ဒုတိယအကြိမ်သမ္မတ သက်တမ်းကို စတင်တော့မည်ဖြစ်သည်။ ဒေါနယ် ထရန့်လက်ထက်တွင် ဖြစ်ပေါ်လာနိုင်သည့် အမေရိကန်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးဆိုင်ရာ ပြောင်းလဲမှုများကို လေ့လာနေကြသကဲ့သို့ ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကိုလည်း ခန့်မှန်းသုံးသပ်နေကြသည်။ ကြီးမားကျယ်ပြန့်သည့် အမေရိကန်နိုင်ငံအတွင်း ပထဝီမြေမျက်နှာပြင်၊ လူမျိုးစု၊ အမျိုးသား၊ အမျိုးသမီး၊ အသားအရောင်၊ လူမှုစီးပွားကွာဟချက်များစွာရှိနေသည်။ ဝင်ငွေမြင့်ပြီး ကြွယ်ဝချမ်းသာသည့်နိုင်ငံများကြား အမေရိကန်နိုင်ငံသည် နိုင်ငံသားများ၏ ဘဝသက်တမ်းအတိုဆုံးနိုင်ငံဖြစ်နေသည်။

အဝလွန်ရောဂါ၊ မူးယစ်ဆေးစွဲပြဿနာ၊ ဆေးလိပ်သောက်သုံးမှုနှင့် အာဟာရမပြည့်ဝမှုတို့မှာ အမေရိကန်နိုင်ငံသားတို့အတွက် အဓိက ကျန်းမာရေးစိန်ခေါ်မှုများဖြစ်သည်ဟု ဆိုသည်။ မကူးစက်နိုင်သည့်ရောဂါများဖြစ်သော ကင်ဆာ၊ ဆီးချိုနှင့် နှလုံးသွေးကြောရောဂါများကြောင့် အမေရိကန်နိုင်ငံသားများ သေဆုံးမှုများပြားနေရသည်။ ယနေ့ အမေရိကန်နိုင်ငံတွင် လူကြီး၊ လူငယ်အားလုံး၏ လေးပုံသုံးပုံမှာ ပေါင်ပိုပြီး အဝလွန်နေကြသည်။ အဝလွန်ရောဂါကြောင့် အမေရိကန်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစရိတ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၇၃ ဘီလီယံခန့် ကုန်ကျနေရသည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အတွင်း မြောက်အမေရိကတိုက်ဒေသခံ အင်ဒီးယန်းနှင့် အလာစကာ မျိုးနွယ်ဝင် အမျိုးသားများ၏သက်တမ်းမှာ သိသိသာသာကျဆင်းသွားခဲ့သည်။ အမေရိကန်လူမည်းများ၏ သက်တမ်းက ဒုတိယအတိုဆုံးဖြစ်သည်။ ချို့တဲ့သည့် မစ္စစ္စပီအောက်ပိုင်း တောင်ကြားဒေသမှ လူဖြူများ၏သက်တမ်းသည်လည်း တိုးတက်မှုရှိမလာခဲ့ပေ။ ပညာရှင်များကတော့ အမေရိကန်နိုင်ငံသားတို့၏ သက်တမ်းမှာ ၂၀၅၀ ပြည့်နှစ်ထိ ဖြည်းဖြည်းချင်း တိုးတက်လာလိမ့်မည်ဟု ခန့်မှန်းကြသည်။ ထိုသို့ လူ့သက်တမ်းများရှည်လျားလာရန်၊ ကျန်းမာသောအမေရိကန်နိုင်ငံကြီးဖြစ်ပေါ်လာရန်အတွက် ဘယ်လိုပြင်ဆင်ကြရမလဲ၊ ဒေါနယ်ထရန့်သမ္မတသက်တမ်းတွင် မည်သည့်စိန်ခေါ်မှုများရှိနေမလဲ လေ့လာကြည့်ကြမည်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် ထင်ရှားသည့်ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေစနစ် သုံးမျိုးရှိသည်။ Medicaid စနစ်က ချို့တဲ့သောမိသားစုများကို ဆေးကုသနိုင်ရန် ပံ့ပိုးသည့်စနစ်ဖြစ်သည်။ အိမ်ထောင်မရှိသည့် တစ်ကိုယ်ရေတစ်ကာယသမားများအတွက် Medicaid အကူအညီရရန်ခက်ခဲသည်။ Medicare စနစ်ကတော့ သက်ကြီးပိုင်း အမေရိကန်နိုင်ငံသားများကို ဆေးကုသနိုင်ရန် ပံ့ပိုးပေးသည့်စနစ်ဖြစ်သည်။ ထိုစနစ်နှစ်ခုအပြင် ၂၀၁၀ ပြည့်နှစ် သမ္မတအိုဘားမား လက်ထက်တွင် ပေါ်ထွက်လာခဲ့သည့် Obamacare သို့မဟုတ် Affordable Care Act(ACA) ဥပဒေတွင် အမေရိကန်နိုင်ငံသားတော်တော်များများကို လွှမ်းခြုံ ဆေးကုသခွင့်ပြုနိုင်သည့်အခြေအနေကို ရောက်လာသည်။ ထိုစနစ်အရ ၂၀၂၄ ခုနှစ်တွင် တစ်နှစ်လုပ်ခလစာ အမေရိကန်ဒေါ်လာ ၂၀၇၈၃ ဒေါ်လာ အနည်းဆုံးရှိသည့် အမေရိကန်နိုင်ငံသားများအတွက် ဆေးကုသမှုသက်သာခွင့်များ ရရှိလာခဲ့သည်။ (တစ်နှစ်လုပ်ခလစာ အမေရိကန်ဒေါ်လာ ၃၀၀၀၀ အောက်ရရှိသည့်အမေရိကန်နိုင်ငံသားများကို လစာနည်းသူများအဖြစ် သတ်မှတ်သည်။) Child Tax Credit အမည်ရသည့်စနစ်မှာ ၂၀၂၁ ခုနှစ်တွင် ပေါ်ပေါက်လာပြီး အခွန်ထမ်းဆောင်းရဲသူမိသားစုများထဲမှ သား၊ သမီးရှိ

**❖ဒေါနယ်ထရန့်၏ သမ္မတရွေးကောက်ပွဲအကြို မဲဆွယ်ပွဲများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီး ပြောဆိုမှု ကတိကဝတ်ပြုမှုနည်းခဲ့သည်။ ဆေးဝါးဈေးနှုန်းများ ကျဆင်းစေရန်နှင့်ဆေးဝါးသစ်များကို ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရေးကိုသာ ပြောဆိုခဲ့သည်ကို တွေ့ရသည်။ ဒေါနယ်ထရန့်က အမေရိကန်နိုင်ငံရှိ သက်ကြီးရွယ်အိုများအတွက် ရည်ရွယ်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်(Medicare)ကို တိုးချဲ့ရန် အာရုံစိုက်သည်။ နာတာရှည်ရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ကုသမှုများကို ဒေါနယ်ထရန့်က ပိုအားသန်သည်။ ❖**

သူများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၇၀၀ ပြန်လည်ပေးအပ်သည့်အစီအစဉ်ဖြစ်သည်။ ယနေ့ အမေရိကန်နိုင်ငံမှ ဆင်းရဲသောမိသားစုများ၏ သား၊ သမီး ၁၆ ရာခိုင်နှုန်းမှာ ထိုခံစားခွင့်ကိုရရှိနေကြသည်။

အမေရိကန်နိုင်ငံတွင် အရေးကြီးသည့်ကျန်းမာရေးဌာနကြီးနှစ်ခုရှိသည်။ အမျိုးသားကျန်းမာရေးဌာန(NIH)နှင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာန(CDC)တို့ဖြစ်သည်။ မမျှော်မှန်းနိုင်သည့် ကပ်ရောဂါကြီးများဖြစ်ပွားသည့်အခါ၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် ကျန်းမာရေးထိခိုက်စေသည့်အခါများတွင် ထိုဌာနကြီးနှစ်ခုက ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ပေးသည်။ သက်ဆိုင်ရာပညာရှင်များကိုလည်း ထိုဌာနကြီးများတွင် စုစည်းထားသည်။ အမေရိကန်နိုင်ငံ တစ်နိုင်ငံတည်းအတွက်သာမက ကမ္ဘာကြီးပေါ်က HIV၊ ငှက်ဖျားနှင့် တီဘီရောဂါများ ထိန်းချုပ်ရေးတွင်လည်း အမေရိကန်နိုင်ငံက ရန်ပုံငွေများစွာထည့်ဝင်ထားသည်။

ဒေါနယ်ထရန့်၏ သမ္မတရွေးကောက်ပွဲအကြို မဲဆွယ်ပွဲများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီး ပြောဆိုမှု၊ ကတိကဝတ်ပြုမှုနည်းခဲ့သည်။ ဆေးဝါးဈေးနှုန်းများကျဆင်းစေရန်နှင့် ဆေးဝါးသစ်များကို ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရေးကိုသာ ပြောဆိုခဲ့သည်ကို တွေ့ရသည်။ ဒေါနယ်ထရန့်က အမေရိကန်နိုင်ငံရှိ သက်ကြီးရွယ်အိုများအတွက် ရည်ရွယ်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်(Medicare)ကို တိုးချဲ့ရန် အာရုံစိုက်သည်။ နာတာရှည်ရောဂါများကြိုတင်ကာကွယ်ရေးနှင့် ကုသမှုများကို ဒေါနယ်ထရန့်က ပိုအားသန်သည်။ ဒေါနယ်ထရန့်၏ ကျန်းမာရေးမူဝါဒမှာ အမေရိကကိုပြန်လည်ကျန်းမာလာအောင်လုပ်မည် (Make America healthy again)ဖြစ်သည်။

ဒေါနယ်ထရန့်က အစိုးရသစ်အတွက် ကျန်းမာရေးဝန်ကြီးအဖြစ် ရောဘတ်ကနေဒီဂျူနီယာကို ရွေးချယ်ထားသည်။ ရောဘတ်ကနေဒီဂျူနီယာက ကူးစက်ရောဂါကာကွယ်ဆေးများကို မယုံကြည်သူအဖြစ် နာမည်ကြီးသည်။ ရောဘတ်ကနေဒီဂျူနီယာက မကူးစက်နိုင်သောရောဂါများ ထိန်းချုပ်ရေးကို ပိုပြီးအားသန်သည်။ အမေရိကန်လူမျိုးများများ သေဆုံးရခြင်း အဓိကအကြောင်းရင်းက အစားအသောက်များကြောင့်၊ အဝလွန်ခြင်းကြောင့်ဟု ရှုမြင်သူဖြစ်သည်။ ကူးစက်ရောဂါများကို စိတ်မဝင်စား။

၂၀၁၀ ပြည့်နှစ် အိုဘားမားလက်ထက် Affordable Care Act(ACA) ဥပဒေ၏ အစောင့်အရှောက်အောက်တွင် အမေရိကန်နိုင်ငံသားများ အတော်လေးအဆင်ပြေခဲ့ကြသည်။ အိုဘားမားက ဒီမိုကရက်တစ်ပါတီမှဖြစ်သည်။ ဒေါနယ်ထရန့်က ရီပတ်ဘလီကန်အုပ်စုဝင်ဖြစ်သည်။ ဒေါနယ်ထရန့်၏ ပထမအကြိမ်သမ္မတသက်တမ်းတွင် ACA ဥပဒေ၏လုပ်ပိုင်ခွင့်များကို ကန့်သတ်ခဲ့သည်။ ယခုလည်း ဒုတိယအကြိမ်သမ္မတသက်တမ်းတွင် အိုဘားမားတို့ ဒီမိုကရက်တစ်ပါတီ၏ ACA ဥပဒေကို နှိပ်ကွပ်မည့်သဘောရှိသည်။ ACA ဥပဒေက လက်ရှိတွင် အမေရိကန်နိုင်ငံသား သန်း ၂၀ ကို ကျန်းမာရေးအကာအကွယ်ပေးထားသည်။ ကင်ဆာလူနာများစွာမှာ ACA ဥပဒေ၏ကျေးဇူးကြောင့် ကုန်ကျစရိတ်များပြားသည့်ကုသမှုများကို အခမဲ့ရရှိနေကြသည်။ ACA ဥပဒေကြောင့်ပင် ကင်ဆာကြိုတင်ရှာဖွေစစ်ဆေးမှုများကို အခမဲ့ရရှိနေသူများလည်းရှိသည်။ ၂၀၂၅ ခုနှစ်နောက်ပိုင်း ဒေါနယ်ထရန့်သမ္မတဖြစ်လာလျှင် ACA ဥပဒေ၏ အကာအကွယ်အထောက်အပံ့ရနေသူများ အခက်အခဲဖြစ်နိုင်သည်ဟု ခန့်မှန်းကြသည်။

ဒေါနယ်ထရန့်၏ အောင်ပွဲနှင့်အတူ အမျိုးသားကျန်းမာရေးဌာနနှင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနတို့ကဲ့သို့ ဗဟိုအစိုးရကျန်းမာရေးဌာနကြီးများအတွက် ရန်ပုံငွေလျော့နည်းသွားနိုင်သည့်အခြေအနေရှိသည်။ ပထမသမ္မတသက်တမ်းတုန်းက ဒေါနယ်ထရန့်သည် ဗဟိုအစိုးရ၏ ကျန်းမာရေးအသုံးစရိတ်များကို လျှော့ချပစ်ခဲ့ဖူးသည်။ အစိုးရက ဦးစီးလုပ်ဆောင်သည့် ကျန်းမာရေးစီမံချက်များကို ပုဂ္ဂလိကလုပ်ငန်းများအဖြစ် ပြောင်းလဲပစ်ခဲ့သည်။ ထို့ကြောင့် အမျိုးသားကျန်းမာရေးဌာန၏ အရေးကြီးသော ကျန်းမာရေးစီမံချက်များထိခိုက်နှောင့်နှေးခဲ့ရဖူးသည်။ အမေရိကန်နိုင်ငံ၏ နာမည်ကျော်ကင်ဆာသုတေသနများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ဆောင်ချက်များမှာ ထိခိုက်နိုင်မည့်အခြေအနေရှိသည်။ အစွန်းရောက်အယူအဆများရှိတတ်သည့် အီလွန်မက်စ်နှင့် ရာမတ်စ်ဝါမီတို့ကဲ့သို့ သူဌေးသူကြွယ်များ ဒေါနယ်ထရန့်အစိုးရအဖွဲ့အတွင်း နေရာရလာမည်ကို ကျန်းမာရေးဌာနများက စိုးရိမ်လျက်ရှိသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ သမ္မတဂျိုးဘိုင်ဒင်လက်ထက်တွင် အမျိုးသားအဆင့်ကင်ဆာတိုက်ဖျက်ရေးစီမံချက်ကြီးကို စတင်ခဲ့ဖူးသည်။ ထိုစီမံချက်၏ ရည်မှန်းချက်က နောင် ၂၅ နှစ်အကြာတွင် ကင်ဆာရောဂါများကြောင့် သေဆုံးမှုကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချရန်ဖြစ်သည်။ ထိုစီမံချက်ကြီးကို အမေရိကန်နိုင်ငံတွင်သာမက အခြားကမ္ဘာ့နိုင်ငံများမှာပါ သက်ရောက်မှုရှိစေရန်အတွက် သမ္မတဂျိုးဘိုင်ဒင်က ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့မှခေါင်းဆောင်များနှင့်ပူးပေါင်းပြီး အင်ဒို-ပစိဖိတ်ဒေသအတွင်း သားအိမ်ခေါင်းကင်ဆာလျှော့ချရေးစီမံချက်များကို ချမှတ်ဆောင်ရွက်နေသည်။

ဒေါနယ်ထရန့်လက်ထက်တွင် ထိုသို့သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်နိုင်မလား မသေချာပါ။ ဒေါနယ်ထရန့်က နိုင်ငံတွင်းကို ပိုပြီးအားပြုတတ်သူဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် ထည့်ဝင်ထားသည့် အမေရိကန်နိုင်ငံ၏ ရန်ပုံငွေများကို ပြန်လည်ထုတ်ယူခဲ့သည့် ဒေါနယ်ထရန့်၏ လုပ်ရပ်များကြောင့် လာမည့် ဒေါနယ်ထရန့်၏ သမ္မတသက်တမ်းကို ပူပန်နေကြသူများလည်းရှိသည်။

မကြာမီစတင်တော့မည့် ဒေါနယ်ထရန့်၏ ဒုတိယအကြိမ် အမေရိကန်သမ္မတသက်တမ်း လေးနှစ်အတွင်းတွင် အမေရိကန်နိုင်ငံသားတို့၏ သက်တမ်းများ ပိုမိုရှည်လျားလာအောင် ဒေါနယ်ထရန့်က ပြုလုပ်ပေးနိုင်မလား၊ ကုန်ကျစရိတ်နှင့် မထိုက်တန်သော ဆေးကုသမှုအဆင့်အတန်းများကြားတွင် အမေရိကန်နိုင်ငံသားတို့၏ကျန်းမာရေးအခြေအနေ ဆက်လက်ဆိုးရွားသွားမလား စောင့်ကြည့်ကြရမည်ဖြစ်ပါသည်။

**ကိုးကား**

- A roadmap to better health in the USA from Lancet Oncology, Dec 2024

**ဒေါက်တာလွှမ်းမိုးဟန်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## ပန်းပဲတန်းမြို့နယ် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ရှိ ကလေးစာကြည့်တိုက်တွင် ကလေးများအတွက် ခရစ္စမတ်ပွဲတော်အကြိုလှုပ်ရှားမှုအစီအစဉ် ပြုလုပ်



**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ရှိကလေးစာကြည့်တိုက်တွင် ကလေးများအတွက် ခရစ္စမတ်ပွဲတော် အကြိုလှုပ်ရှားမှုအစီအစဉ်ကို ဒီဇင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့ကြောင်း အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှ သိရသည်။

အဆိုပါ ကလေးများအတွက် ခရစ္စမတ်ပွဲတော်အကြို လှုပ်ရှားမှုအစီအစဉ်ကို ဒီဇင်ဘာ ၂၁ ရက်နေ့ မွန်းလွဲ ၁ နာရီက အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကလေးငယ်များ တက်ရောက် ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

"ခရစ္စမတ်ပွဲတော်မတိုင်မီ အကြိုကာလမှာ ကလေးတွေအတွက် ခရစ္စမတ်ပွဲတော်အကြိုလှုပ်ရှားမှု အစီအစဉ်လေးကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီအစီအစဉ်မှာ ကလေးတွေအတွက် ပုံပြင်လက်ဆောင် အစီအစဉ်အနေနဲ့ ခရစ္စမတ်ပုံပြင်တွေ ပြောကြားပေးတဲ့ အစီအစဉ်လဲ ပါဝင်ပြီး တက်ရောက်လာကြတဲ့ ကလေးတွေနဲ့အတူ ခရစ္စမတ်သစ်ပင်ပုံ၊ ကြယ်ပုံကလေးတွေကို အတူတကွ ပြုလုပ်ခဲ့ပြီး သစ်ပင်စိုက်ပျိုးခြင်းရဲ့ အကျိုးကျေးဇူးတွေကို ဟောပြောပေးတဲ့အစီအစဉ်တွေကို လုပ်ဆောင်ခဲ့ကြပါတယ်"ဟု အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ကေသီအေးက ပြောပြသည်။

အဆိုပါကလေးစာကြည့်တိုက်တွင် ပုံပြောအစီအစဉ်ကိုလည်း အပတ်စဉ် စနေနေ့တိုင်းဆောင်ရွက်လျက်ရှိပြီး ကလေးများ၏ စိတ်ဝင်စားမှုအလိုက် မေးမြန်း၊ ဖြေကြားခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ASH**

## SKYPREMIER HD ရုပ်သံလိုင်းမှ ဆက်သွယ်မှုဧရိယာပြင်ပ မြန်မာရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ထုတ်လွှင့် ပြသပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

SkyNet အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ ဆက်သွယ်မှုဧရိယာပြင်ပ ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂၇ ရက်မှစတင်ကာ ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် သရုပ်ဆောင်ထားသူ သတ္တိက ပြောပြ၍ သိရသည်။





အဆိုပါ ဆက်သွယ်မှုဧရိယာပြင်ပ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားကာ ဒါရိုက်တာ နေသူရိန်နှင့် တွဲဖက်ဒါရိုက်တာ တင်မောင်တို့က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းမှာတော့ စိတ်ချောက်ချားဖွယ်ရာ စံအိမ်ကြီးထဲမှာ စိတ္တဇလူသတ်သမား တစ်ယောက် ရှိနေတဲ့အကြောင်းပါ။ အဲဒါ တကယ်လား၊ စိတ်ကူးယဉ်အဖြစ်အပျက်တွေလား၊ လူတွေရဲ့ အတ္တနဲ့လောဘတွေကရော စိတ္တဇလူသတ်သမားလို ကြောက်စရာကောင်းပါသလား စတဲ့တွေးစရာတွေကိုအဖြေညှိဖို့ ဒီဇာတ်လမ်းကို စောင့်ကြည့်ပေးကြပါ"ဟု သရုပ်ဆောင် သတ္တိက ပြောပြသည်။

အဆိုပါ ဆက်သွယ်မှုဧရိယာပြင်ပ အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သတ္တိ၊ ရော်ရွက်၊ မျိုးကိုကျော်၊ ခွန်းညု၊ မင်းသူရကျော်၊ ခွန်းနေခြည်ချို၊ ပြည့်ပြည့်ဘုန်းမြတ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားပြီး ဒီဇင်ဘာ ၂၇ ရက်မှ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေ ည ၈ နာရီတွင် SKY-PREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

## ရေခဲအိပ်မက်များ 93' Dreams တေးစီးရီးအယ်လ်ဘမ် ဒီဇင်ဘာ ၂၆ ရက်တွင် ထွက်ရှိမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

စာရေးဆရာ အကြည်တော်၊ ဂီတမှူး အကယ်ဒမီ ဓီရာမိုရ်နှင့် ပန်းချီကိုဆန်းတို့၏ "ရေခဲအိပ်မက်များ 93' Dreams" အမည်ရှိ တေးစီးရီးအယ်လ်ဘမ် ဒီဇင်ဘာ ၂၆ ရက်တွင် ထွက်ရှိလာမည်ဖြစ်ကြောင်း ပန်းချီကိုဆန်းက ပြောပြ၍ သိရသည်။

အဆိုပါ "ရေခဲအိပ်မက်များ 93' Dreams" အမည်ရှိ တေးစီးရီးအယ်လ်ဘမ်တွင် ၁၉၉၃ ခုနှစ်ခန့်က အမှတ်တရ ရေးစပ်ထားသည့် သီချင်း ၁၀ ပုဒ် ပါဝင်မည်ဖြစ်ပြီး အဆိုပါ တေးသီချင်း ၁၀ ပုဒ်ကို ဓီရာမိုရ်၊ စာရေးဆရာ အကြည်တော်နှင့် ပန်းချီ ကိုဆန်းတို့ ရေးစပ်သီကုံးထားပြီး ၎င်းအယ်လ်ဘမ်တွင် ရော့ခ်ဂီတအမျိုးအစား တေးသီချင်းများ အများဆုံးပါဝင်ကာ ညီအစ်ကိုသုံးဦး၏ ပထမဆုံး ငယ်မူလက်ရာများဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အသက် ၁၈ နှစ်ကျော် ၁၉ နှစ်အရွယ် ၁၉၉၃ ခုနှစ်မှာ ရေးခဲ့တဲ့ သီချင်းတွေပေါ့။ ခုမှ အချိန်လဲရတယ်။ Idea လဲ ပြန်ရလို့ လုပ်ဖြစ်တာပါ။ ဒီသီချင်းတွေကိုသိခဲ့တာ ဒီသုံးယောက်ပဲရှိတယ်။ ဒီအထဲက တစ်ယောက်ဆုံးသွားပြီ။ ဆက်မလုပ်ဖြစ်ရင် ပျောက်ကွယ်သွားမယ်။ ဘာမျှော်လင့်ချက် အကျိုးအမြတ်မှထားပြီ ထုတ်တာမဟုတ်ပါဘူး။ ညီအစ်ကိုတွေရဲ့သီချင်း ပျောက်သွားမှာစိုးလို့ အဓိက မှတ်တမ်းပဲတင်တာပါ။ အောင်မြင်ဖို့အတွက်လဲ မဟုတ်ပါဘူး။ Record လေးတစ်ခု ကျန်ရင်ပဲ ကျေနပ်ပါပြီ။ ဒီခွေမှာ အကြည်တော်က သံစဉ်ရော စာသားပါ ရေးထားတဲ့ သီချင်းနှစ်ပုဒ် ပါပါတယ်။ ကျွန်တော်တစ်ယောက်ထဲ သီချင်းတွေကို သီဆိုထားတာပါ"ဟု ပန်းချီကိုဆန်းက ပြောပြသည်။

ရေခဲအိပ်မက်များ 93' Dreams တေးစီးရီး အယ်လ်ဘမ်ကို ဒီဇင်ဘာ ၂၆ ရက်တွင် Art Nation၊ တေးသံသာ၊ ဂီတမြို့ (Music City Myanmar)YouTube Channel , Online Platform တို့မှ စတင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

## Paramount ၏ The Running Man ၌ မင်းသား ဒေးဗစ်ဇာယက် ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၂၂**

Paramount ကုမ္ပဏီ၏ The Running Man ဇာတ်ကားတွင် မင်းသား ဒေးဗစ်ဇာယက်ပါဝင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

The Running Man ဇာတ်ကားတွင်မင်းသားဒေးဗစ်ဇာယက်သည် မင်းသား ဂလန်းပိုဝဲ၊ ဂျို့ဘရော်လင်၊ မင်းသမီး ကေတီဘရိုင်ယန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။


အဆိုပါဇာတ်ကားသည် ကမ္ဘာကျော် အမေရိကန် ထိတ်လန့်သည်းဖိုစာရေးဆရာ စတီဖင်ကင်း၏ The Running Man ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Running Man ဇာတ်ကားသည် လူသတ်သမားများလက်မှ လွတ်အောင်ပြေးရမည့် ဂိမ်းကစားပွဲတစ်ခုကို နောက်ခံပြုရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Running Man ဇာတ်ကားကို ဒါရိုက်တာ အဂ္ဂါရိုက်ကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မိုက်ကယ်ဘာကောနှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## 28 Years Later: The Bone Temple ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ရုံတင်မည်

**နယူးယောက် ဒီဇင်ဘာ ၂၂**

28 Years Later : The Bone Temple အမည်ရှိ ဇွန်ဘီဖုတ်ကောင်ကပ်ဘေး ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီကစီစဉ်ထားကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

28 Years Later : The Bone Temple ဇာတ်ကားသည် 28 Years Later ဇာတ်ကားတွဲသုံးကားအနက် ဒုတိယမြောက်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

28 Years Later ဇာတ်ကားသုံးကားအနက် ပထမဆုံးဇာတ်ကားဖြစ်သော 28 Years Later ဇာတ်ကားကိုမူ ၂၀၂၅ ခုနှစ် ဇွန် ၂၀ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားကြောင်း သိရသည်။

28 Years Later ဇာတ်ကားကို ဒါရိုက်တာ ဒန်နီဘွိုင်းက ရိုက်ကူးပေးထားကြောင်း သိရသည်။

28 Years Later : The Bone Temple ဇာတ်ကားကို ဒါရိုက်တာ နီယာဒါကိုစတာက ရိုက်ကူးပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကား၌ မင်းသား ဝီလီယံမာဖီ၊ ရက်ဖင်းနက်၊ အေရွန်တေလာဂျွန်ဆင်နှင့် မင်းသမီး ဂျိုဒီကမ်မာတို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Opening ceremony of Yarpyae (centenary) Hall and Yarpyae Thabin marking the centennial of Yezin Agricultural University held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends the ceremony






Senior General Min Aung Hlaing watches performances at the opening ceremony of Yarpyae (centenary) Hall and Yarpyae Thabin marking the centennial of Yezin Agricultural University.

**Nay Pyi Taw December 22**

Opening ceremony of Yarpyae (centenary) Hall and Yarpyae Thabin marking the centennial of Yezin Agricultural University of the Ministry of Agriculture, Livestock and Irrigation was held at the university this morning, graced by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Present were Joint SAC Secretary General Ye Win Oo, SAC members, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, invited guests, retired rectors and pro-rectors of the university, the rector, the pro-rector and professors, faculty members and students of the university, and officials.

First, General Ye Win Oo, Union Minister for ALI U Min Naung, Union Minister for Education Dr Nyunt Pe formally opened the Yarpyae (centennial) Thabin.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing unveiled the stone plaque and stone pillar of the Yarpyae Hall by pushing a button, and then sprinkled scented water on the stone plaque. Attendees also sprinkled scented water on it.

The Senior General and attendees looked around the multiple purposed Yarpyae Hall.

On their way to the venue of the centennial ceremony of Yezin Agricultural University, the Senior General and attendees were welcomed by students standing in rows on both sides of the way. At the ceremony, the Senior General and attendees watched a video clip on the history of the 100-year old university.

In his centennial speech, the Senior General said as for the majority of the country's people, agriculture is the main means to earn their living. Agriculture has direct relations with political and social affairs of the nation and is its main artery. In the time of ancient Myanmar monarchs, attention was paid to agriculture for social improvement and abundant food supply. It is common knowledge that governments throughout the successive eras adopted policies and made ardent efforts for the development of the agricultural sector.



Senior General Min Aung Hlaing delivers a speech at the opening ceremony of Yarpyae (centenary) Hall and Yarpyae Thabin marking the centennial of Yezin Agricultural University.

The country owes agro-friendly foundations, a diverse array of weather patterns, soils, eco-systems, and agro-resources, which are favourable for region-wise crops. The spread of national races in various parts of the nation has become an advantage for agriculture, as it strengthens the force of human resources needed for crop cultivation.

According to historical records of the university, during a decade after the country fell under colonialism, scholars were sent to India to learn agricultural sciences with the goal of harnessing the country's favourable agro-conditions. Of the 40 scholars, 19 worked in the agriculture department of Myanmar, and the other 21 were assigned to the Indian agriculture department.

The country realized the shortages and weaknesses of traditional cropping methods that were denying the entry of its crops into the international market, and then noticed the importance of agricultural experts who could catch up with the advancing agricultural technologies and ensured promising crops that might earn benefits.

Therefore, Agricultural College and Research Institute was established and inaugurated in Mandalay on December 22, 1924, with the aim of producing agricultural experts. Since then, the contributions of agricultural experts in harnessing the country's fertile soil and establishing agriculture as the foundation of the nation have been greatly respected and acknowledged. On October 1, 1964, Agricultural College was elevated to the status of an Agricultural University. In 1973, the university was moved to the Yezin area of Pyinmana Township, where the essential infrastructure for agricultural development was established.

Agricultural University stands as a symbol of pride, having trained and produced numerous experts who have significantly contributed to the development of the country's agricultural sector. In 2024, the university celebrates the 100th anniversary of the inception of agricultural education, a pivotal milestone in the development of the nation's agricultural human resources, aligning with global advancements. This achievement is a source of great pride.

Since its establishment, Agricultural College has progressed from awarding **a three-year agricultural diploma** to granting Bachelor of Science degrees in Agriculture and Sericulture. These degree programs are available to students who have completed



Senior General Min Aung Hlaing greets retired rectors and pro-rectors of Yezin Agricultural University.

*See Page 13*



The ribbon being cut to formally open the Yarpyae (centennial) Thabin.

*From Page 12*

the intermediate level and require two years of study. Since the introduction of the new education system in 1964, the Bachelor of Agriculture and Bachelor of Agricultural Science degrees have been awarded. At present, alongside the offering of master's and doctoral degrees, the curriculum, teaching methods, and research are being updated to meet international standards, ensuring the university keeps pace with evolving trends. Additionally, the range of degrees in agriculture-related fields is being expanded, marking a highly encouraging development.

Over the past 100 years, the university has graduated 13,197 agricultural science graduates, 673 Master of Science holders, 85 doctoral graduates, 70 postgraduate diploma holders, and 11 Master of Philosophy graduates. All of these individuals are trusted by the state and have been recognized as experts in their fields. These accomplishments have contributed significantly to the country's development.

When we assumed responsibility for the state, we committed to **'developing agriculture and livestock in a way that is inclusive of all ethnic groups, contributes to the nation's prosperity and food security, and fosters the development of other economic sectors in a comprehensive manner. And as part of the economic goal, 'the promotion of oilseed crop cultivation aims to achieve domestic self-sufficiency in edible oil production and to transition from self-sufficiency to export.'** We are working towards the country's development and enhancing food security by adhering to these economic guidelines.

Efforts are being made to achieve target yields to ensure domestic food security, expand exports, and increase import substitution, by prioritizing key crops from the country's total of 33 million acres of cropland. The goals and objectives were determined through extensive research, and therefore, a systematic review must be conducted to achieve the targets in each region. Similarly, increasing cropping intensity will boost the country's productivity and contribute to a rise in GDP. In this regard, the role of agricultural experts is crucial, as is the need for collaboration with specialists from other sectors related to agriculture.

To ensure the success of these interconnected activities, two key areas were prioritized during the establishment of the university: **'teaching and research.'** Currently, it is being implemented in three main areas: **'Teaching, Research, and Technology Dissemination.'** In this regard, the Senior General emphasized that priority must be given to effectively supporting the interests of rural residents, whose livelihoods are primarily based on agriculture and farming.

To ensure that practical and beneficial scientific agricultural knowledge is widely accessible to rural farmers, it is essential to produce not only agricultural science graduates but also a significant number of intermediate agricultural experts and skilled workers in basic agricultural practices. Therefore, in addition to the previously established agricultural science schools offering agricultural diplomas, 85 high schools teaching agricultural subjects have been opened across the country, starting from the 2023-2024 academic year. I am pleased to learn that the university is working hard to produce outstanding students from these agricultural science schools and high schools that teach agriculture, by screening them according to the specified qualifications to develop them into agricultural experts.



Senior General Min Aung Hlaing visits a commemorative booth.



Senior General Min Aung Hlaing visits a commemorative booth.

Recognizing the importance of the agricultural university, successive governments built landmarks in its anniversaries to honour it. The gorgeous diamond jubilee prayer hall and meeting hall was built its diamond jubilee in 1999 and its grand convocation hall was built in its 90th anniversary in 2014. It is to be proud of the fact that the international standard 100th anniversary building was built and inaugurated on the occasion of its 100th anniversary. As all the buildings constructed are being used valuably, I would like to urge all to use the 100th anniversary building most beneficially and effectively by holding academic events, discussions and conferences.

The role of old and new generation agriculturists who contributed to the security of food, water and basic needs out of their own strength and capabilities has been documented on the occasion of the 100th anniversary of the university. I would like to urge all to continue to carry out tasks for the development of the future agriculture sector relentlessly by sharing agricultural technologies, which are noble and serve both the interests of individuals and others, to new generations.

I would like to honour the agriculturalists who have performed duties assigned to them concertedly in the Ministry of Agriculture, Livestock and Irrigation and other fields after studying at the agricultural university and urge current agriculturists and those who are working in the interests of the agriculture sector in the private sector and in international organizations to continue to contribute more to interests of the country.

It is necessary to pioneer agricultural technologies to produce food and basic needs in accordance with the objective of the university to contribute to the interests of the agricultural producers, the country and the sustainable environment, to be aware of and effectively use the advantages in agriculture and human resources and to be aware of and remedy the weaknesses as true experts.

I would like to urge all to try to nurture outstanding agriculturists in accordance with the motto of the university "Uplift Nation through Agriculture," and express my wish for the agricultural university to continue to exist from its 100th anniversary to the end of the world.

Then, the Senior General presented an honorary award for production of high-yield Yezin Super Rice (YSR-1) for the Department of Agricultural Research to the director general of the department.

Afterward, Union Minister for Agriculture, Livestock and Irrigation U Min Naung reported to the Senior General on matters related to the 100th anniversary of the university.

Then, the union minister presented the gift commemorating the 100th anniversary of the university to the Senior General.

Afterward, the Senior General and attendees enjoyed the songs and musical dances performed by students of the university.

Then, the Senior General presented an honorary flower basket for the students who performed music and dances.

Afterward, the Senior General posed for documentary photographs with attendees and cordially greeted retired rectors and pro-rectors of the university.

After the ceremony, the Senior General and attendees keenly observed the exhibition booths commemorating the 100th anniversary of the university.

100

# SAC Chairman Prime Minister Senior General Min Aung Hlaing joins Christmas thanksgiving ceremony



Senior General Min Aung Hlaing extends greetings at the Christmas thanksgiving ceremony.

**Nay Py Taw December 22**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the Christmas Thanksgiving and Fellowship Dinner organized by Christian Church Associations of Myanmar at St Mary's Cathedral Church in Botahtaung Township of Yangon Region yesterday evening.

Also present at the dinner were Daw Kyu Kyu Hla, wife of the Senior General, Council Joint Secretary General Ye Win Oo and his wife, council members and their wives, Union ministers and their wives, senior Tatmadaw officers from the Office of the Commander-in-Chief and their wives, the Yangon Region Chief Minister, the commander of Yangon Command, the mayor, bishops and reverends from Myanmar Council of Churches, Myanmar Catholic Dioceses, Myanmar Evangelical Christian Alliance and Myanmar Christian Missionary Cooperation Committee, officials from Interfaith Dialogue Group and guests, Christians, Catholic youths and Christian town elders.

The Chairman of the State Administration Council, the Prime Minister and his wife, along with the members, arrived at St. Mary's Cathedral Church, where they were welcomed by the Catholic Archbishop, Cardinal Charles Bo, and senior clergies. Following this, the ceremony began with a prayer of blessing led by Rev Myo Myint Oo, and then Archbishop Stephen Than Myint Oo delivered a welcoming speech.

They all sang the song of Choir titled "Prosperous Myanmar".

In his Christmas greetings, the Senior General said that Christmas Day is celebrated as a day to commemorate the birth of Jesus Christ. It was stated that the Christmas season is a time that brings joy and happiness to people.

Regarding religion, every individual has the right to freely practice and believe in the religion or faith of their choice. In the Constitution (2008), provisions are set forth regarding religion and faith, and legal guarantees are provided. Furthermore, the Constitution also explicitly ensures the right of every citizen to freely practise and adhere to their religion or faith.

The teaching of the religion is ultimately a path for achieving peace within human society. It is also a form of wisdom, through which peace and harmony should be promoted. Only through inner peace can humanity experience the tranquility of the entire society. Although different religions may differ in their practices, the foundation of all religions is love, and it is essential to practice patience and forgiveness, which are core principles, while avoiding extremism and bigot.

It is well known that in Myanmar, people of various ethnicities, religions, and beliefs have lived together in harmony and coexistence. Despite the differences among them, they have been able to build unity through mutual understanding, tolerance, and respect. Individuals must continue to protect and maintain this unity. In particular, religious leaders of each faith should encourage their followers to cultivate knowledge, wisdom, and virtuous attitudes.

Our government is striving to establish a solid multi-party democratic system that aligns with the desires of all citizens and to return to the correct democratic path. We have laid down plans and national political goals to achieve this. We firmly believe that the challenges faced within any society living together can only be effectively resolved through democratic means—dialogue and negotiation. Political issues, or political demands, must be addressed through political



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attend the fellowship dinner.

processes, and they cannot be resolved through armed conflict. Armed violence is not a path accepted by any society, and we, too, must stand united against such actions.

In Myanmar, the majority of the population practices Buddhism, with Christianity being the second most widely practiced religion. For our nation's stability, peace, and prosperity, Christian organizations and followers play a vital role. Therefore, we respectfully urge and encourage their participation in various sectors. Starting this Christmas season, we call on everyone to build a peaceful and harmonious society, not only in Myanmar but across the world, through mutual understanding and tolerance, guided by the teachings of the Lord. Let us extend Christmas blessings and work together to create a serene and beautiful community.

Following this, Naw L Syriwa led a hymn of praise, and Reverend Dr. Maurice Lennar guided the attendees in reading responses for the birthday celebration. Sister Mary Zinmar Swe conducted a Bible reading, and Cardinal Charles Bo, the Archbishop, delivered a sermon. The Church of the Most Holy Redeemer Choir performed the Christmas hymn in joyful harmony. Later, Reverend Dr. Aye Min offered a special prayer for the Republic of the Union of Myanmar.

Then, Cardinal Charles Bo, Archbishop Stephen Than Myint Oo, and Reverend Dr. Aye Min presented Christmas commemorative gifts, a Christmas blessing letter, and a gem-studded painting to the Chairman of the State Administration Council Prime Minister, and wife. In return, the Senior General and his wife presented Christmas commemorative gifts as well.

Next, Reverend Manparmastan delivered a message of gratitude, followed by Reverend Saw Sar Nay offering blessings for everyone who contributed to the success of the Christmas fellowship dinner.

Afterward, the audience joined together in singing the hymn "Hark! The Herald Angels Sing" in unison.

Following this, Cardinal Charles Bo delivered a Christmas blessing message, expressing his wish that during this joyful Christmas season, not only Christians but all humanity around the world be filled with the blessings and goodwill of Christmas. He extended his blessings to the Chairman of the State Administration Council Prime Minister and his family, government officials, military personnel and their families, and all the people of Myanmar.

The Senior General and wife, along with other officials and attendees, participated in the fellowship dinner hosted by the Myanmar Christian Churches Federation. 100


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက စွမ်းအားပြင်းဒုံးကျည်စနစ်သစ်များ တီထွင်ထုတ်လုပ်လျက်ရှိကြောင်း ဒုံးကျည်တပ်ဖွဲ့အရာရှိချုပ်ပြောကြား



ရုရှားနိုင်ငံသည် Avangard နျူကလီးယား Gliders နှင့် ဟိုက်ပါဆောနစ် Oreshnik ဒုံးကျည်များကဲ့သို့ ထိရောက်စွာ တိုက်ပွဲဝင်နိုင်မည့် စွမ်းအားပြင်း ဒုံးကျည်စနစ်သစ်များကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း မဟာဗျူဟာမြောက် ဒုံးကျည်တပ်ဖွဲ့ အရာရှိချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဒီဇင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မဟာဗျူဟာမြောက်ဒုံးကျည်တပ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း ၆၅ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ရုရှားတပ်မတော်ပိုင် Krasnaya Zvezda သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်း၌ ဗိုလ်ချုပ်ကြီး ဆာဂေးကာရာကာယက်ဗ်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီး ကာရာကာယက်ဗ်၏ အဆိုအရ ရုရှားနိုင်ငံထုတ် တိုက်ချင်းပစ်ဒုံးကျည်(ICBM)များဖြစ်သည့် Avangard နှင့် Oreshnik တို့သည် ကြားဖြတ်ဟန့်တားနိုင်စွမ်းမရှိသော ထိပ်ဖူးအမျိုးအစားသစ်များ တပ်ဆင်အသုံးပြုထားကြောင်း၊ လက်ရှိတွင် Sarmatနှင့် Osina မဟာဗျူဟာမြောက် ဒုံးကျည်စနစ်သစ်များကို စမ်းသပ်ခြင်းနှင့် တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရုရှားနိုင်ငံသည် အဆိုပါဒုံးကျည်စနစ်များကဲ့သို့ အစွမ်းထက် ဒုံးကျည်စနစ်သစ်များကို ကျယ်ကျယ်ပြန့်ပြန့် တီထွင်ထုတ်လုပ်လျက်ရှိရာ နောက်ဆုံး အပြီးသတ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပြီး ထုတ်ဖော်ပြောကြားရန် အချိန်မတိုင်သေးကြောင်း ဗိုလ်ချုပ်ကြီး ကာရာကာယက်ဗ်က ပြောကြားခဲ့သည်။ စွမ်းအားမြင့်မားသော Yars ICBMs များသည် လက်ရှိတွင် ရုရှားနိုင်ငံ၏ ဟန့်တားရေးစွမ်းအားစုတွင် အဓိကကျသည့် လက်နက်များဖြစ်ကြောင်း၊ NATO အခေါ်အဝေါ်အရ (SS-18 Satan) ကမ္ဘာ့အားအပြင်းဆုံးSilo-based RS-20V Voevoda တိုက်ချင်းပစ်ဒုံးကျည်နေရာတွင် RS-28 Sarmat ICBM အစားထိုးရန် ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အဆိုပါ RS-28 Sarmat တိုက်ချင်းပစ်ဒုံးကျည်စနစ်များကို ၂၀၂၃ နှစ်ကုန်တွင် စတင်အသုံးပြုနိုင်ခဲ့ကြသည်။ ၂၀၂၂ခုနှစ် ဧပြီလတွင် ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သော RS-28 Sarmatသည် လေထုလွှာတွင်း ပြန်လည်ဝင်ရောက် တိုက်ခိုက်နိုင်သောစွမ်းရည်ရှိ အဖျက်စွမ်းအားပြင်း ထိပ်ဖူး ၁၀ ခုထိ သယ်ဆောင်နိုင်စွမ်းရှိသည်ဟု ယုံကြည်ထားကြသည်။ ၎င်းသည် တန်ပြန်ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေး စနစ်များကို ရှောင်လွှဲ၍ လှုပ်ရှားစစ်ကစားကာ အလျင်နှုန်းမြင့်မားစွာ လေထုလွှာအတွင်းရှိ ပစ်မှတ်များထံ ချဉ်းကပ်ပျံသန်းတိုက်ခိုက်နိုင်သည့် ထိပ်ဖူးအမျိုးအစားဖြစ်သော Avangard Hypersonic Glider နှင့်လည်း တွဲဖက်အသုံးပြုနိုင်မည်ဖြစ်သည်။ Sar-mat တိုက်ချင်းပစ်ဒုံးကျည်၏ အကွာအဝေးသည် တောင်ဝင်ရိုးစွန်းမှတစ်ဆင့် အမေရိကန်နိုင်ငံရှိ ပစ်မှတ်များကို ရုရှားနိုင်ငံမှနေ၍ ပစ်ခတ်နိုင်စေမည်ဖြစ်ကာ အလက်စကာပြည်နယ်ရှိ အမေရိကန်နိုင်ငံ၏ တန်ပြန်ပဲ့ထိန်းဒုံးကျည် ကာကွယ်ရေး အခြေစိုက်စခန်းနေရာကို ရှောင်ရှားနိုင်စွမ်းရှိသည်ဟု ရုရှားတပ်မတော်က ပြောကြားထားသည်။

အနောက်ဥရောပတွင် တာလတ်ပစ်ဒုံးကျည်များဖြန့်ကြက်ရန် အမေရိကန်နိုင်ငံ၏ ဆုံးဖြတ်ချက်အပေါ် တုံ့ပြန်မှုတွင် ရုရှားနိုင်ငံထုတ် အသံထက်မြန်သော ဟိုက်ပါဆောနစ် Oreshnik ဒုံးကျည်စနစ်သစ်သည် အဓိကအရေးပါသည့်လက်နက်ဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ပြောကြားခဲ့သည်။ ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံ Dnepr မြို့ရှိ စစ်ဘက်စက်ရုံများကိုပစ်မှတ်ထား၍ သမားရိုးကျဒုံးကျည်ထိပ်ဖူးတပ် အသံထက်မြန်သော ဟိုက်ပါဆောနစ် Oreshnik ဒုံးကျည်၏ စွမ်းရည်ကို နိုဝင်ဘာလက စမ်းသပ်ပစ်ခတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Russia developing powerful new missile systems – commander** ကိုဘာသာပြန်ဆိုထားပါသည်။

## တရုတ်က ပါကစ္စတန်အတွက် ဒုတိယမြောက်နျူကလီးယားတိုက်ခိုက်မှုစွမ်းရည်ပေးအပ်ရန် ငြင်းဆို



ယခုနှစ်အစောပိုင်းတွင် ပါကစ္စတန်နိုင်ငံ၏ မဟာဗျူဟာမြောက် ဆိပ်ကမ်းမြို့ Gwadar ၌ တရုတ်စစ်အခြေစိုက်စခန်း ဖွင့်လှစ်ခွင့်ပေးခဲ့ခြင်းအပေါ် အတုံ့အလှည့်အနေဖြင့် ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားဖြင့် လက်တုံ့ပြန်တိုက်ခိုက်မှုပြုလုပ်ခွင့် သို့မဟုတ် ဒုတိယမြောက်နျူကလီးယားတိုက်ခိုက်မှုစွမ်းရည် ပေးအပ်ရန် တောင်းဆိုချက်ကို တရုတ်နိုင်ငံက ငြင်းဆိုခဲ့သည်ဟု The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်စစ်အခြေစိုက်စခန်း အကျိုးစီးပွားနှင့် ပတ်သက်၍ နှစ်နိုင်ငံဆွေးနွေးမှုအတွင်း ဤနျူကလီးယား လက်တုံ့ပြန်တိုက်ခိုက်မှုကို တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထောက်လှမ်းရေးသတင်းရင်းမြစ်များအဆိုအရ ပါကစ္စတန်သည် စီးပွားရေးနှင့်စစ်ရေး အကူအညီအတွက် အပေးအယူအနေဖြင့် စစ်အခြေစိုက်စခန်းဖွင့်လှစ်ခွင့် တရုတ်ကိုပေးထားပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါဆုံးဖြတ်ချက်အပေါ် အမေရိကန်ဘက်က တုံ့ပြန်မှု ရှိလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် တရုတ်ဘက်က အကူအညီပေးအပ်နိုင်မှုများကိုမူ တိတိကျကျ ထုတ်ဖော်ပြောကြားထားခြင်းမရှိပေ။ သို့သော် ၎င်းတွင် အစဉ်အလာအရပြိုင်ဘက်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် ရင်ဆိုင်နိုင်ရန်အတွက် ပါကစ္စတန်စစ်ဘက်နှင့် ထောက်လှမ်းရေးစွမ်းရည်များကို ခေတ်မီအဆင့်မြင့်အောင်ပြုလုပ်ပေးခြင်းတို့ ပါဝင်မည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် အနောက်အုပ်စုနိုင်ငံများနှင့် တရုတ်နိုင်ငံအပေါ် ခိုင်မာသောစီးပွားရေးဆက်ဆံမှုရှိပြီးအုပ်စုနှစ်ခုကြား သိမ်မွေ့စွာကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ သို့သော်လည်း အချိန်ကာလတစ်ခုကြာလာသည်နှင့်အမျှ တရုတ်နိုင်ငံသည် ပါကစ္စတန်၏ မဟာမိတ်နိုင်ငံဖြစ်လာရန် မျှော်မှန်းထားပြီး တရုတ်နှင့် ပိုမိုပနံသင့်ရန် လိုအပ်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံကို ငွေကြေးအမြောက်အမြား ထုတ်ချေးပေးလျက်ရှိပြီး ကာကွယ်ရေးစစ်လက်နက်ပစ္စည်းများ အဓိကရောင်းချပေးနေသည့် အင်အားကြီးနိုင်ငံလည်း ဖြစ်သည်။ သို့သော် ပါကစ္စတန်၏ နောက်ဆုံးတောင်းဆိုမှုဖြစ်သည့် ဒုတိယမြောက် နျူကလီးယားတိုက်ခိုက်မှုစွမ်းရည် တစ်နည်းအားဖြင့် နျူလက်နက်များဖြင့်တိုက်ခိုက်ခံရပါက လက်တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံက ခွင့်ပြုပေးနိုင်ခဲ့ခြင်း မရှိကြောင်း၊ ထိုလုပ်ရပ်အတွက် အဓိကစိုးရိမ်ပူပန်မှုမှာ နျူကလီးယားမပြန့်ပွားရေးနှင့် နိုင်ငံတကာ ဥပဒေများအပေါ် ချိုးဖောက်နိုင်မှုတို့ပင်ဖြစ်ကြောင်း သိရသည်။

ဒုတိယမြောက်နျူကလီးယား တိုက်ခိုက်မှုစွမ်းရည်သည် မိမိအား နျူကလီယားဖြင့် ပထမဆုံးအကြိမ်တိုက်ခိုက်ခံလာရပါက လက်တုံ့ပြန်နိုင်မှုစွမ်းရည်ပင်ဖြစ်သည်။ စစ်ပွဲအနိုင်ရရန် အဆုံးအဖြတ်ပေးနိုင်သော နျူကလီးယားလက်နက်ဖြင့် စတင်တိုက်ခိုက်လာမည့် ရန်သူ့ဘက်မှ ကြိုးပမ်းမှုကိုအဟန့်အတားဖြစ်စေသော စွမ်းရည်ပင်ဖြစ်သည်။ ဒုတိယမြောက် တိုက်ခိုက်မှုဟု တင်စားခေါ်ဝေါ်သုံးနှုန်းထားသည့် အဆိုပါစွမ်းရည်သည် ရန်သူ့ခြိမ်းခြောက်မှုကို ဝေဝါးထွေပြားသွားစေရန်အတွက် ဟန့်တားထားနိုင်ခြင်းပင်ဖြစ်သည်ဟု စစ်ဘက်နည်း ပညာကျွမ်းကျင်သူ Kelsey Atherton ၏ ပြောကြားချက်ကို ကိုးကား၍ Drop Site သတင်းဌာနမှ ရေးသားဖော်ပြခဲ့သည်။

**China Refuses Nuclear ‘Second Strike’ Capability for Pakistan** ကိုဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ရာပြည့်ဘက်စုံသုံးခန်းမအတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ရာပြည့်ခန်းမ ကမ္ပည်းမော်ကွန်းကျောက်စာနှင့် ရာပြည့်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် တက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ဆက်လက်ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရာပြည့်ဘက်စုံသုံးခန်းမအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကျင်းပမည့် ဘွဲ့နှင်းသဘင်ခန်းမသို့သွားရောက်ကြရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် ကျောင်းသား၊ ကျောင်းသူများနှင့် တိုင်းရင်းသားမောင်မယ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနားကိုကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တက္ကသိုလ် နှစ်(၁၀၀)ပြည့် သမိုင်းမှတ်တမ်းရုပ်သံဖိုင်အား ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့် အထိမ်းအမှတ် အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းသည်တိုင်းရင်းသားပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးကဏ္ဍများနှင့်လည်း တိုက်ရိုက်ဆက်စပ်နေပြီး နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်ကြောင်း၊ ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ပြည်သူလူထု၏ လူမှုဘဝအခြေအနေ တိုးတက်ကောင်းမွန်ရေးနှင့် စားရေရိက္ခာဖူလုံရုံမက ပိုလျှံရေးအတွက်စိုက်ပျိုးရေးကိုအလေးထားလုပ်ဆောင်ပေးခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်း၊ ခေတ်အဆက်ဆက်က အစိုးရအဆက်ဆက်ကလည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးတိုးတက်ဖွံ့ဖြိုးဖို့ မူဝါဒများချမှတ်ပြီး ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒေသအလိုက်သီးနှံမျိုးစုံဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသည့် ရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟစနစ်၊ စိုက်ပျိုးရေးအရင်းအမြစ် စသည့် စိုက်ပျိုးရေးကို အထောက်အကူပြုသည့် အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် တိုင်းရင်းသားလူမျိုးပေါင်းစုံက ဒေသအနှံ့တွင် ပျံ့နှံ့နေထိုင်နေကြခြင်းကြောင့် စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် လူသားစွမ်းအင်အရင်းအမြစ်များ ခိုင်မာတောင့်တင်းနေပြီး စိုက်ပျိုးရေးအတွက် အားသာချက်ကိုဖြစ်စေကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်၏ သမိုင်းမှတ်တမ်းကို လေ့လာကြည့်သည့်အခါ၌ ကိုလိုနီလက်အောက်ကျရောက်ခဲ့ပြီး ဆယ်စုနှစ်ကာလများတွင် မြန်မာနိုင်ငံ၏ ရေခံမြေခံကောင်းကိုအသုံးချနိုင်ရန် အိန္ဒိယနိုင်ငံကို စိုက်ပျိုးရေးအတတ်ပညာသင်များ စေလွှတ်ခဲ့ကြသည်ကိုတွေ့ရကြောင်း၊ ယင်းကာလတွင် ပညာသင်စေလွှတ်ခဲ့သူ ၄၀ ဦးအနက် ၁၉ ဦးသည် မိမိတို့နိုင်ငံ စိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ၂၁ ဦးမှာ အိန္ဒိယနိုင်ငံစိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်ဟု သိရပါကြောင်း။

မိမိတို့နိုင်ငံ၏ သီးနှံများကို နိုင်ငံတကာဈေးကွက်ဝင်စေရန်မိမိတို့၏ မိရိုးဖလာသီးနှံစိုက်ပျိုးထုတ်လုပ်မှုစနစ်သည် လိုအပ်ချက်များ၊ အားနည်းချက်များရှိနေသည်ကို လေ့လာသိရှိလာခဲ့ကြကြောင်း၊အကျိုးအမြတ်ရှိပြီး ခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်လာနိုင်ရန် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်နိုင်စွမ်းရှိသည့် ပြည်တွင်းစိုက်ပျိုးရေးပညာရှင်များ ရှိမှဖြစ်မည်ဆိုသည်ကို သတိပြုမိလာခဲ့ကြကြောင်း။

ထို့ကြောင့် လိုအပ်သည့်စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးကောလိပ်နှင့်သုတေသနဗိမာန်ကို ၁၉၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မန္တလေးမြို့၌ စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်ဟု သိရကြောင်း၊ ယင်းကာလကတည်းက စိုက်ပျိုးရေးပညာရှင်များအနေဖြင့် နိုင်ငံ၏ရေခံမြေခံကောင်းကိုအသုံးချပြီး လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ကိုယ့်အားကိုယ်ကိုးပြီး ကြိုးပမ်းခဲ့ကြသည်ကို လေးစားဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စိုက်ပျိုးရေးကောလိပ်ကို စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၇၃ ခုနှစ်တွင် စိုက်ပျိုးရေးတက္ကသိုလ်ကို စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်များ ပြည့်စုံနေသည့် ပျဉ်းမနားမြို့နယ် ရေဆင်းဒေသသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း။

စိုက်ပျိုးရေး တက္ကသိုလ်အနေဖြင့် နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရှင်ပေါင်းများစွာကို သင်ကြားမွေးထုတ်ဖြည့်ဆည်းပေးနေသောကြောင့် ဂုဏ်ယူဖွယ်တက္ကသိုလ်ကြီးဖြစ်ကြောင်းကို ပြောလိုကြောင်း၊ ယခုနှစ် ၂၀၂၄ ခုနှစ်သည်လည်း နိုင်ငံ၏စိုက်ပျိုးရေးဆိုင်ရာလူသားအရင်းအမြစ်များကို နိုင်ငံတကာနည်းတူ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသည့် စိုက်ပျိုးရေးပညာသင်ကြားမှုအစပြုခဲ့သည်မှာ နှစ်(၁၀၀) ပြည့်မြောက်သည့်နှစ်ဖြစ်သဖြင့် အင်မတန်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထွက်ကောင်း အောင်နိုင်တိုးစပါး Yezin Super Rice(YSR-1) စပါးမျိုး ထုတ်လုပ်နိုင်ခဲ့မှုအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဂုဏ်ပြုဆုအားပေးအပ်ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူစဉ်။

**နိုင်ငံတော်တွင်ရှိသည့် သီးနှံစိုက်ဧက စုစုပေါင်း ၃၃ သန်းမှ အရေးကြီးသီးနှံများကို ဦးစားပေးပြီး ပြည်တွင်းစားရေရိက္ခာဖူလုံမှုရှိစေရေး၊ ပြည်ပကို တိုးချဲ့တင်ပို့ရောင်းချနိုင်ရေးနှင့် သွင်းကုန်အစားထိုးပမာဏ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးစားလုပ်ဆောင်လျက်ရှိ၊ ပန်းတိုင်းရည်မှန်းချက်သည် အကြိမ်ကြိမ်သုတေသနပြုပြီးမှ ဖော်ထုတ်ထားခြင်းဖြစ်သဖြင့် ဒေသအလိုက် ပန်းတိုင်ပြည့်မီရေး စနစ်တကျသုံးသပ်ဆောင်ရွက်ရမည်ဖြစ်၊ အလားတူ သီးထပ်စွမ်းအားမြှင့်တင်နိုင်မှုသည်လည်း နိုင်ငံ၏ ကုန်ထုတ်စွမ်းအားတိုးတက်ပြီး GDP ပမာဏ တိုးတက်လာစေမည်ဖြစ်. . .**

စိုက်ပျိုးရေးကောလိပ်စတင်ဖွင့်လှစ်ချိန် ၌ **“ ၃ နှစ်စိုက်ပျိုးရေး ဒီပလိုမာ”**အောင်လက်မှတ်ချီးမြှင့်သည့်အဆင့်မှ ဥပစာတန်းအောင်မြင်သူများ ၂ နှစ် တက်ရောက်နိုင်သည့် သိပ္ပံဘွဲ့(စိုက်ပျိုးရေး)B.SC(Agri)၊သိပ္ပံဘွဲ့(ပိုးမွေးမြူရေး)B.Sc(Sericulture)တို့ကို ပေးအပ်ခဲ့ကြောင်း၊ ၁၉၆၄ ခုနှစ် စနစ်သစ်ပညာရေးကစပြီး စိုက်ပျိုးရေးပညာဘွဲ့ (Bachelor of Agriculture)၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)တို့ကိုအပ်နှင်းခဲ့ကြောင်း၊ လက်ရှိအချိန်၌ မဟာဘွဲ့၊ ပါရဂူဘွဲ့များအပြင် တိုးတက်ပြောင်းလဲလာနေသည့် ခေတ်နှင့်အညီ သင်ကြားပေးနိုင်ရေး သင်ရိုးညွှန်းတမ်း၊ သင်နည်းစနစ်၊ သုတေသနများကို နိုင်ငံတကာရှိတက္ကသိုလ်များအဆင့်နှင့် ကိုက်ညီအောင် ပြုပြင်မွမ်းမံသင်ကြားပေးနေပြီး စိုက်ပျိုးရေးနှင့် နီးနွှယ်သောပညာရပ်ဆိုင်ရာဘွဲ့များ တိုးချဲ့သင်ကြားပေးနေသည့်အတွက် အလွန်အားရဖွယ်အနေအထားဖြစ်ကြောင်းကို အသိအမှတ်ပြုပြောကြားလိုကြောင်း။

နှစ်(၁၀၀)ကာလအတွင်း တက္ကသိုလ်အနေဖြင့် နိုင်ငံတော်ကအားထားရမည့် အသိပညာရှင် အတတ်ပညာရှင်များအဖြစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၁၃၁၉၇ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၆၇၃ ဦး၊ ပါရဂူဘွဲ့ရ ၈၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာလက်မှတ်ရဦးရေ ၇၀ နှင့် မဟာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုစဉ်။

ဒဿနဘွဲ့ရ ၁၁ ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထိုကဲ့သို့ မွေးထုတ်ပေးနိုင်ခဲ့သောကြောင့် နိုင်ငံ့အတွက် အကျိုးကျေးဇူးများ ရရှိစေခဲ့ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်ကို ယူပြီးချိန်တွင် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”နှင့် “ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက် အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး”**ဟူသည့် စီးပွားရေးဦးတည်ချက်များကို ထည့်သွင်းချမှတ်ပြီး နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံအတွင်းစားရေရိက္ခာဖူလုံပိုလျှံအောင် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်နေကြောင်း။

နိုင်ငံတော်တွင်ရှိသည့် သီးနှံစိုက်ဧက စုစုပေါင်း ၃၃ သန်းမှ အရေးကြီးသီးနှံများကို ဦးစားပေးပြီး ပြည်တွင်းစားရေရိက္ခာဖူလုံမှုရှိစေရေး၊ ပြည်ပကိုတိုးချဲ့တင်ပို့ရောင်းချနိုင်ရေးနှင့် သွင်းကုန်အစားထိုးပမာဏ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း၊ ပန်းတိုင်းရည်မှန်းချက်သည် အကြိမ်ကြိမ်သုတေသနပြုပြီးမှ ဖော်ထုတ်ထားခြင်းဖြစ်သဖြင့် ဒေသအလိုက် ပန်းတိုင်ပြည့်မီရေး စနစ်တကျသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ သီးထပ်စွမ်းအားမြှင့်တင်နိုင်မှုသည်လည်း နိုင်ငံ၏ ကုန်ထုတ်စွမ်းအားတိုးတက်ပြီး

**စာမျက်နှာ ၁၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

GDP ပမာဏ တိုးတက်လာစေမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ကြသည့်နေရာတွင် စိုက်ပျိုးရေးပညာရှင်များ၏ အခန်းကဏ္ဍသည်အရေးကြီးသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်နေသည့် အခြားဆက်စပ်ကဏ္ဍများက ပညာရှင်များဖြင့် ချိတ်ဆက် လုပ်ဆောင်မှုသည်လည်း အရေးကြီးကြောင်း။

ထိုသို့ ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းများ အဆင်ပြေအောင်မြင်စေရေး တက္ကသိုလ်စတင်တည်ထောင်စဉ်ကာလတွင် **"သင်ကြားရေးနှင့်သုတေသန"** ဟူသည့်လုပ်ငန်းနယ်ပယ်နှစ်ရပ်ကို ဦးစားပေးခဲ့ကြောင်း၊ ယခုအချိန်တွင် **"သင်ကြားရေး၊ သုတေသနနှင့် နည်းပညာပြန့်ပွားရေး"**ဟူသည့် လုပ်ငန်းစဉ်ကြီးသုံးရပ်အဖြစ် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အများဆုံးအသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ရေးဦးစားပေးရမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ထိုကဲ့သို့ လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းစေမည့် သိပ္ပံနည်းကျစိုက်ပျိုးရေးပညာများကို ကျေးလက်နေစိုက်ပျိုးရေးပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိပြီး အသုံးချနိုင်စေရေး စိုက်ပျိုးရေးသိပ္ပံဘွဲ့ရပညာရှင်များသာမက အလယ်အလတ်တန်း စိုက်ပျိုးရေးပညာရှင်များနှင့် အခြေခံအဆင့် စိုက်ပျိုးရေးကျွမ်းကျင်လုပ်သားများ များစွာမွေးထုတ်ပေးရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးဒီပလိုမာအောင်လက်မှတ်ပေးသည့် ယခင်စိုက်ပျိုးရေးသိပ္ပံကျောင်းများအပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး စိုက်ပျိုးရေးဘာသာရပ် သင်ကြားပေးသည့် အထက်တန်းကျောင်း ၈၅ ကျောင်းကိုလည်း နိုင်ငံတစ်ဝန်းဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးရေးသိပ္ပံကျောင်းများနှင့် စိုက်ပျိုးရေးဘာသာရပ်သင်ကြားပေးသည့် အထက်တန်းကျောင်းများမှ ထူးချွန်စွာအောင်မြင်ကြသူများကိုလည်း သတ်မှတ်အရည်အချင်းနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး စိုက်ပျိုးရေးပညာရှင်များအဖြစ်မွေးထုတ်ပေးနိုင်ရေး တက္ကသိုလ်က အားထုတ်ဆောင်ရွက်နေကြသည်ကို သိရှိရသည့်အတွက် ကျေနပ်အားရဖြစ်မိကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်၏ အရေးပါမှုကို အသိအမှတ်ပြုချီးမြှောက်သည့်အနေဖြင့် အစိုးရအဆက်ဆက်သည် တက္ကသိုလ်၏ အထင်ကရအထိမ်းအမှတ်နှစ်များတွင် အထင်ကရအဆောက်အအုံများ ဆောက်လုပ်ပြီး မှတ်တမ်းတင်ဂုဏ်ပြုခဲ့ကြကြောင်း၊ စိန်ရတုနှစ်ဖြစ်သည့် ၁၉၉၉ခုနှစ်တွင် ဂုဏ်ကျက်သရေတင့်တယ်သည့် စိန်ရတုဓမ္မာရုံနှင့်သေသပ်လှပသည့် စိန်ရတုအစည်းအဝေးခန်းမ၊ တက္ကသိုလ် နှစ်(၉၀)ပြည့်သည့် ၂၀၁၄ ခုနှစ်တွင် ခမ်းနားထည်ဝါသည့် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကို တည်ဆောက်မှတ်တမ်းတင်ပေးခဲ့ကြောင်း၊ ယခုတက္ကသိုလ် နှစ်(၁၀၀)ပြည့်အခါသမယတွင် နိုင်ငံတကာအဆင့်မီရာပြည့်ခန်းမ အဆောက်အအုံကြီးကို အထင်ကရသမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဂုဏ်ပြုချီးမြှင့် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်မှာ အလွန်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ တည်ဆောက်ပေးခဲ့သည့် အဆောက်အအုံများကို တန်ဖိုးရှိစွာအသုံးပြုနေကြဆဲဖြစ်သကဲ့သို့ ယခုဖွင့်လှစ်သည့် ရာပြည့်ခန်းမ အဆောက်အအုံကိုလည်း ပညာရပ်ဆိုင်ရာအခမ်းအနားများ၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများအတွက် အကျိုးရှိရှိ ထိထိရောက်ရောက်အသုံးပြုသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ကိုယ့်ခွန်၊ကိုယ့်အား၊ကိုယ့်စွမ်းပကားဖြင့် နိုင်ငံအကျိုးပြုစားရေရိက္ခာပြည့်စုံဖူလုံစေရေးဆောင်ရွက်နေကြသည့် စိုက်ပျိုးရေး ပညာရှင်မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်များ၏အခန်းကဏ္ဍသည် ရာပြည့်သမိုင်းတွင် မှတ်တမ်းထိုးခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ မွန်မြတ်လှပြီး အတ္တနှင့်ပရ အကျိုးနှစ်ဝကိုရစေသည့် စိုက်ပျိုးနည်းပညာရပ်များကို ပြန့်ပွားတိုးတက်စေရေး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းမျှဝေပေးပြီး အနာဂတ် စိုက်ပျိုးရေးကဏ္ဍအောင်မြင်တိုးတက်စေရန် စွမ်းစွမ်းတမံဆက်လက်လုပ်ဆောင်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အပြင် အခြားသောဌာနနှင့် နယ်ပယ်အသီးသီးတွင် ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန်ထမ်းရွက်ခဲ့ကြသည့် ပညာရှင်များကို ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် တာဝန်ထမ်းဆောင်နေဆဲ ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် စိုက်ပျိုးရေးအကျိုးကို ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံအကျိုး ဆတက်ထမ်းပိုးလုပ်ဆောင်နိုင်ကြရန်လည်း ဆန္ဒပြုအပ်ပါကြောင်း။

ဆက်လက်၍လည်း တက္ကသိုလ်ကြီး၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် စားရေရိက္ခာ ထုတ်လုပ်မှုနည်းပညာများကို စိုက်ပျိုးထုတ်လုပ်သူများအကျိုး၊ တိုင်းပြည်အကျိုး၊ သဘာဝပတ်ဝန်းကျင်တည်တံ့စေရေး အကျိုးတို့ကိုရည်သန်ပြီး ရှေ့ဆောင်လမ်းပြ လုပ်ဆောင်နိုင်ကြစေရန်၊ နိုင်ငံတွင်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာနှင့်လူသားအရင်းအမြစ်ဆိုင်ရာ အခြေခံကောင်းများ၏ အားသာချက်ကိုသိရှိပြီး ထိထိရောက်ရောက်အသုံးချနိုင်သကဲ့သို့ အားနည်းချက်များကို သတိပြုမိပြီး ပညာရှင်များ ပီသစွာပြုပြင်ဖြည့်စွမ်းပေးနိုင်ကြရန်လိုကြောင်း။

**"စိုက်ပျိုးပညာ၊ ပြည်ရွာဖွံ့ဖြိုး"** ဟူသည့် တက္ကသိုလ်ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့်ပြည်ရွာအကျိုးကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်မည့်ထူးချွန်သည့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်နိုင်ရေး ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်းနှင့် စိုက်ပျိုးရေးတက္ကသိုလ်ကြီး ရာပြည့်နှစ်အချိန်ကာလမှသည် ကမ္ဘာတည်သရွေ့ ဆက်လက်အဓွန့်ရှည်တည်တံ့စေရေး ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

**နှစ်(၁၀၀)ကာလအတွင်း တက္ကသိုလ်အနေဖြင့် နိုင်ငံတော်က အားထားရမည့် အသိပညာရှင် အတတ်ပညာရှင်များအဖြစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၁၃၁၉၇ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၆၇၃ ဦး၊ပါရဂူဘွဲ့ရ ၈၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာလက်မှတ်ရ ဦးရေ ၇၀ နှင့် မဟာဒဿနဘွဲ့ရ ၁၁ ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကိုတွေ့ရ . . .**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထွက်ကောင်းအောင်နိုင်တိုးစပါး Yezin Super Rice(YSR-1) စပါးမျိုး ထုတ်လုပ်နိုင်ခဲ့မှုအတွက် စိုက်ပျိုးရေး သုတေသနဦးစီးဌာနကို ဂုဏ်ပြုဆု အားပေးအပ်ရာ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူသည်။

၎င်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တက္ကသိုလ်ရာပြည့်သဘင်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၂၃ရက်မှ ၃၀ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Face-book Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Face-book Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များအား ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်စဉ်။

**မိမိတို့အစိုးရအနေဖြင့်လည်း ပြည်သူအားလုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိရေးအတွက် ရှေ့လုပ်ငန်းစဉ်များ၊ အမျိုးသားရေးနှင့် နိုင်ငံရေးရည်မှန်းချက်များချမှတ်ပြီး ကြိုးစားဆောင်ရွက်ပေးနေကြောင်း၊ အတူယှဉ်တွဲနေထိုင်ကြသည့် လူ့အဖွဲ့အစည်းတစ်ခုအတွင်း၌ ကြုံတွေ့လာသည့်ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟုယုံကြည်ပါကြောင်း၊ နိုင်ငံရေးပြဿနာတစ်နည်းအားဖြင့် နိုင်ငံရေးအရတောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍ရနိုင်မည်မဟုတ်ကြောင်း၊ ထိုကဲ့သို့လက်နက်ကိုင်အကြမ်းဖက်မှုလမ်းစဉ်ကို မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံသကဲ့သို့ မိမိတို့အားလုံးကလည်း ဆန့်ကျင်ကြရန်လိုကြောင်း . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်ဆုတောင်းလွှာကိုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက "အိုသာယာသောမြန်မာပြည်"ဓမ္မသီချင်းကိုသံပြိုင်သီဆိုချီးမွမ်းကြစဉ်။

☆ **ကျောဖုံးမှအဆက်**

မြန်မာနိုင်ငံ ခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် St. Mary’s Cathedral Church သို့ ရောက်ရှိကြရာ ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ သိက္ခာတော်ရဆရာ

**ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်ကောင်းချီး ဆုမွန်စကား မျှဝေပြောကြားစဉ်။**

မျိုးမြင့်ဦးက အဖွင့်ဆုတောင်းပြီး သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် **"အိုသာယာသောမြန်မာပြည်"** ဓမ္မသီချင်းကို သံပြိုင်သီဆိုချီးမွမ်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယေရှုခရစ်တော်မွေးဖွားခြင်းကို အထိမ်းအမှတ်ပြုသည့်နေ့အဖြစ် ခရစ္စမတ်နေ့ကို ကျင်းပကြခြင်းဖြစ်ပြီး ခရစ္စမတ်ကာလသည် လူအများကိုပြုံးပျော်စေသည့်၊ ပျော်ရွှင်ချမ်းမြေ့စေသည့် ကာလတစ်ခုဟု ဆိုနိုင်ကြောင်း။

ဘာသာတရားနှင့်ပတ်သက်ပြီး လူသားတိုင်းသည် မိမိတို့ယုံကြည်ရာဘာသာ၊ သာသနာကို လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်သည့် အခွင့်အရေးရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဘာသာ၊ သာသနာများနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်တွင် ပုဒ်မများပြဋ္ဌာန်းပြီး ဥပဒေကြောင်းအရ အာမခံချက်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း၏ ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်ခွင့် အညီအမျှရရှိရေးကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ကြောင်း။

ဘာသာတရားဟူသည်မှာ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစေရေးအတွက် အဆုံးအမတစ်ခုပင်ဖြစ်သည်ဟု မိမိယုံကြည်ပါကြောင်း၊ အသိတရားတစ်ခုလည်းဖြစ်ပြီး ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးရမည်ဖြစ်ကြောင်း၊ လူသားတို့၏အတွင်းစိတ်သဏ္ဌာန် **စာမျက်နှာ ၂၀ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများမှ တည်ခင်းဧည့်ခံသည့် မိတ်သဟာယညစာကို အတူတကွသုံးဆောင်စဉ်။

စာမျက်နှာ ၁၉ မှအဆက်

အေးချမ်းမှုသာ လူမှုဝန်းကျင်တစ်ခုလုံး ငြိမ်းအေးမှုအရသာကို ခံစားကြရမည်ဖြစ်ကြောင်း၊ ကိုးကွယ်သည့် ဘာသာတရားများ မတူကွဲပြားသော်လည်း လူအချင်းချင်းကြားတွင် မေတ္တာတရားများ ဖုံးလွှမ်းနေရေးအတွက် ဘာသာတရားများ၏ အခြေခံဖြစ်သည့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို လိုက်နာရမည်ဖြစ်သကဲ့သို့ အစွန်းရောက်ခြင်း၊ တစ်ယူသန်ခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယုံကြည်မှုပေါင်းစုံ သဟဇာတဖြစ်စွာ အတူယှဉ်တွဲစုစည်းနေထိုင်ခဲ့ကြသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ထိုသို့ မတူကွဲပြားမှုများကြားတွင် မိမိတို့သည် သဘောထားကြီးစွာဖြင့် အပြန်အလှန်သည်းခံမှု၊ နားလည်ပေးနိုင်မှုများဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြကြောင်း၊ ယင်းကို မိမိတို့ဆက်လက်ကာကွယ် ထိန်းသိမ်းသွားကြရန်လိုပြီး အထူးသဖြင့် သက်ဆိုင်ရာဘာသာအလိုက် ဘာသာရေးခေါင်းဆောင်များက မိမိတို့ ဘာသာဝင်များကို အသိ၊ ပညာ၊ စိတ်ဓာတ်များ ကောင်းမွန်အောင် တည့်မတ်ပေးကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့အစိုးရအနေဖြင့်လည်း ပြည်သူအားလုံး လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိရေးအတွက် ရွေ့လုပ်ငန်းစဉ်များ၊ အမျိုးသားရေးနှင့် နိုင်ငံရေးရည်မှန်းချက်များ ချမှတ်ပြီး ကြိုးစားဆောင်ရွက်ပေးနေကြောင်း၊ အတူယှဉ်တွဲနေထိုင်ကြသည့် လူအဖွဲ့အစည်းတစ်ခုအတွင်း၌ ကြုံတွေ့လာသည့် ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံရေးပြဿနာတစ်နည်းအားဖြင့် နိုင်ငံရေးအရတောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍ ရနိုင်မည်မဟုတ်ကြောင်း၊ ထိုကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်မှုလမ်းစဉ်ကို မည်သည့် လူ့အဖွဲ့အစည်းကမျှ လက်မခံသကဲ့သို့ မိမိတို့အားလုံးကလည်း ဆန့်ကျင်ကြရန်လိုကြောင်း။

မြန်မာနိုင်ငံအတွင်း၌ ဗုဒ္ဓဘာသာကိုးကွယ်သူဦးရေ အများဆုံးရှိပြီး ခရစ်ယာန်ဘာသာ ကိုးကွယ်သူဦးရေသည် ဒုတိယအများဆုံးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရန်၊ ကြွယ်ဝချမ်းသာရန် ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများနှင့် ဘာသာဝင်များက အရေးကြီးသည့်နေရာတွင်ရှိနေကြောင်း၊ ထို့ကြောင့် ကျရာကဏ္ဍအသီးသီးမှ ပါဝင်ပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းပြောကြားလိုကြောင်း၊ ယခု ခရစ္စမတ်အချိန်အခါကစပြီး ဘုရားရှင်၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့မြန်မာနိုင်ငံသာမကဘဲ ကမ္ဘာတစ်ဝန်းရှိ ပြည်သူပြည်သားအားလုံး တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ သည်းခံပေးမှု စိတ်ထားများဖြင့် တည်ငြိမ်အေးချမ်းသာယာလှပသည့် လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်သွား



သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။



သိက္ခာတော်ရဆရာ မျိုးမြင့်ဦးက အဖွင့်ဆုတောင်းစဉ်။

ကြရန်နှိုးဆော်လျက် ခရစ္စမတ်ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နေ့ဒ်အယ်ဆရီးဝါးက ဂုဏ်တော် ချီးမွမ်းခြင်းကိုလည်းကောင်း၊ သိက္ခာတော်ရဆရာ ဒေါက်တာမောရစ်လျန်နှာ ဦးဆောင်၍ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မွေးနေ့တော်ပွဲ အတုံ့အပြန်ဖတ်ကြားခြင်းကိုလည်းကောင်း၊ Sister မေရီဇင်မာဆွေက ကျမ်းစာ ဖတ်ကြားခြင်းကိုလည်းကောင်း၊ ဓမ္မဒေသနာ ချီးမြှင့်ဟောကြားခြင်းကို ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုကလည်းကောင်း အသီးသီး ဆောင်ရွက်ကြပြီး ခရစ္စမတ်သံစုံကို ကျေးဇူးတော်မြတ် နှစ်ချင်းအသင်းတော်က သီဆိုဟစ်ကြွေးကြသည်။ ထို့နောက် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အထူးဆုတောင်းခြင်းကို ဆောင်ရွက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်အမှတ်တရမေတ္တာလက်ဆောင်၊ ခရစ္စမတ်ဆုတောင်းလွှာနှင့် ကျောက်စီပန်းချီကားကိုပေးအပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များကိုပြန်လည်ပေးအပ်သည်။

ထို့နောက် သိက္ခာတော်ရဆရာ မန်းပါမာစတန်က ကျေးဇူးတင်စကားပြောကြားပြီး သိက္ခာတော်ရဆရာ စောဆားနေကခရစ္စမတ်အခါသမယ မိတ်သဟာယညစာစားပွဲဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများအားလုံးအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းကို ဆောင်ရွက်သည်။

ယင်းနောက် **"ခရစ်တော်ကြွလာကျူး"** ဓမ္မသီချင်းကို ပရိသတ်များက သံပြိုင်သီဆိုကြသည်။

ထို့နောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်ကောင်းချီးဆုမွန်စကားမျှဝေပြောကြားရာတွင် မင်္ဂလာရှိသောခရစ္စမတ်အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များသာမက ကမ္ဘာပေါ်ရှိ လူသားအားလုံး ခရစ္စမတ်၏ ကောင်းခြင်းမင်္ဂလာတို့ဖြင့် ပြည့်စုံပါစေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစု၊ အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာပြည်သူပြည်သားအားလုံး ကောင်းချီးမင်္ဂလာများရရှိပါစေကြောင်းဖြင့် ဆုမွန်စကားပြောကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များသည် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများက တည်ခင်းဧည့်ခံသည့် မိတ်သဟာယညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ၊ သာသနိကအဆောက်အအုံများ ကြည့်ရှုစစ်ဆေး



ရန်ကုန် ဒီဇင်ဘာ ၂၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ရောက်ရှိပြီး စေတီတော်တောင်ဘက်မုခ် ဗောဓိညောင်ပင်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ ရွှေတိဂုံစေတီတော်သမိုင်း အချက်အလက်နှင့် ဘုရားဖူးလမ်းညွှန်ကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး၌ တွေ့ဆုံရာ အလှည့်ကျသဘာပတိ ဦးထိန်ဝင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက ၂၀၂၄-၂၀၂၅ အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နေမှု၊ နိုင်ငံတော်အကြီးအကဲ မှာကြားခဲ့သည့် လုပ်ငန်းလမ်းညွှန်ချက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိသာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ (၅၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ၊ ဓမ္မပူဇနိယ၊ သံဃပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင်ပေါ်ရှိ နန်းဦးဘုရားကြီး တန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒထံမှ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌနှင့် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့၏ သံဃပူဇာအဖြစ် ဂေါတမမြတ်စွာဘုရားအား အမှူးထားပြီး ဆရာတော်၊ သံဃာတော် ၁၀၈ ပါးနှင့် သီလရှင် ၃၆ ပါးတို့ကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူ အလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်စပ်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက်ပြန်အစားထိုးရန် သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၂

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှု လွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူ အလုပ်ပိတ်ရက်များကြားရှိ အောက်ပါရုံးဖွင့်ရက်များကို တစ်ဆက်တည်းရုံးပိတ်ရက် အဖြစ် သတ်မှတ်ပေးသွားမည်ဖြစ်သည်-

(က) ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (စနေနေ့)၊ ၂၉ ရက်(တနင်္ဂနွေနေ့)၊ ၃၀ ရက် (ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တို့ ကြားရှိ **၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်၊** (ရုံးပိတ်ရက် ငါးရက်)၊

(ခ) ၂၀၂၅ ခုနှစ် မတ် ၁၃ ရက် (တပေါင်းလပြည့်နေ့)၊ ၁၅ ရက် (စနေနေ့)နှင့် ၁၆ ရက် (တနင်္ဂနွေနေ့)တို့ကြားရှိ **မတ် ၁၄ ရက်နှင့် တပေါင်းလပြည့်နေ့၏ ရှေ့တစ်ရက်ဖြစ်သည့် မတ် ၁၂ ရက်၊** (ရုံးပိတ်ရက် ငါးရက်)၊

(ဂ) ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက် (စနေနေ့)၊ ၂ ရက် (တနင်္ဂနွေနေ့)နှင့် ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တို့ကြားရှိ **နိုဝင်ဘာ ၃ ရက်၊** (ရုံးပိတ်ရက် လေးရက်)၊

(ဃ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက်(စနေနေ့)နှင့် ၂၈ ရက် (တနင်္ဂနွေနေ့)တို့ကြားရှိ **ဒီဇင်ဘာ ၂၆ ရက်၊** (ရုံးပိတ်ရက် လေးရက်)။

**အထက်ပါပိတ်ရက်ရှည်အဖြစ် သတ်မှတ်ပေးသည့် ရုံးပိတ်ရက်ရှည်များ၏ ရှေ့လာမည့် အနီးဆုံးစနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်**သည်။ ပထမရုံးပိတ်ရက် ငါးရက်အတွက် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက် စနေနေ့သည် အစားထိုးရုံးတက်ရက်ဖြစ်သော်လည်း ယင်းနေ့သည် လွတ်လပ်ရေးနေ့ဖြစ်၍ **ဇန်နဝါရီ ၁၁ ရက်**(စနေနေ့)၊ ဒုတိယရုံးပိတ်ရက်ရှည်အတွက် **မတ် ၂၂ ရက်** (စနေနေ့)နှင့် **မတ် ၂၉ ရက်**(စနေနေ့)၊ တတိယရုံးပိတ်ရက်ရှည်အတွက် **နိုဝင်ဘာ ၈ ရက်**(စနေနေ့)၊ စတုတ္ထရုံးပိတ်ရက်ရှည်အတွက် **၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက် (စနေနေ့)တို့ကို အစားထိုးရုံးတက်ရက်များအဖြစ်** သတ်မှတ်မည်ဖြစ်ကြောင်း သိရှိရသည်။ (၅၀၁)

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားတည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၂

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယနေ့တွင် ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်တည်ဆောက်နေသည့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်ဘက်ခြမ်း ကမ်းနားလမ်း ဆင်ခြေလျှောတံတားနှစ်စင်း ဆောင်ရွက်ပြီးစီးမှုနှင့် ဘုန်းကြီးလမ်းတစ်လျှောက် ချဉ်းကပ်တံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော Consultant အဖွဲ့မှ တာဝန်ရှိသူက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အပိုင်းလိုက်ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒလဘက်ခြမ်းရှိ ပင်မတံတား ရေလယ်တာဝါတိုင်(Pylon-1)သို့ ရေယာဉ်ဖြင့် သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအားလုံး သတ်မှတ်ချိန်အမီ ပြီးစီးရေး တည်ဆောက်သွားရန်တို့ကို မှာကြားသည်။

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားသည် ခေတ်မီလှပသော ဒီဇိုင်းဖြင့် ပုံစံထုတ်တည်ဆောက်ထားပြီး မြန်မာနိုင်ငံရှိ တည်ဆောက်ပြီးတံတားများအနက် ရေလမ်းကင်းလွတ်အမြင့် အများဆုံး ကြိုးဆိုင်းတံတားတစ်စင်းဖြစ်ပြီး ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားဘေးပတ်ဝန်းကျင်ရှိ လူနေအိမ်များအတွက် မော်တော်ယာဉ်များ၏ ဆူညံသံများ အနှောင့်အယှက်မဖြစ်စေရေး အသံထိန်းနံရံများကိုတံတားတစ်ဖက်တစ်ချက်၌တပ်ဆင်ထားသည့်အပြင် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးအဆောက်အအုံတစ်ခု၊ တံတားအသုံးပြုခကောက်ခံရေးစခန်း (Toll Plaza)နှင့် တန်ပိုယာဉ်များ ထိန်းသိမ်းကြီးကြပ်ရန် Weight Bridge တို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လယ်ဝေးမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လယ်ဝေးမြို့ ပျံချီကျေးရွာရှိ သီရိပျံချီကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၁၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈/ ၂၀၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအားကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ကြိုဆိုခဲ့ကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈/၂၀၂၄)ကို ဒီဇင်ဘာ ၂၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါသင်တန်းသို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ၊ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ်စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပပြုလုပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဒီဇင်ဘာအားကစားလစုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်စုပေါင်းတန်းစီကွင်းနှင့်တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်ကိုကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌ လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်စဉ်။

## ထူးခြားသည့် ညအပူချိန်များ (၂၂-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ပူတာအို | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၁ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပခန်းစပါးတင်းရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပခန်းစပါးတင်းရေ ၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ယုဝေက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် အောက်တိုဘာလအတွင်း ပခန်းစပါးတင်းရေ၆၀၀၀၀ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သော နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ ပခန်းစပါးတင်းရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပန်းတနော်မြို့နယ်ဘက်က ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ပခန်းစပါးတင်းရေ၈၀၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေးကောင်းပါတယ်။ ပခန်းစပါးက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု ကောင်းနေလို့ တင်ပို့မှုကောင်းခဲ့တာ ဖြစ်ပါတယ်။ ပြည်တွင်းဆန်၊ စပါးဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေပါတယ်''ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၈၀၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများအလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ယုဝေ သိရသည်။

**ကျော်ကျော်လင်း**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၅၁၅ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်၇၄၂၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၅၁၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၇၄၂၆ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ဒီနေ့ထိ ၇၅၁၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ခရမ်း၊မုန်လာထုပ်သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါတယ်။စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်တွေကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)



# ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချိုင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွဲလွဲနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက ချိုင်းကျေးရွာ၌ လမ်းအရှည် ပေ ၂၂၂၀ ၊ အကျယ် ၁၂ပေ၊ အမြင့် မြေသား တစ်ပေ သဲဖြူနှံး ကိုးလက်မရှိ ကျေးလက်ကုန်ထုတ် လမ်းဖောက်လုပ်နေမှု၊အဆိုပါ လမ်းပေါ်ရှိ Slab Culvert တစ်စင်း၊ Pipe Culvert သုံးစင်း တည်ဆောက်နေမှုနှင့် လမ်းအရည် အသွေးစံချိန်စံညွှန်း ပြည့်မီစေရေး၊ မြေသား သိပ်သည်းဆ တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ချိုင်းကျေးရွာရှိ အဆိုပါ ကျေးလက် ကုန်ထုတ်လမ်း၊တံတားများ ဖောက်လုပ်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ဒသမ ၆၂၇သန်းဖြင့် တင်ဒါအောင်မြင်သော ဝမ်းပြည့်အောင် ကုမ္ပဏီမှ ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၁၂-၂၀၂၄


| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



## ဝတ္ထုတိုကဏ္ဍ

# ခါးသီးခဲ့ရ ချိုမြခဲ့ရ ဆရာ့ဘဝတွေ

ကျွန်းစဉ်မြေစောခက်

(၁)

ကျွန်တော်သည် ကျောင်းနေစဉ် ငယ်ကတည်းကပင် ကျောင်းဆရာဖြစ်လို့သည့် ဆန္ဒပြင်းပြခဲ့သည်။ ကျောင်းဆရာ အဖြစ်ချင်ဆုံး လူများထဲတွင် ကျွန်တော်တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ သို့သော် ကိုယ်၏အားနည်းမှု အသုံးမကျမှုကြောင့် ဒသမတန်းနောက်ဆုံးစာမေးပွဲဖြေသည့်နှစ်မှာပဲ စာမေးပွဲကျပြီး ကျောင်းတော်မြေနှင့်ဝေးခဲ့ရသည်။ ခယောင်းလမ်းကို ဖြတ်သန်းကာ အလုပ်ကြမ်းလုပ်ပြီး ဘဝအတွက် စီးချင်းထိုးခဲ့ရသည်။ ရေပင်လယ်ထဲ ပိုက်မျှော ငါးရှာလုပ်ခဲ့ရသည်။ ဓနိခုတ်၊ ထင်းခုတ် လုပ်ခဲ့ရသည်။ လှေထိုး လိုက်ကာ လှေလှော်ရွက်တိုက် လုပ်ခဲ့ရသည်။

ကာလဒီရေ၏ တိုက်စားမှုကြောင့် ပူလောင်စပ်ခါးဘဝများကြား လှုပ်ရှားရုန်းကန်လာရချိန်တွင် စာမေးပွဲရှုံးနိမ့်ခြင်း၏ ခါးသီးမှုရသကို ပြင်းပြင်းရှရှ ခံစားခဲ့ရသည်။ လှေလှော်တက်ခတ်နားသည့် အချိန်များတွင်လည်းကောင်း၊ ပိုက်ချမျှားချနားသည့် အချိန်များတွင်လည်းကောင်း ကျောင်းသင်ဘာသာရပ်များကို ပြန်ဖတ်သည်။ တွက်ချက်သည်။ ကိုယ်တိုင် သင်ပြသူ ကိုယ်တိုင် သင်ယူသူ ဘဝပင်ဖြစ်ပါ၏။ ဆယ်စုနှစ် တစ်စုနီးနီး ကာလမှာတော့ ဆယ်တန်းအောင်၊ ဘွဲ့ရဆိုသူဖြစ်လာခဲ့ပြီး ပညာရေးဝန်ကြီးဌာနတွင် သင်ကြားရေးကျောင်းဆရာဟူသည်ဖြစ်လာခဲ့ပေတော့သည်။ နေ့ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ၊ ပေးဆပ်မှုပေါင်းများစွာဖြင့် ရယူခဲ့သော ကျောင်းဆရာ ဘဝကို ကျွန်တော် လွန်စွာတန်ဖိုးထားပါသည်။

ကျေးလက်ကြားက တောင်သူလယ်သမားရင်သွေးငယ်များ၏ အဖြူရောင်နှလုံးသားကို စေတနာ၊ ဝါသနာ၊ အနစ်နာအပြင် အကြင်နာနှလုံးသားဖြင့်ပညာအာဟာရခွံ့ကျွေးခဲ့ပါသည်။ သင်ကြားရေးစင်မြင့်ပေါ်တွင် သံစဉ်ညှိပြီး သင်ပြ၏၊ ဆိုပြ၏၊ ရေးပြ၏။ ကျောင်းဆရာဘဝ ပြေးလမ်းတစ်လျှောက်ဖြစ်ပျက်မှု အစုံစုံတို့၏ ကောင်းခြင်း၊ ဆိုးခြင်းတို့ကို ဆန်းစစ်မိသည်တွင် တချို့မှာ ဝတ္ထုဖြစ်သွားတတ်ပြီး တချို့မှာ ကဗျာဖြစ်သွားတတ်သည်။ တချို့မှာကတော့ ဆောင်းပါးအသွင် ထင်ကျန်ရစ်ခဲ့ကြသည်။ တချို့မှာ ဝတ္ထုမကျ၊ ဆောင်းပါးမကျဘဲ အက်ဆေးဆိုတာမျိုး ဖြစ်သွားကြသည်လည်း ရှိကြပါသည်။

(၂)

၁၉၈၃-၁၉၈၄ ပညာသင်နှစ်တွင် ကျွန်တော် ကျောက်ဖြူမြို့ မူလတန်းဆရာဖြစ် သင်တန်းသို့ တက်ရောက်ခွင့်ရခဲ့သည်။ မှတ်မှတ်ရရ ပြောရလျှင် သင်တန်းအားသည့်နေ့ တစ်နေ့တွင် သင်တန်း တက်ဖော် ဆရာတစ်ယောက်နှင့် မြို့ထဲသို့ ထွက်လာခဲ့ကြသည်။ ထိုစဉ် အသက် ၆၀ ကျော်လောက်ပင် ရှိမည်ထင်ရသည့် လူတစ်ယာက် ရှေ့ကလျှောက်လာသည်။ သည်လူကတော့ မြို့ထဲကနေ မြို့ပြင်သို့ထွက်လာသည့် သွင်ဟန်ပဲ ဖြစ်ပါသည်။ သူနှင့် ပိုမိုနီးကပ်လာရာ သူ၏ပင်ကို ရုပ်သွင်က ပိုပြီး ပီပြင်လာသည်။ စွပ်ကျယ်ချိုင်းပြတ်ကို ဝတ်ထားသောကြောင့် ပိန်ရှည်ရှည် ကိုယ်လုံးတွင် နံရိုးအပြိုင်းပြိုင်း ထနေသည်ကို အတိုင်းသားမြင်နေရသည်။ သံတူရွှင်းပြား တစ်ချောင်းကို ပခုံးပေါ် ထမ်းတင်ရင်း ကြိုးကွင်းတပ်မြေရေအိုးကလေးကို လက်တွင်ဆွဲကိုင်ထားသည်။ ကျွန်တော်တို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်ရောက်သည့်အခါ သူသည် ကျွန်တော်တို့ကို ဖယ်ပြီး ရှေ့သွားရန် ကြိုးစားသည်။

ကျွန်တော့်မှာ အံ့သြခြင်းမက အံ့သြကာ သူရှေ့သို့ ပြေးဝင်ပြီး လက်ဆယ်ချောင်းပူလျက် ရှိခိုးလိုက်သည်။ခေါင်းငုံ့ပြီး လျှောက်လာသော သက်ကြားအိုကျွန်တော့်ကို အံ့သြစွာစိုက်ကြည့်၏။

''ကျွန်တော် စတုတ္ထတန်းနှစ်တုန်းက သရက်တောင်ရွာမှာ ဆရာ့တပည့် ဖြစ်ခဲ့ဖူးပါတယ်။ ကျွန်တော် ဘညွန့်ပါ ဆရာ။ ဦးမောင်အေးစိန်ရဲ့သားပါ''

သူ ဘာမျှပြန်မပြော ရှေ့ဆက်သွားရန်သာ လှုပ်ရှားသည်။

''နေပါအုံး ဆရာ''

ကျွန်တော်သူနှင့်ယှဉ်တွဲသွားရင်း ငွေတစ်ထောင်တန် ငါးရွက်ကို လှမ်းပေးသည်။ သူလှမ်းယူပြီး လက်တွင်ဆုပ်ကိုင်ထားသည်။

''ကျွန်တော် မူလတန်း ဆရာဖြစ်သင်တန်း လာတက်တာပါဆရာ''

''ဆရာလည်း ၁၉၆၂-၁၉၆၃ ပညာသင်နှစ်က ဒီကျောင်းမှာ ဆရာဖြစ်သင်တန်းလာတက်ခဲ့ဖူးတယ်''

သူကား ရှေ့ဆက်သွားခဲ့လေပြီ။

''ကိုဘညွန့်ရေ ခင်ဗျားလမ်းမှာ လျှောက်သွားနေတဲ့ အရက်သမားကို ဆရာ ခေါ် ရှိခိုး ပိုက်ဆံတွေပေးနဲ့ဗျာ။ အစ်ကိုနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ''

''မဟုတ်ဘူး ကိုခင်မောင် ဒီဆရာက ကျွန်တော် စတုတ္ထတန်းအောင်တဲ့ နှစ်က ကျွန်တော့်ကို စာပြခဲ့တဲ့ ငယ်ဆရာလေ။ သူ့နာမည်က ဦးမောင်ဟန်တဲ့ဗျ''

ကျွန်တော်နှင့် သင်တန်းတက်ဖော်ဆရာက ဘာမျှဆက်မပြောတော့ဘဲ ဈေးတန်းဘက်သို့ ဆက်လျှောက်လာခဲ့ကြသည်။ ကျွန်တော့် ငယ်ဆရာ ဦးမောင်ဟန်၏ ဘဝမြင်ကွင်း တစ်စိတ်တစ်ဒေသသည် ကျွန်တော်၏ ခံစားချက်နှလုံးအိမ်ကို ခံစားရစေလေတော့သည်။

(၃)

''မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၅၀-၁၉၅၁ ခုနှစ် ဝန်းကျင်လောက်က ရခိုင်ဒေသ မြေပုံမြို့နယ် သရက်တောင်ရွာသို့ ဧည့်စိမ်းတစ်ယောက် ရောက်လာခဲ့သည်။ သူ့အမည်ကို ဦးမောင်လှိုင် ဟု သိရပါ၏။ သရက်တောင်ရွာမှာ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲ့သောနေရာ ဒီရေရောက်တောကြီးထဲတွင်ရွာကိုတည်ထားခြင်းဖြစ်သည်။ ဒီရေရောက်တောများကို လက်ကောက်ဝိုင်းသဏ္ဌာန် ဝိုင်းပတ်ဆယ်ဖို့ကာ လယ်ယာ လုပ်ကိုင်စားသောက်ကြသည်။ အိမ်ခြေ ၂၀၀ ခန့်ရှိသည်။ စာသင်ကျောင်း ဟူ၍ မရှိသေးပါ။ ယောကျ်ားလေးများက ကျောင်းနေအရွယ်ရောက်လျှင် ဘုန်းတော်ကြီး ကျောင်းမှာ နေခဲ့ကြသည်။ မိန်းကလေးများက ကျောင်းမနေကြရ။

ဦးမောင်လှိုင်၏ ဇာတိမှာ တောင်ကုတ်မြို့က လိုလို၊ ဂွမြို့ကလိုလို ပြောကြ၏။ ရေရေရာရာ မသိပါ။ တောင်ကုတ်၊ ဂွ နယ်ဘက်မှာလို ဗမာဆန်ဆန်စကား ပြောသည်။ သူ့ကို အစိုးရဌာနတစ်ခုမှာ အလုပ်လုပ်ခဲ့သည်ဟုလည်း ပြောသံကြားဖူးသည်။ သူသည် သရက်တောင်ရွာတွင် ပြုစုကျောင်းဆိုသည်ကို တည်ထောင်ပြီး စာသင်ပြ၏။ ယောကျ်ားကလေးရော မိန်းကလေးများပါ ကျောင်းနေကြရ၍ ရွာသားများ အားရဝမ်းသာရှိကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ငါးနှစ်အတွင်း ကျေးလက်တောရွာများတွင်ပါ အစိုးရစာသင်ကျောင်းများကို ဖွင့်လှစ်လာခဲ့ရာ မြေပုံမြို့တောင်ဘက်ခြမ်း ကျွန်းစဉ်ရွာများထဲတွင် သရက်တောင်ရွာသည် ပထမဦးဆုံး စာသင်ကျောင်း ဖွင့်ခွင့်ရသောရွာဖြစ်လာခဲ့ပြီး ဦးမောင်လှိုင်မှာလည်း အစိုးရကျောင်းဆရာဖြစ်လာခဲ့ပေတော့သည်။ နောက်ဆိုဦးမောင်လှိုင်မှာ သရက်တောင်ရွာသူတစ်ဦးနှင့် အိမ်ထောင်ကျပြီး မောင်ဟန်ဟူ၍ ခေါ်တွင်သော သားတစ်ယောက်မွေးဖွားခဲ့သည်။

ဆရာဦးမောင်လှိုင်မှာ သားဖြစ်သူမောင်ဟန် စတုတ္ထတန်းအောင်သည့်နှစ်မှာပင် မြေပုံမြို့သို့ပို့ပြီး ဆက်လက်ပညာသင်စေခဲ့သည်။ ခုနစ်တန်းအောင်သည့်နှစ်မှာပင် ပြည်တောင်သားဆရာဟု ခေါ်သလားမသိ။ မိမိတို့၏ သရက်တောင်ရွာမှာပင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကျွန်တော် စတုတ္ထတန်းရောက်သည့်နှစ်မှာပင် ဆရာ ဦးမောင်ဟန်မှာ စတုတ္ထတန်းပြဆရာ ဖြစ်လာခဲ့ပြီး သူ၏ သင်ပြမှုကြောင့်ပင် ကျွန်တော်စတုတ္ထတန်းကို အောင်မြင်ခဲ့ပါသည်။

ကျွန်တော် စတုတ္ထတန်းအောင်ပြီး ကျောက်ဖြူမြို့တွင် ကျောင်းတက်နေခဲ့ရာ ၁၉၆၇-၁၉၆၈ ခုနှစ် ကျွန်တော် ရွာသို့ ပြန်ရောက်ချိန်တွင် ကျွန်တော့်ဆရာ ဦးမောင်ဟန်ကို မတွေ့ရတော့ချေ။ မြေပုံမြို့မှာ နေသလို၊ ကျောက်ဖြူမြို့မှာနေသလို ကောလဟလပဲ ကြားခဲ့ရသည်။ ယခု တွေ့မည်တွေ့တော့ အိုပြီးဆင်းရဲဘဝနှင့် ကျောက်ဖြူမြို့ လမ်းပေါ်မှာပဲ တွေ့လိုက်ရတော့သည်။

ဤတွေ့ဆုံခြင်းမှာ ကျွန်တော့်ငယ်ဆရာ ဦးမောင်ဟန်နှင့် နောက်ဆုံးတွေ့ဆုံခြင်းပင် ဖြစ်ပါတော့သည်။ နောက်လည်း မတွေ့ခဲ့တော့ပေ။ ကျွန်တော့်မှာ သူနှင့်တွေ့ဆုံမိချိန်တွင် အမည် မဖော်ပြတက်သော ဝေဒနာတစ်ရပ်ကို ခံစားခဲ့ရသည်မှာတော့ ဧကန်ပင် ဖြစ်ပါတော့သည်။

(၄)

၁၉၉၅ ခုနှစ်လောက်ကပဲ ထင်ပါသည်။ နွေနှောင်းရက်ကျန် မိုးဦးကာလရာသီပါပဲ။ ကျွန်တော့်မှာ မိသားစု ကိစ္စတစ်ခုကြောင့် ရန်ကုန်မြို့သို့ ရောက်နေခဲ့သည်။ ဇွန်တစ်ရက်ဆိုလျှင် အခြေခံပညာကျောင်းများ ဖွင့်ကြတော့မည်ဖြစ်၍ သီတင်းတစ်ပတ်အလိုတွင် ရန်ကုန်-တောင်ကုတ် အဝေးပြေးလမ်းအတိုင်း ကျွန်တော် ရခိုင်သို့ ပြန်ခဲ့သည်။ ရခိုင်ရိုးမတောင်ကျော်လမ်းနှင့် Express ယာဉ်တို့၏ ထိတွေ့မှု ပဋိပက္ခသံများမှာ ကျွန်တော့် နားစည်မြှေးကို တစ်ညလုံး အလုပ်ပေးနေ၏။ နောက်တစ်နေ့ မနက်မိုးလင်းခါနီးတွင် တောင်ကုတ်မြို့သို့ ရောက်ခဲ့ပါတော့သည်။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့မှ တစ်ဆင့် ရမ်းဗြဲ ကျောက်ဖြူ၊ မြေပုံ၊ ပေါက်တော၊ စစ်တွေမြို့များသို့ ကမ်းရိုးတန်းခရီးစဉ် ပြေးဆွဲနေသည့် သင်္ဘောရှိရာ မှော်ဟင်းတော သင်္ဘောဆိပ်သို့ ရိုးကျော်ယာဉ် ကားက လိုက်ပို့သည်။ သင်္ဘောဖြင့် လိုက်ပါကြမည့် ခရီးသည်များမှာ ထမင်းဆိုင်များ၊ အငှားဆောင်များတွင် အဆင်ပြေသလို တည်းခိုကြရသည်။ ကျွန်တော်

စာမျက်နှာ ၂၅ သို့ ➤

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၂၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၂၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၂၃၁၉ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၇၉ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ကြက်သွန်နီကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်နေပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်အတွင်းရှိ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီ စိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက် ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည် စွာထားခံနိုင်ရန် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

နှင့်အတူ ထမင်းဆိုင်တစ်ဆိုင်တွင် အတူတည်းကြသူမှာ အသားညိုညို ဥပဓိရုပ်ကောင်းကောင်း ရည်မွန်သူ တစ်ဦးဖြစ်သည်။ လည်ကတုံး ကော်လံရှပ်လက်ရှည် အဖြူကို လက်စက ခေါက်ဝတ်ထားပြီး သံတွဲရက် ရခိုင်ပုဆိုး အပြာရင့်ကို ဝတ်ထားသည်။ ကျောင်းဆရာဟန်ပေါက်သည်ဟု ဆိုပါက ပိုမှန်ပေလိမ့်မည်။

ကျွန်တော်သည် ပညာရေးဌာနကျောင်းဆရာ တစ်ဦးဖြစ်ပြီး မြေပုံမြို့နယ် အ.မ.က သရက်တောင် (မြောက်) တွင် ကျောင်းအုပ်တာဝန် ထမ်းဆောင်လျက်ရှိကြောင်း သူ့ကို မိတ်ဆက်သည်။

တစ်ဆက်တည်းပင် ကျောင်းဆရာဘဝခံစားမှု စီးမျောကြောင်းများကို ကျွန်တော် ပုံဖော်ပြ၏။ အစိမ်းပေါ် အဖြူဆင့်မြင်တိုင်းတင့်သည် မိုးပွင့်စံပယ်တို့၏ ရနံ့အလင်္ကာ ပန်းပွင့်ကဗျာတို့အကြောင်းကို သီကျူးပြ၏။ ကျွန်တော့်မှာ ကျောင်းဆရာသရုပ် ကျောင်းဆရာထုတ်ကုန် သင်ကြားရေး အလုပ်များကို ပြောနေရလျှင် မောသည်၊ ပန်းသည် ဟူ၍မရှိ။

"ကျွန်တော်လဲ ကျောင်းဆရာပဲဗျ"

"ဟင် ဒါဆို တို့နှစ်ယောက်ဘဝတူတွေပေါ့"

သူ၏ နှုတ်ထွက်စကားအဆုံးတွင် ကျွန်တော် လွတ်ခနဲ ပြောထွက်သွားသည်။

"ဟာဗျာ အားလဲ နာပါတယ်။ ကျွန်တော် ကျောင်းဆရာ အလုပ်ကို လုံးဝ စိတ်မဝင်စားဘူးဗျ"

"ဟင်"

ကျွန်တော် ကိုယ့်နားကိုယ်တောင် မယုံသလို ဖြစ်သွားသည်။

"အဲလိုဆို ခင်ဗျား ဘာလို့ ကျောင်းဆရာ လုပ်နေတာလဲ"

"ကျောင်းဆရာ လုပ်တာကတော့ တစ်ခြားအလုပ်တွေ မရတာနဲ့ ရရာဝင်လုပ်လိုက်တာပဲဗျ"

သည်လူ ကျောင်းဆရာဘဝနှင့် ကျောင်းဆရာ အလုပ်ကို စော်ကားသလို ဖြစ်နေတာကြောင့် ကျွန်တော့်ရင်ထဲမှာ ကြေကွဲ ခံစားသွားရသည်။

"ကျွန်တော်က သံတွဲဇာတိပဲဗျ။ ကျွန်တော် တာဝန်ကျနေတာက မောင်တောမြို့နယ်မှာပါ။ နယ်စပ်ဒေသပဲ မြို့နဲ့ တော်တော်လှမ်း ပါတယ်။ မနက်ဖြန် သင်္ဘောနဲ့ လိုက်မလို့ဘဲ စစ်တွေထိ လိုက်ရမှာ"

"ကျွန်တော်လဲ မနက်ဖြန် သင်္ဘောနှင့် လိုက်မှာလေ မြေပုံရောက်မှ ဆင်ရမှာ"

ကျွန်တော်တို့ နှစ်ယောက် ပတ်ဝန်းကျင်တွင် တဒင်္ဂ ငြိမ်သက်သွားသည်။

"ဆရာ့ကို ကျွန်တော် မေတ္တာရပ်ခံပါရစေဗျာ"

"ပြောပါ ဆရာ ရပါတယ်"

"ဒီလိုဗျာ ဆရာ့အနေနဲ့ အစက ကျောင်းဆရာ အလုပ်ဆိုတာကို စိတ်မဝင်စားပေမဲ့ ကျေးလက်ကြားက ကလေးငယ်များဟာ စာပေမတတ်လို့ အသိ မရှိ။ အသိမရှိတော့ လူမှုဘဝနယ်ပယ်ထဲ မှာ အစစအရာရာ နိမ့်ကျနေကြတာလေ။ အဲဒါ ဆရာတို့ ကျွန်တော်တို့လို ဆယ်တန်းအောင် ဘွဲ့ရ ဆိုတဲ့ဆရာတွေကပဲ ကလေးတွေနဲ့ တွေ့ပါမြင်ပါများတော့ တပည့်ချစ်ဆရာ၊ ဆရာချစ်တပည့်များဆို သလို ဖြစ်လာကြရတာပေါ့ဗျာ"

"ဆရာလဲ စာသင်ရင်း စည်းရုံး၊ စည်းရုံးရင်း စာသင်ပြီး ဆရာကောင်းတပည့်၊ တပည့်ကောင်း ဆရာ ဖြစ်နိုင်ပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်ဗျာ"

သံတွဲသားကျောင်းဆရာ ပြုံးသယောင်ပြုပြီး ကျွန်တော့်ကို စေ့စေ့ ကြည့်နေတာ သတိထားလိုက်မိသည်။

(၅)

၂၀၀၃ ခုနှစ်တွင် ကျွန်တော်သည် ရခိုင်ပြည်နယ် မြေပုံမြို့နယ် အ.မ.က သရက်တောင်(မြောက်)မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အ.မ.က (၂၃) သို့ ကျောင်းအုပ်တာဝန်ဖြင့် ပြောင်းရွှေ့ခွင့် ရခဲ့သည်။ ၂၀၁၀ ပြည့်နှစ် အရောက်မှာတော့ ကျွန်တော် B.Ed သင်တန်းကို ပညာရေး တက္ကသိုလ်တွင် လုပ်သက်တန်းစီဖြင့် တက်ရောက်ခွင့်ရခဲ့သည်။ ကျွန်တော် ပညာရေးတက္ကသိုလ် ဝင်းထဲ ရောက်သည့်အချိန်တွင် သထုံလမ်းဘက်မှ ခပ်သွက်သွက် လျှောက်လာသည့် လူတစ်ယောက် ကျွန်တော့် ရှေ့အရောက်တွင် ပြုံးလျက်၊ ရယ်လျက် ကျွန်တော့်လက်ကိုဆွဲကိုင်ကာ လှုပ်ယမ်း နှုတ်ဆက်သည်။

"ကျွန်တော် မင်းအောင်ပါ ဆရာကြီး ၁၉၉၅ခုနှစ်က တောင်ကုတ် သင်္ဘောဆိပ်မှာ ဆရာကြီးနှင့်တွေ့ခဲ့ကြတာလေ"

"ဩော် ဆရာ မင်းအောင်ပဲ ဝမ်းသာပါတယ်ဗျာ။ ခုဒီကို ဘာလာ လုပ်တာလဲ"

"ဟုတ်ကဲ့ပါ ဆရာကြီး ကျွန်တော် B.Ed ယှဉ်ပြိုင် ဝင်ဖြေလိုက်တာ ဝင်ခွင့်ရသွားတာလေ"

"ဟာ ဝမ်းသာတယ်ဗျာ တို့တွေ B.Ed သင်တန်းသားချင်းတွေပေါ့။ ဆရာနှင့်ကျွန်တော်က ပညာရေးခရီးလမ်းမှာ ရေစက်က မကုန် သေးဘူးနော်။ တို့တွေရဲ့ အနာဂတ် လင်းလက် တုန်းပဲ လို ဆိုရမျာပေါ့ဗျာ"

"ဆရာကြီးရေ ဆရာကြီးနဲ့ ကျွန်တော် တောင်ကုတ်သင်္ဘောဆိပ်မှာ ဆုံကြတုန်းက ဆရာကြီးပြောတဲ့ စကားတွေ နားထဲက မထွက်ဘူးဗျာ။ ကျွန်တော့်ကို ဆရာ့ဘဝလမ်းကြောင်းထဲ ကောင်းကောင်းပို့ပေးလိုက် တာပါပဲ"

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်လက်တစ်ယောက် ခပ်တင်းတင်းကိုင်လှုပ်ပြီး မြန်မာစာအဓိက သင်ကြားရေးခန်းမထဲ ဝင်သွားကြပါတော့သည်။

## ပညာဂုဏ်ရည်

- အရာရာ တတ်သိကျွမ်းတော့
  ဘဝလမ်း ဖြောင့်ဖြူးပေ၊
  ကူညီနိုင် အများကျိုး
  သယ်ပိုးစို့လေ၊
  တန်ဖိုးရှိ ဘဝအခြေ
  မြှင့်တင်စေ ဂုဏ်ရှိ၊
  ပညာကို အသုံးချ
  စံပြဖြစ်၏။

- ကောင်းကျိုးတွေ ပြုလုပ်ကျင့်
  နေထိုင်သင့် လောကဝယ်၊
  တတ်ပညာ မရှိမဲ့တော့
  ချည့်နဲ့တတ်တယ်၊
  ပညာပန်း ဆင်မြန်းကွယ်
  လှူပုံအလယ် တင့်တယ်လှ၊
  သင်ယူကာ ကြိုးစားစွမ်းလို့
  လန်းဆန်းရွှင်ပျ။

- ဖွဲစိတ်ကို ရှေ့တန်းထား
  စဉ်လှုပ်ရှား နေသောအခါ၊
  တတ်သိကာ စဉ်းစားတတ်
  မွန်မြတ်ပညာ၊
  ဘဝတစ်ခု ထူထောင်ရာ
  ပညာသာ အဓိက၊
  လှဂုဏ်ရည် ပညာနန်းကို
  ကြိုးပမ်းသင်ကြ။ ။

ဖြိုးထက်(ရေစကြို)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေှကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အင်အားကြီးထွားလာသည့် တရုတ်တပ်မတော်ဒုံးကျည်တပ်ဖွဲ့

နေရှား(သုတေသန)

တရုတ်နိုင်ငံ၏ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဒုံးကျည်တပ်ဖွဲ့သည် တရုတ်၏ မဟာဗျူဟာမြောက် ဟန့်တားခြင်း၏ အဓိကခွန်အား၊ အဓိကအင်အားနှင့် နိုင်ငံ၏ ရပ်တည်မှုအတွက် မဟာဗျူဟာမြောက်အထောက်အပံ့ဖြစ်ပြီး အရေးကြီးသောအုတ်မြစ်ဖြစ်သည်ဟု သမ္မတ ရှီကျင့်ဖျင်က ဆိုခဲ့သည်။ တရုတ်ဒုံးကျည်တပ်ဖွဲ့သည် တရုတ်နိုင်ငံ၏ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ထိန်းသိမ်းရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ရလဒ်အနေဖြင့် နျူကလီးယား တားဆီးကာကွယ်ရေး၏ ယုံကြည်စိတ်ချရသော စွမ်းရည်များမြှင့်တင်ပေးခြင်းနှင့် တန်ပြန်တိုက်ခိုက်မှု၊ တာလတ်နှင့် တာဝေးတိကျသည့် တိုက်ခိုက်ရေးတပ်ဖွဲ့များ အားကောင်းလာစေရန်ဖြစ်သည်။ ဒေသတွင်းဟန့်တားခြင်းကို သေချာစေရန်အတွက် တာဝေးပစ်တိုက်ခိုက်မှုစွမ်းရည်များ၏ အရေးပါမှုကြောင့် တရုတ်နိုင်ငံသည် ၎င်း၏ပဲ့ထိန်းဒုံးကျည်နှင့် ခရုဇ်ဒုံးကျည်များကို တည်ဆောက်လျက်ရှိသည်။

**အမေရိကန်အစီရင်ခံစာ**

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် ကွန်ဂရက်လွှတ်တော်မှ ညွှန်ကြားထားသည့်အတိုင်း တရုတ်နိုင်ငံ၏ စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တိုးတက်မှုဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ရာ ၎င်းတွင် တရုတ်နိုင်ငံ၏ဒုံးကျည်တပ်ဖွဲ့ အင်အားကြီးထွားလာမှုကို ဖော်ပြခဲ့သည်။ အစီရင်ခံစာတွင် တရုတ်နိုင်ငံ၏ မြေပြင်အခြေစိုက်ဒုံးကျည်လက်နက်တိုက်ကို စီမံခန့်ခွဲရန်အတွက် ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF)ကို အလေးပေးကာ တရုတ်နိုင်ငံ၏စစ်ရေးတိုးတက်မှုများကို အသေးစိတ်ခြုံငုံသုံးသပ်ချက်ဖော်ပြခဲ့သည်။ အစီရင်ခံစာအရ လက်ရှိတွင် တရုတ်နိုင်ငံသည် တရုတ်ဒုံးကျည်တပ်ဖွဲ့၏ ထိန်းချုပ်မှုအောက်၌ စုစုပေါင်း ဘော်လစ်စတစ်ပဲ့ထိန်းဒုံးကျည် ၃၀၀၀ ကို ပိုင်ဆိုင်ထားကြောင်း တွေ့ရှိရသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုံးကျည်တပ်ဖွဲ့သည် နျူကလီးယားနှင့် သမားရိုးကျ ဒုံးကျည်စစ်ဆင်ရေးများအတွက် သီးခြားကွပ်ကဲမှုပုံစံများဖြင့် လုပ်ဆောင်လျက်ရှိသည်။ နျူကလီးယားမစ်ရှင်များကို ဗဟိုစစ်ကော်မရှင် (CMC)က တိုက်ရိုက်စီမံခန့်ခွဲသော်လည်း သမားရိုးကျစစ်ဆင်ရေးများကို စစ်နယ်ဝန်းကွပ်ကဲရေးမှူးများက ကြီးကြပ်ဖွယ်ရှိသည်။ အဆိုပါတပ်ဖွဲ့ကို တိုက်ခိုက်ရေးဒုံးကျည်စခန်း ခုနစ်ခုအဖြစ် ဖွဲ့စည်းထားပြီး တပ်မဟာ ခြောက်ခုမှ ရှစ်ခုစီကို ကြီးကြပ်ကာ ထိပ်ဖူးစီမံခန့်ခွဲမှု၊ အခြေခံအဆောက်အအုံတည်ဆောက်မှု၊ လေ့ကျင့်မှုနှင့် ဒုံးကျည်စမ်းသပ်မှုများအတွက် ထောက်ပံ့ရေးစခန်းသုံးခုတို့ကို တာဝန်ယူထားသည်။ တရုတ်ဒုံးကျည်တပ်ဖွဲ့တွင် အနည်းဆုံး စုစုပေါင်း တပ်မ ၄၀ ပါဝင်သည်။

တရုတ်နိုင်ငံ၏ ဒုံးကျည်လက်နက်များ ခေတ်မီအဆင့်မြှင့်တင်ရေးကို အစီရင်ခံစာတွင် အရေးပါသောကဏ္ဍတစ်ခုအဖြစ် ဖော်ပြခဲ့သည်။ တရုတ်ဒုံးကျည်တပ်ဖွဲ့၏စာရင်းတွင် တာတိုပစ်ပဲ့ထိန်းဒုံးကျည် (SRBMs) အစင်း ၉၀၀ ပါဝင်ပြီး တာတိုပစ်အကွာအဝေးကို နည်းဗျူဟာမြောက် တိုက်ခိုက်မှုများအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်း တာတိုပစ် ဘော်လစ်စတစ်ဒုံးကျည်များသည် အများအားဖြင့် ယာဉ်တင်ရွေ့လျားနိုင်ပြီး လေယာဉ်ကွင်းများ၊ ဘန်ကာများနှင့် ကွပ်ကဲမှုစင်တာများကဲ့သို့ ဒေသဆိုင်ရာ ခြိမ်းခြောက်မှုများကို ပစ်မှတ်ထားရာတွင် လျင်မြန်စွာ ဖြန့်ကြက်မှုနှင့် လိုက်လျောညီထွေရှိမှုတို့ကို လုပ်ဆောင်နိုင်စွမ်းရှိစေသည်။



တရုတ်တပ်မတော်၏ DF-41 ဒုံးကျည်တပ်ဖွဲ့ကို တွေ့ရစဉ်။

တရုတ်ဒုံးကျည်တပ်ဖွဲ့သည် SRBMs ဒုံးကျည်အပြင် ကီလိုမီတာ ၁၃၀၀ ထိ ရောက်ရှိသည့် တာလတ်ပစ်ပဲ့ထိန်းဒုံးကျည် MRBMs ကိုလည်း အသုံးပြုပြီး ၎င်းဒုံးကျည်က တရုတ်၏ တိုက်ခိုက်မှုစွမ်းရည်ကို တိုးမြှင့်ပေးသည်။ MRBM ဒုံးကျည်များသည် တိကျသောတိုက်ခိုက်မှုစွမ်းရည်ကို မြှင့်တင်ရန်နှင့် အဝေးမှ စစ်ဘက်နှင့် မဟာဗျူဟာမြောက်နေရာများကို ပစ်မှတ်ထားခြင်းဖြင့် အဟန့်အတားများကို ထိန်းသိမ်းရန် ရည်ရွယ်ထားသည်။

တရုတ်ဒုံးကျည်တပ်ဖွဲ့သည် အကွာအဝေး ကီလိုမီတာ ၄၀၀၀ ထိ ရောက်ရှိနိုင်သော တာလတ်လွန်ပစ်ပဲ့ထိန်းဒုံးကျည် IRBMs အစင်း ၅၀၀ ဖြန့်ကြက်မှုကိုလည်း ထိန်းသိမ်းထားသည်။ ၎င်းကြောင့် တရုတ်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသရှိ အမေရိကန် စစ်လက်နက်နှင့် အဆောက်အအုံများအပါအဝင် တာဝေးရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်စေပြီး MRBMs များနှင့် နှိုင်းယှဉ်ပါက ပို၍ မဟာဗျူဟာမြောက်သည့် ပစ်မှတ်ထားရွေးချယ်စရာများကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ ထို့ပြင် တရုတ်ဒုံးကျည်တပ်ဖွဲ့သည် ဟာဝိုင်ရီနှင့် အလက်စကာကဲ့သို့ အမေရိကန်ပိုင်နက်နယ်မြေများကို ပစ်မှတ်ထားနိုင်သည့် သမားရိုးကျလက်နက်တပ်ဆင်ထားသော တိုက်ချင်းပစ်ဒုံးကျည်များ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလျက်ရှိသည်။

တရုတ်ဒုံးကျည်တပ်ဖွဲ့တွင် စစ်ဆင်ရေး အကွာအဝေး ကီလိုမီတာ ၁၅၀၀ မှ ၂၀၀၀ကြား ရှိသည့် CJ-10 နှင့် CJ-100 အပါအဝင် မြေပြင်ပစ်ခရုဇ်ဒုံးကျည် GLCMs အစင်း ၄၀၀ ပါရှိသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် Changjian-100 (CJ-100) ဟုလည်း သိကြသော အသံထက်မြန်သည့် ခရုဇ်ဒုံးကျည် Dongfeng-100 (DF-100) ၏ နောက်ဆုံးပေါ်အချက်အလက်များကို ထုတ်ပြန်ခဲ့သည်။ ၎င်းမြေပြင်အခြေစိုက်စနစ်သည် အကွာအဝေး ကီလိုမီတာ ၃၀၀၀ မှ ၄၀၀၀ ကြား ရောက်ရှိပြီး အသံထက် လေးဆအမြန်နှုန်းရှိသည်။ တိကျသော တိုက်ခိုက်မှုများအတွက် ဒီဇိုင်းထုတ်ထားသည့် CJ-100ဒုံးကျည်သည် အနိမ့်ပိုင်းပျံသန်းစဉ် ရိုးရာဒုံးကျည်ကာကွယ်ရေးစနစ်များ ရှောင်ရှားရန် ပျံသန်းစဉ် အဆောက်အအုံများနှင့် တည်ဆောက်ပုံအမျိုးမျိုးကို ပစ်မှတ်ထားနိုင်စွမ်းရှိသည်။ အဆိုပါဒုံးကျည်များသည် တရုတ်နိုင်ငံအနေဖြင့် ဝေးကွာသည့် အကွာအဝေးရှိ အရေးပါသောအခြေခံအဆောက်အအုံများနှင့် စစ်ရေးတည်နေရာများကို ပစ်မှတ်ထားရန်အတွက် တိကျသောတိုက်ခိုက်မှုစွမ်းရည်ကိုပံ့ပိုးပေးနိုင်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုံးကျည်တပ်ဖွဲ့ (PLARF) ၏စာရင်းတွင် DF-5 (CSS-4)၊ DF-31 (CSS-10) နှင့် DF-41 (CSS-20) ကဲ့သို့သော တိုက်ချင်းပစ်ဒုံးကျည် ICBMs အစင်း ၄၀၀ ပါဝင်သည်။ အဆိုပါ ဒုံးကျည်များသည် အကွာအဝေး ကီလိုမီတာ ၁၁၀၀၀ ကျော်ထိ နျူကလီးယား ထိပ်ဖူးများကို ပေးပို့နိုင်စွမ်းရှိသည်။ အကွာအဝေး ကီလိုမီတာ ၁၁၀၀၀ ကျော် ရောက်ရှိသော ယာဉ်တင်ရွေ့ပြောင်းနိုင်သည့် ICBM DF-41 သည် အမေရိကန်နိုင်ငံအတွင်းရှိ နေရာအများစုကို ပစ်မှတ်ထားနိုင်ပြီး ထိပ်ဖူးများအသီးသီးဖြန့်ခွဲထွက်စေသည့် ထိပ်ဖူးစုံတပ်ဒုံးကျည် (MIRVs) အများအပြား တပ်ဆင်ထားသည်။ DF-41 ဒုံးကျည်သည် တရုတ်၏ နျူကလီးယားလက်နက်တိုက်တွင် နောက်ဆုံးပေါ်အမျိုးအစားဖြစ်ပြီး အကွာအဝေး ကီလိုမီတာ ၁၂၀၀၀ နှင့် ၁၅၀၀၀ ကြားရှိမည်ဟု ခန့်မှန်းထားကာ ကမ္ဘာ့တာအဝေးဆုံးရောက်ရှိသည့် ဒုံးကျည်ဖြစ်လာနိုင်ခြေရှိသည်။

**အခြားနိုင်ငံများတွင် ပိုင်ဆိုင်မှု**

အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင် ၂၀၂၄ ခုနှစ်အစောပိုင်းတွင် အမေရိကန်နိုင်ငံသည် မြေအောက်အခြေစိုက် ဒုံးကျည်စခန်းများ၌ ထားရှိသည့် LGM-30G Minuteman III ICBM အစင်း ၄၀၀ နှင့် အိုဟိုင်းယိုးအတန်းအစား ရေငုပ်သင်္ဘောများပေါ်တွင် တပ်ဖြန့်ချထားသော ရေငုပ်သင်္ဘောမှ ပစ်လွှတ်သည့် (SLBMs) Trident II ၁၉၂ စင်း ရှိသည်။ ရုရှားသည် စုစုပေါင်းတိုက်ချင်းပစ်ဒုံးကျည် ၅၂၁ စင်းကို ထိန်းသိမ်းထားပြီး မြေပြင်နှင့် ရေကြောင်းအခြေပြုစနစ်နှစ်မျိုးစလုံး လွှမ်းခြုံထားသည်။ ဗြိတိန်နိုင်ငံတွင် Vanguard-class ရေငုပ်သင်္ဘော လေးစင်း ပိုင်ဆိုင်ထားကာ တစ်ခုစီတွင် Trident II SLBMs ၁၆ စင်း တပ်ဆင်ထားပြီး စုစုပေါင်း ဒုံးကျည် ၆၄ စင်းရှိသည်။ ပြင်သစ်နိုင်ငံသည် Triomphant အတန်းအစား ရေငုပ်သင်္ဘောလေးစင်းကို ဖြန့်ကြက်ထားကာ တစ်ခုစီတွင် M51 SLBMs ၁၆ စင်း တပ်ဆင်ထားပြီး စုစုပေါင်း ဒုံးကျည် ၆၄ စင်း ဖြန့်ကြက်ထားသည်။ အိန္ဒိယတွင် အသုံးပြုနိုင်သည့် Agni-V ICBMs ရှိပြီး ရေငုပ်သင်္ဘောမှ ပစ်လွှတ်သော K-4 ပဲ့ထိန်းဒုံးကျည်များကို တီထွင်ထုတ်လုပ်လျက်ရှိသည်။

တရုတ်တပ်မတော်ဒုံးကျည်တပ်ဖွဲ့သည် လောင်စာအခဲသုံး ICBM မြေအောက်အခြေစိုက် ဒုံးကျည်စခန်းသုံးခုကို တည်ဆောက်ပြီးစီးခဲ့ပြီး အနည်းဆုံး မြေအောက်အခြေစိုက်ဒုံးကျည် အစင်း ၃၀၀ ခန့် ရှိသည်။ အချို့မှာ ဒုံးကျည်များ တင်ဆောင်ထားပြီးဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ အဆိုပါတပ်ဖွဲ့သည် နျူကလီးယားထိပ်ဖူးများထပ်မံပိုအပ်မည့် MIRVs တပ်ဆင်ထားသော ICBMs အသစ်များကိုလည်း တီထွင်ထုတ်လုပ်လျက်ရှိသည်။ ဂြိုဟ်တုဓာတ်ပုံများကို ဆန်းစစ်လေ့လာမှုအရ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားတွင် အနည်းဆုံး DF-26 ဒုံးကျည်တင်ပစ်လွှတ်ယာဉ် ၇၂ စင်း တည်ဆောက်မှုကို ညွှန်ပြလျက်ရှိပြီး ဒေသတွင်း တိုက်ခိုက်မှုစွမ်းရည်တိုးတက်မှုကို ရောင်ပြန်ဟပ်လျက်ရှိသည်။

တရုတ်ဒုံးကျည်တပ်ဖွဲ့၏ စစ်ဆင်ရေးဆိုင်ရာ လှုပ်ရှားမှုများသည် အပစ်အခတ်ရပ်စဲရေးလေ့ကျင့်မှုနှင့် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ခြင်းဖြင့် တိုးတက်လာသောအသင့်ဖြစ်မှုကို သရုပ်ပြလျက်ရှိသည်။ မှတ်သားဖွယ်ရာမှာ ၂၀၂၃ ခုနှစ်တွင် Joint Sword စစ်ဆင်ရေးသည် မြေပြင်အခြေစိုက် လေယာဉ်၊ တရုတ်ရေတပ်၏ CV-17 Shandong လေယာဉ်တင်သင်္ဘောအုပ်စုနှင့် တရုတ်တပ်မတော်ဒုံးကျည်တပ်ဖွဲ့တို့ ပါဝင်သည့် ပေါင်းစပ်ညှိနှိုင်းထားသော တိုက်ခိုက်မှုများနှင့် သဏ္ဌာန်တူလေ့ကျင့်မှုကို ပြုလုပ်ခဲ့သည်။ အခြားသော လေ့ကျင့်မှုများသည် ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေးနှင့် ရေယာဉ်-လေတပ်ပေါင်းစပ်မှုကို စမ်းသပ်ခဲ့ပြီး ဝင်ရောက်စွက်ဖက်မှုတန်ပြန်ရေး ရည်မှန်းချက်များကို ပံ့ပိုးပေးခဲ့သည်။ တရုတ်တပ်မတော်၏ ဒုံးကျည်တပ်ဖွဲ့များသည် လေယာဉ်ကွင်းများ၊ ကတုတ်ကျင်းများ၊ လေယာဉ်များနှင့် သင်္ဘောများကို ပစ်မှတ်ထား၍ သဏ္ဌာန်တူတိုက်ခိုက်သည့် လေ့ကျင့်မှုများတွင်လည်း ပါဝင်ခဲ့သည်။

တရုတ်တပ်မတော်ဒုံးကျည်တပ်ဖွဲ့သည် ဟိုင်နန်ကျွန်းမှ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ပစ်လွှတ်သည့် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုတစ်ခုကို ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ခဲ့သည်။ ဤစမ်းသပ်မှုသည် ၁၉၈၀ ပြည့်နှစ်ကတည်းက ပစိဖိတ်သမုဒ္ဒရာအတွင်း တရုတ်နိုင်ငံ၏ ပထမဆုံး ICBM စမ်းသပ်မှုဖြစ်ပြီး ကီလိုမီတာ ၁၂၀၀၀ ရောက်ရှိသည့် ဒုံးကျည်ဖြစ်သည်။ အဆိုပါစမ်းသပ်မှုသည် တာဝေးတိုက်ခိုက်မှုများကို ပြုလုပ်ရန် တရုတ်နိုင်ငံ၏စွမ်းရည်ကို အလေးပေးဖော်ပြခဲ့သည်။

တရုတ်တပ်မတော်ဒုံးကျည်တပ်ဖွဲ့၏ ခေတ်မီတိုးတက်ရေးသည် တရုတ်၏နျူကလီးယားတားဆီးကာကွယ်ရေးကို မြှင့်တင်ရန်၊ တာလတ်နှင့် တာဝေးပစ်တိုက်ခိုက်ရေးတပ်ဖွဲ့များကို အားကောင်းစေရန်နှင့် ခေတ်မီသော ဒုံးကျည်တပ်ဖွဲ့တည်ဆောက်ရေးတို့၏ ရည်မှန်းချက်များနှင့် ကိုက်ညီသည်ဟု အစီရင်ခံစာတွင် ကောက်ချက်ချထားသည်။

အချုပ်အားဖြင့်ဆိုရလျှင် တရုတ်နိုင်ငံသည် စစ်ရေးစွမ်းရည်တည်ဆောက်မှုများကို ပုံမှန်တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ သိသာထင်ရှားသော စွမ်းဆောင်နိုင်ရည်များရှိလင့်ကစား မကြာခဏ ရည်ညွှန်းထားသော တရုတ်၏ ခုခံကာကွယ်ရေး မဟာဗျူဟာကို ခိုင်မာစေမည့်စွမ်းရည်အတွက် ဒုံးကျည်မျိုးစုံကို ပိုမိုထုတ်လုပ်တပ်ဆင်လာသည်။ တစ်ဖက်၌လည်း အမေရိကန်က တရုတ်နိုင်ငံ၏ စစ်ရေးတည်ဆောက်မှုများအပေါ် စဉ်ဆက်မပြတ်စောင့်ကြည့်လျက်ရှိသည်။ သို့ဖြစ်၍ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးစွမ်းအား ယုံကြည်စိတ်ချရသည်ထိ တာဝေးတိုက်ခိုက်နိုင်မှုစွမ်းရည်များကို တိုးမြှင့်တည်ဆောက်သွားလိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**


- U.S. Intel: China Emerges as a Global Leader in Ballistic Missile Power With More Than 3,000 Missiles, Defense News, December, 2024.
- Defense Department report: China to have 1K nuclear weapons in arsenal by 2030, UPI, December, 2024.

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်စုက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဆန်ဈေးကွက်ကို နိုဝင်ဘာလအတွင်းက ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးက ဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ ဒေသထွက် မိုးစပါးလက်ကျန်အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိလဲ ဆန်တွေ အဝယ်လိုက်နေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်စုက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များကို အဆက်မပြတ် တင်ပို့ ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ကား အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ လုပ်ငန်းအဆင်ပြေပြေ လည်ပတ်လျက်ရှိကြောင်း ဘိုကလေးမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်စုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## တောင်တွင်းကြီးမြို့နယ် ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းသွင်းလေးကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပန်းသွင်းလေးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပန်းသွင်းလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် သိန်း ၁၈၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၂၅၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို ရန်ပုံငွေကျပ် ၄၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နှဲ့ယဉ်**

# လေ့လာသင်ယူပါ စီးပွားရေးပညာ

ထက်အောင်လူ(နံ့သာမြေ)

လူဖြစ်လျှင် စီးပွားရေး ရှိကိုရှိကြရမည်။ စီးပွားရေးဟူသည် ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းရေး၊ လူတို့၏စားဝတ်နေရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်သုံးစွဲခြင်းဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ စီးပွားရေးပြေလည်ကာ ဥစ္စာရှိပါမှ လှူနိုင်၊ တမ်းနိုင်၊ ပေးကမ်းနိုင်ကာ လူ့ပတ်ဝန်းကျင်၌ ချမ်းသာမှုနှင့် ဂုဏ်တင့်တယ်မှုတို့ရှိမည်ဖြစ်သည်။ စီးပွားရေးအဆင်မပြေပါက နောက်ဆက်တွဲအရာများဖြစ်သော လူမှုရေး၊ ပညာရေးတို့ အဖက်ဖက်က နိမ့်ကျချို့တဲ့လျက် စိတ်ပျက်ညှိုးနွမ်းကာ နေတတ်သည်။ ဘုန်းကြီး ၍အသက်ရှည်ခြင်း လာဘ်များ၍ကျန်းမာခြင်း ဟူသောလူဖြစ်ကျိုးနပ်ခြင်းနှင့် နေပျော်သောဘဝကိုရရှိနိုင်ရန် စီးပွားရေးကောင်းမွန်ခြင်းသည် လိုအပ်ချက်ဖြစ်ပေ၏။ ထို့ကြောင့် စီးပွားရှာနည်းအကြောင်းများကို လေ့လာသင်ယူကာ ချမ်းသာကြွယ်ဝသူအဆင့်ထိ မရောက်နိုင်သည့်တိုင် မိမိမိသားစုဘဝကို လူ့ပတ်ဝန်းကျင်၌ လူတန်းစေ့နေထိုင်ရန်၊ ဂုဏ်တင့်တယ်ရန်၊ သာယာငြိမ်းချမ်းသော မိသားစုဘဝလေး တည်ဆောက်နိုင်ရန် လိုအပ်ပေ၏။ မိမိနှင့်မိမိပတ်ဝန်းကျင်ကို အကျိုးပြုနိုင်ရန် ကောင်းမွန်သောစီးပွားရှာနည်းတို့ကို ရှာဖွေကြရပေမည်။

**အောင်မြင်ကြီးပွားကြောင်းတရား**

လူအများစုသည် အောင်မြင်ကြီးပွားချမ်းသာချင်ကြသော်လည်း မည်သို့လုပ်ကိုင် ဆောင်ရွက်ရမည်ကို မသိကြပေ။ လွဲမှားသော လောဘ၊ အတ္တတို့နှင့်မလုပ်သင့်ရာမလုပ်၊ မကြံသင့်ရာ မကြံပါမှ အောင်မြင်ခြင်းလမ်းမှန်ရောက်ပေမည်။ မိမိဘဝကို အရိုးသားဆုံးသမ္မာအာဇီဝနှင့် အသက်မွေးမြူမှသာ ဘဝသည်လည်းလှပ၍ တန်ဖိုးဂုဏ်အနဂ္ဃဖြစ်ပေမည်။ လူ့ဂုဏ်ရည်တောက်ပကာ လူထဲတွင် ဂုဏ်သတင်းသင်းပျံ့ပေသည်။ အတ္တ၊ ပရမ္မတသော အဖိုးတန်သော သာယာငြိမ်းချမ်းသောဘဝတစ်ခုကို တည်ထောင်နိုင်ပေမည်။ အောင်မြင်ကြီးပွားရန်မှာမူ အဆင့်ဆင့်ဖြည့်ကျင့်ကြိုးကုတ် ဆောင်ရွက်နိုင်ရန် နည်းလမ်းတို့ရှိပါပေသည်။

အောင်မြင်ကြီးပွားကြောင်းတရား၏ အခြေခံရင်းမြစ်မှာ လုပ်ငန်းကိုကျွမ်းကျင်ခြင်း၊ အထွေထွေသုတရှိခြင်းနှင့် စိတ်ကောင်းရှိခြင်းတို့ဖြစ်သည်။ အောင်မြင်ကြီးပွားရေးအတွက် အဓိကသော့ချက်မှာ မိမိလုပ်သောလုပ်ငန်းကို အသေးစိတ် နှံ့နှံ့စပ်စပ်အသေချာ ပိုင်ပိုင်နိုင်နိုင်ကျွမ်းကျင်ခြင်း၊ လူ့လောက၌ လူမှုဆက်ဆံရေး ကောင်းမွန်ခြင်း၊ ကာလဒေသကိုရွေးချယ်တတ်ခြင်းနှင့် အရောင်းအဝယ် ကုန်စည်စီးဆင်းမှု အစရှိသောအရာများကိုသိသော အထွေထွေသုတရှိခြင်း၊ တစ်နပ်စားဉာဏ်မကျင့်သုံးဘဲ အကျင့်သိက္ခာရှိရှိ ရောင်းဝယ်ဖောက်ကားကာ သူတစ်ပါးအပေါ်၌ စိတ်ကောင်းရှိခြင်းဟူ၍ အချက်များလိုအပ်သည်။ ထိုအချက်များနှင့်စီးပွားရှာပါလျှင် အောင်မြင်ခြင်းသည် သင့်လက်တစ်ကမ်းမှာရှိသည်ဆိုသကဲ့သို့ အောင်မြင်မှုအဖူးအပွင့်တို့ရရှိပေမည်။

**လိုက်မရောင်းနဲ့ လာဝယ်အောင်လုပ်**

"လိုက်မရောင်းနဲ့ လာဝယ်အောင်လုပ်" ထိုစကားလုံးကို ကြားပြီးချိန်မှစ၍ အဖန်ဖန်သုံးသပ်ဆင်ခြင်ရလိမ့်မည်။ ဘဝ၏အခက်ခဲဆုံးကာလများ သစ်မရှိခင်စပ်ကြား ဝါးနှင့်ပေါင်းကွပ်သောကာလများ၌ လိုက်၍ရောင်းချခြင်းသည် အခက်ခဲအချို့ကို ဖြေရှင်းနိုင်သည်။ ဥပမာအားဖြင့် ရပ်ကွက်အတွင်းလှည့်လည်ရောင်းချခြင်းတို့သည် သာမန်အားဖြင့်

**❖ လူတစ်ဦးတွင် အခြေခံပညာနည်းပါးမှုနှင့် တက္ကသိုလ်ပညာတို့နည်းပါးခဲ့ကြသော်လည်း ဘဝကျောင်း၏စီးပွားရေးပညာကို ဂုဏ်ထူးတို့နှင့် အောင်မြင်မှုရရန် ကြိုးကုတ်ကြရမည်။ စီးပွားရေး အဆင်ပြေချောမွေ့ရန် စာအုပ်စာပေတို့တွင် လေ့လာသင်ယူရမည်။ တတ်ချင်လျှင်သင် တော်ချင်လျှင်လေ့ကျင့် အောင်မြင်ချင်လျှင်ကြိုးစားဟု အဆိုရှိပေ၏။ မိမိသည်တတ်သူ၊ တော်သူဖြစ်အောင် လေ့ကျင့်သင်ယူကြရင်း အောင်မြင်သူဖြစ်အောင် စွမ်းဆောင်ကြိုးစားရပေမည်။ တကယ်အလုပ်လုပ်လျှင် အဟုတ်ဖြစ်ပါ၍ အပတ်တကုတ် လုံ့လဝီရိယအားနှင့် ကြိုးစားရှာဖွေပါလျှင် အောင်မြင်သောလုပ်ငန်းရှင် အောင်မြင်သော စီးပွားရေးတို့ ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ❖**

ကြည့်ပါမူ အရင်းနည်း၍ အမြတ်များသည် ဆိုသော်လည်း နေပူမိုးရွာ ကာလရှည်ရောင်းသောအခါ ပင်ပန်း၏။ ထို့ကြောင့် ဆိုင်ဖွင့်ရောင်းချနိုင်ရန် ဝယ်သူတို့ကို လာရောက်ဝယ်ယူနိုင်ရန် တည်ဆောက်အကောင်ထည်ဖော်ရမည်။ သို့မှသာ မိမိသည်လည်း ပင်ပန်းမှုသက်သာကာ ဈေးဝယ်သူလာအောင်လုပ်နိုင်၍ စွမ်းဆောင်ရည်တိုးမြင့်ပေ၏။ အသက်မွေးမှုအတတ်ပညာတစ်ခုခုနှင့် ဘဝလမ်းခရီးကို လျှောက်လှမ်းမှသာ မိမိသည် အောက်ကျ နောက်ကျမှုမဖြစ်ပါဘဲ လူနေမှုအဆင့် တန်းမြင့်မားပါပေ၏။ ပျံကျဈေးသည် တွန်းလှည်းဈေးသည်တို့ကဲ့သို့ မိုးလေကြောက်ရခြင်းနှင့် အမျိုးမျိုးသော ဒုက္ခတို့မရှိရလေအောင် အတည်တကျ ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်နိုင်ရန် ကြိုးစားကြရမည်။ ထိုအခါ မိမိ၏အသက်ဘေးအန္တရာယ်တို့လျော့ပါးကာ မိမိ၏ကျန်းမာရေးအတွက်လည်း ကာကွယ်ပြီးသားဖြစ်ပေသည်။ လူ့ဘဝရောက်ရှိလာခြင်းသည် ဘေးအန္တရာယ်ကင်းကာ ကျန်းမာသက်ရှည်ရမည်ဖြစ်ပါ၍ မိမိ၏ထုတ်ကုန်တို့ကို လိုက်မရောင်းပါဘဲ လာဝယ်အောင်ပြုလုပ်ဖန်တီးနိုင်ပါလျှင် ပိုမိုကောင်းမွန်ပေမည်။

**ငွေရှာနည်း သုံးမျိုး**

မိမိလက်ထဲသို့ ရောက်ရှိလာသည့်ငွေကို မည်သို့အကျိုးရှိအောင်သုံးရမည်ကို စီမံခန့်ခွဲနိုင်ရပေမည်။ စည်းကမ်းမရှိ ထင်သလိုသုံးဖြုန်းနေမှုများပါမူ လူမိုက်နှင့်ငွေအတူမနေ စကားကဲ့သို့ဖြစ်တတ်သည်။ ငွေကို မည်သို့ရင်းနှီးမြှုပ်နှံရမည်ကို သတိချပ်ရပေ၏။ ငွေကို အနာဂတ်အတွက် စည်းကမ်းတကျမသုံးစွဲနိုင်လျှင် ဆင်းရဲမှုတို့က ကြုံတွေ့နိုင်သည်။ ငွေကို ရင်းနှီးမြှုပ်နှံခြင်း၌ သုံးစွဲခြင်းသည် ပညာနှင့်ဆိုင်သော်လည်း ငွေကို ဖြုန်းရန်အတွက်မူ ပညာမလိုပေ။ အသုံးနှင့်အဖြုန်းကို အကြောင်းအကျိုးမြော်မြင်တတ်ရန် ပညာဖြင့်သာ ဆင်ခြင်နိုင်သည်။ အကယ်၍ ပညာမဲ့ပါမူ စဉ်းစားဆင်ခြင်မှုနည်းပါးပြီး ထင်ရာလုပ်မိသည်။ ထင်ရာလုပ်မိလျှင် ရရှိပြီးသော စည်းစိမ်ဥစ္စာများ ကုန်၍ ဘဝပျက်သည့်တိုင်ဖြစ်နိုင်သည်။

ငွေရှာနည်းသုံးမျိုးရှိရာတွင် ကာယနှင့်ကျွမ်းကျင်မှုကိုရင်း၍ ရှာနည်း၊ စနစ်တစ်ခုတည်ဆောက်၍ ရှာနည်း၊ ငွေကြေးကိုရင်း၍ ရှာနည်းဟူ၍ဖြစ်ပေသည်။ မိမိသည် မည်သည့်နည်းဖြင့် ငွေရှာမည်ကို သုံးသပ်လျက် မိမိစွမ်းဆောင်နိုင်သော အခြေနေမှစ၍ ဆောင်ရွက်သင့်သည်။ မိမိနားမလည်သော မတတ်ကျွမ်းသောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမိပါမူ အရှုံးတို့ ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် ငွေရှာရာ၌ အသိဉာဏ်ပညာကိုအသုံးပြုလျက် လိမ္မာပါးနပ်စွာ ဆောင်ရွက်သင့်သည်။ ကောင်းရောင်းကောင်းဝယ်အလုပ်နှင့် ဝင်ငွေရှာဖွေကာ မိမိ၏ကိုယ်ရည်ကိုယ်သွေးတို့ မြှင့်တင်နိုင်သည်။

**မြတ်ဗုဒ္ဓ၏ ပျက်စီးကြောင်းတရားလေးပါးနှင့် ချမ်းသာကြောင်း တရားလေးပါး**

လူသားအားလုံးအတွက် မြတ်ဗုဒ္ဓက နိဗ္ဗာန်ရောက်အောင် ဟောညွှန်သကဲ့သို့ ကြီးပွားအောင်မြင်ရန်နှင့် ပျက်စီးကြောင်း ဆောင်ရန်ရှောင်ရန်တို့ကိုလည်း မြွက်ဆိုဆုံးမခဲ့ပါပေ၏။ ဥပမာအားဖြင့် ပျက်စီးကြောင်းတရား လေးပါးကို ဟောညွှန်ရာ၌ အတိုချုပ်အားဖြင့် "ပျက်လျှင်မပြင်၊ ပျောက်ရင်မရှာ၊ ဗလာဖွာသုံး၊ ဉာဏ်တုံးသူ အားအမှူးထား၊ လေးပါးပျက်စီးကြောင်း"ဟုဆို၏။ ထိုပျက်စီးကြောင်း လေးပါးကို ပြုလုပ်နေထိုင်ကျင့်သုံးနေပါမူ ပျက်စီးမှုဆုတ်ယုတ်မှုတို့ဖြစ်ပေမည်။ ထိုလေးပါးကို ရှောင်ရှားပြုပြင်၍ အသိဉာဏ်ယှဉ်လျက် မိမိတို့ဘဝလမ်း၌ ဆင်ခြင်ရှောင်ရှား လျှောက်လှမ်းပါမူ ဘဝ၏ဒုက္ခတို့လျော့ပါးပေသည်။ မလုပ်သင့်မလုပ်ထိုက် မကျင့်သင့်မကျင့်ထိုက်သောအရာများကို ရှောင်ရှားလိုက်သောအခါ၌ ဆင်းရဲဒုက္ခ၏အခြားတစ်ဖက် ချမ်းသာသုခကို ရရှိတွေ့မြင်ခံစားနိုင်ပါပေ၏။

လူတို့သည် ဓမ္မနှင့်အညီ စိတ်ကောင်းစေတနာကောင်းနှင့် ဘဝကိုအဓိပ္ပာယ်ရှိရှိ ဖြတ်သန်းရာ၌ ကြီးပွားရေးတရားလမ်းစ၊ ချမ်းသာရေးလမ်းကြောင်းဖြစ်သော တရားရှစ်ပါး သမ္ပဒါရှစ်ပါးတွင်ပါဝင်သော ဥဋ္ဌာနသမ္ပဒါ၊ အာရက္ခသမ္ပဒါ၊ သမဇီဝိတသမ္ပဒါ၊ ကလျာဏမိတ္တသမ္ပဒါ ဟူသောသမ္ပဒါလေးရပ်တို့ ပါဝင်ပေသည်။ ထိုလေးပါးနှင့်အညီ ကျင့်သုံးနေထိုင်ရှင်သန်ပါမူ ဘဝတွင်အောင်မြင်မှုသုခခံစားရပေသည်။ ထိုလေးရပ်ကို အလွယ်အားဖြင့် "ရအောင်ရှာ၊ လုံအောင်ထိန်း၊ မျှအောင်သုံး၊ မိတ်ဆွေကောင်းနှင့်ပေါင်း"ဟူသောသမ္ပဒါလေးပါးနှင့်အညီ ကြိုးစားရန်လိုပေသည်။ ဘဝလမ်းခရီး၌လည်း ထကြွလုံ့လဝီရိယနှင့် အားထုတ်ရပေမည်။ သို့မှသာ စီးပွားရေး၊ လူမှုရေးအစုစုနှင့် လောကုတ်လောကီတွက် ကောင်းသောအကျိုးရလဒ်များ ဖြစ်ထွန်းမည်။ ဘဝလမ်း၌ အလှပန်းတို့ဆင်မြန်းနိုင်ပေမည်။

**စာပေနှင့်အသိပညာ အတတ်ပညာပါပါ စီးပွားရေးလုပ်**

တစ်ခါတစ်ရံ၌လည်း စီးပွားရှာနည်းသည် အသက်မွေးမှုအတတ်ပညာကို သိရှိ နားလည်ပါသော်လည်း စီးပွားမဖြစ်သူများ များစွာတွေ့ရသည်။ ထိုသူတို့သည် လုပ်ငန်းအပေါ်ကျွမ်းကျင်ပိုင်နိုင်သည့်တိုင် ငွေကြေးကဏ္ဍတို့၌ မစူးစိုက်နိုင် မဖောက်ထွက်နိုင်ကြသောကြောင့် ကြီးမြင့်တိုးတက်ပြောင်းလဲမှုမရှိဖြစ်တတ်၏။ တကယ်တမ်း စီးပွားရှာရာတွင်လည်း ယုံကြည်မှုရှိရှိ လုပ်ရဲကိုင်ရဲသောသတ္တိ၊ ဖြစ်ပေါ်လာတတ်သောပြဿနာတို့ကို ဖြေရှင်းနိုင်သောစွမ်းရည်တို့ လိုအပ်ပေသည်။ သို့မှသာ စီးပွားရေးလမ်းကြောင်း ဖြောင့်တန်းနိုင်၏။

မိမိ၏လိုအပ်ချက်များကို အရှိတိုင်းသိရှိနားလည်နိုင်ရန် အမှန်ကိုလက်ခံတတ်ရန် ဦးနှောက်အဟာရတို့ လိုအပ်လျှင် စာအုပ်စာပေတို့တွင် လေ့လာရမည်။ အတ္တလောဘတို့နှင့် စီးပွားရေးခရီးလမ်းကြောင်း မတိမ်းစောင်းရန်မူ ဆင်ခြင်သုံးသပ်တတ်သော ဦးနှောက်နှင့် ရှင်သန်အသက်မွေးကြရမည်။ စီးပွားရှာရာ၌ ဆောင်ရန်ရှောင်ရန်တို့အတွက် အခြေခံသုတတို့ရှိရန် စာအုပ်စာပေတို့ကို ဖတ်မှတ်ကျင့်သုံးလိုက်နာကြရမည်။

**လုံ့လနှင့်ကြိုးစားဆောင်ရွက်**

လူတစ်ဦးတွင် အခြေခံပညာနည်းပါးမှုနှင့် တက္ကသိုလ်ပညာတို့ နည်းပါးခဲ့ကြသော်လည်း ဘဝကျောင်း၏ စီးပွားရေးပညာကို ဂုဏ်ထူးတို့နှင့် အောင်မြင်မှုရရန် ကြိုးကုတ်ကြရမည်။ စီးပွားရေးအဆင်ပြေချောမွေ့ရန် စာအုပ်စာပေတို့တွင် လေ့လာသင်ယူရမည်။ တတ်ချင်လျှင်သင် တော်ချင်လျှင်လေ့ကျင့် အောင်မြင်ချင်လျှင်ကြိုးစားဟု အဆိုရှိပေ၏။ မိမိသည်တတ်သူ၊ တော်သူဖြစ်အောင် လေ့ကျင့်သင်ယူကြရင်း အောင်မြင်သူဖြစ်အောင် စွမ်းဆောင်ကြိုးစားရပေမည်။ တကယ်အလုပ်လုပ်လျှင် အဟုတ်ဖြစ်ပါ၍ အပတ်တကုတ် လုံ့လဝီရိယအားနှင့် ကြိုးစားရှာဖွေပါလျှင် အောင်မြင်သောလုပ်ငန်းရှင် အောင်မြင်သောစီးပွားရေးတို့ ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

အချုပ်ဆိုရပါသော် အင်္ဂလိပ်စကားပုံတစ်ခု၌ အလုပ်မလုပ်မီတွင် နှစ်ကြိမ်စဉ်းစားပါဟုဆိုပေသည်။ လူ့ဘဝရှင်သန်ခိုက်၌ စီးပွားရေးတွင် အောင်မြင်စေရန် ဆောင်ရွက်ရပါပေမည်။ စီးပွားရှာရန်အတွက် အလုပ်တစ်ခုမလုပ်ခင် စပ်ကြား၌ စီးပွားရေးပညာနှင့် ပတ်သက်၍ လက်လှမ်းမှီသမျှ ဆည်းပူးရမည်။ သို့မှသာ ကာယကိုအသုံးချကာ ပင်ပင်ပန်းပန်းမလုပ်ရပါဘဲ အသိပညာအတတ်ပညာနှင့် စီးပွားရှာနိုင်ပေ၏။ မိမိ မိသားစု မိမိပတ်ဝန်းကျင် မိမိမြို့နယ်၊ တိုင်း၊ နိုင်ငံအထိပါ ပံ့ပိုးကူညီနိုင်သောသူများဖြစ်ကာ စီးပွားရေးလုပ်ငန်းတို့ကို ဟန်ချက်ညီညီ လုပ်ဆောင်နိုင်မှသာ လူ့လောကတွင် အဆင်ပြေပြေနေထိုင်နိုင်မည်ဖြစ်ပေသည်။ စာရိတ္တအား၊ ကာယအား၊ ဉာဏအားဖြင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုရရန် ဖန်တီးတည်ဆောက်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**


- ဓမ္မပဒ၊ ဒဿနများ(နန္ဒမိုး)
- ပိုက်ဆံရှိတိုင်းချမ်းသာသလား(တင်ညွှန့်)
- Three Way to make money
- NSSA Competency Basic

# ရေဘေးကာကွယ်ရေးနှင့် ကမ်းရိုးတန်းဧရိယာကာကွယ်ရေးစီမံကိန်း လုပ်ငန်းငါးခုကို အိုင်ယာလန်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက အတည်ပြု



**ဒပ်ဘ်လင် ဒီဇင်ဘာ ၂၂**

အိုင်ယာလန်နိုင်ငံသည် ရေဘေးအန္တရာယ် ကာကွယ်ရေးနှင့် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ရေဘေးကယ်ဆယ်ရေးနှင့် ကမ်းရိုးတန်းဧရိယာကာကွယ်ရေး စီမံကိန်းလုပ်ငန်းငါးခုကို ဆောင်ရွက်သွားရန် လွှတ်တော်သို့ အဆိုပြုတင်သွင်းခဲ့ရာ လွှတ်တော်က ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးရုံး(OPW) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါစီမံကိန်းကို ဝက်ဖို့ဒေသ၊ ဂယ်ဝေးဒေသ၊ လင်မာရစ်ဒေသ၊ တစ်ပီရာရီဒေသနှင့် ကော့ခ်ဒေသတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး မိုးရာသီရောက်တိုင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဒေသများဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းကို ပြည်သူ့ဆောက်လုပ်ရေးရုံး(OPW) က အသေးစား ရေဘေးလျှော့ပါးရေးနှင့် ကမ်းရိုးတန်းကာကွယ်ရေးအစီအစဉ် ခေါင်းစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝက်ဖို့ဒေသတွင် ဆောင်ရွက်သွားမည့် စီမံကိန်းအတွက် ယူရို ၂၇၀၀၀၊ ဂယ်ဝေးဒေသတွင် ဆောင်ရွက်သွားမည့် စီမံကိန်းအတွက် ယူရို ၂၆၄၆၀၊ လင်မာရစ်ဒေသတွင် ဆောင်ရွက်သွားမည့် စီမံကိန်းအတွက် ယူရို ၃၆၀၀၀၊ တစ်ပီရာရီဒေသတွင် ဆောင်ရွက်သွားမည့် စီမံကိန်းအတွက် ယူရို ၂၅၂၀၀၊ ကော့ခ်ဒေသတွင် ဆောင်ရွက်သွားမည့် စီမံကိန်းအတွက် ယူရို ၁၆၂၈၀၀ သုံးစွဲသွားရန် လျာထားကြောင်း ပြည်သူ့ဆောက်လုပ်ရေးရုံး(OPW) က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အီရန်နိုင်ငံတွင် လေထုညစ်ညမ်းမှုများ ဆက်လက်ဖြစ်ပေါ်နေ

**တီဟီရန် ဒီဇင်ဘာ ၂၂**

အီရန်နိုင်ငံတွင် လေထုညစ်ညမ်းမှုအခြေအနေများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ယနေ့မှ နောက်သီတင်းပတ်ကုန် ရက်များထိ လေထုညစ်ညမ်းမှု ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း အမျိုးသားမိုးလေဝသအဖွဲ့၏ အမျိုးသားခန့်မှန်းရေးဗဟိုဌာန အကြီးအကဲ ဆာဒက်ဇီအာရန်က ပြောကြားခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံတွင် သိသာထင်ရှားသော ရာသီဥတုဆိုင်ရာပြောင်းလဲမှုအခြေအနေများ ဆက်လက်ဖြစ်ပေါ်နေပြီး လာမည့် သီတင်းပတ်အတွင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုအစုအဝေးများကြောင့် လေထုညစ်ညမ်းမှုအခြေအနေမှာ ဆက်လက် ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း ဆာဒက်ဇီအာရန်က ပြောကြားခဲ့သည်။

အီရန်နိုင်ငံတစ်ဝန်း မြို့ကြီးအများအပြားတွင် လေထုညစ်ညမ်းမှုအခြေအနေမှာ ပိုမိုဆိုးရွားလာလျက်ရှိပြီး လေထုညစ်ညမ်းမှုကြောင့် မကြာသေးမီရက်များအတွင်းကလည်း မြို့အများအပြားတွင် စာသင်ကျောင်းများနှင့် အစိုးရရုံးများကို ပိတ်ထားခဲ့ရကြောင်း၊ အီရန်နိုင်ငံ လေထုညစ်ညမ်းမှုနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက သတိပေးမှုများပြုလုပ်ထားသော်လည်း အစိုးရအနေဖြင့် ဦးစားပေးဖြေရှင်းဆောင်ရွက်မှု နည်းပါးနေသေးကြောင်း ဆာဒက်ဇီအာရန် ပြောကြားခဲ့သည်။



အီရန်နိုင်ငံတွင် လေထုညစ်ညမ်းမှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းမှာ ခေတ်မီစံနှုန်းများနှင့်မကိုက်ညီသည့် မော်တော်ယာဉ်များ အသုံးပြုမှုကြောင့်ဖြစ်ပြီး အဆိုပါယာဉ်များမှထုတ်လွှတ်သည့် မီးခိုးများကြောင့် လေထုညစ်ညမ်းမှု ၇၀ ရာခိုင်နှုန်း မှ ၈၀ ရာခိုင်နှုန်းထိ ဖြစ်ပေါ်စေလျက်ရှိကြောင်း ဆာဒက်ဇီအာရန်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : AZH

# ဗာနေတူနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ပို့ဗီလာ ဒီဇင်ဘာ ၂၂**

ဗာနေတူနိုင်ငံတွင် ယနေ့တွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း ဗာနေတူ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ငလျင်သည် ယနေ့ နံနက် ၂ နာရီ မိနစ် ၃၀ ခန့်တွင် ပို့ဗီလာမြို့နှင့် ကီလိုမီတာ ၃၀ ခန့်အကွာ မြေအောက်အနက် ကီလိုမီတာ ၄၀ မှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေငလျင်ကြောင့် ကြီးမားသည့်ပျက်စီးမှုမျိုး မရှိခဲ့ကြောင်း ဗာနေတူ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အိပ်မောကျနေတဲ့အချိန် ပြတင်းပေါက်တွေ၊ အိမ်တွင်းက ပစ္စည်းတွေလှုပ်တဲ့အသံ ရုတ်တရက် ကြားလိုက်ရတော့ အထိတ်တလန့် ဖြစ်ခဲ့ရတယ်။ မိသားစုတွေကိုနှိုးပြီးတော့ အိမ်အပြင်ကို အရေးပေါ်တိမ်းရှောင်ခဲ့ရတယ်။ တော်တော်လေးကို ထိတ်လန့်စရာကောင်းတဲ့ ငလျင်လှိုင်းပါ။ ကျွန်တော်ကြုံခဲ့ဖူးတဲ့ အားအကောင်းဆုံး မြေငလျင်တွေထဲက တစ်ခုပါပဲ"ဟု ပို့ဗီလာမြို့မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ မိုက်ကယ်တွမ်ဆင်က နိုင်ငံပိုင်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဗာနေတူနိုင်ငံတွင် ဒီဇင်ဘာ ၁၇ ရက်ကလည်း ပြင်းအား ၇ ဒသမ ၃ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်ခဲ့ပြီး ပို့ဗီလာမြို့တွင် အဆိုပါငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများပြားခဲ့ပြီး ရှင်းလင်းရေးလုပ်ငန်းများကို လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါငလျင်ကြောင့် သေဆုံးသူ ၁၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ဦးရေ ၂၁၀၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၁၆၇၈ ဦးထိ ရှိခဲ့ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူများ နေရပ်သို့မပြန်မီ နောက်ထပ်အားကောင်းသည့် ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ယမုံနာမြစ်အတွင်း အမိုးနီးယားပါဝင်မှု မြင့်တက်နေသဖြင့် နယူးဒေလီမြို့နှင့် အနီးဝန်းကျင်ဒေသများ ရေချိုပြတ်လပ်

**နယူးဒေလီ ဒီဇင်ဘာ ၂၂**

အိန္ဒိယနိုင်ငံတွင် ယမုံနာမြစ်အတွင်း ညစ်ညမ်းမှုများဖြစ်ပေါ်ပြီး အမိုးနီးယားပါဝင်မှု မြင့်မားနေသဖြင့် နယူးဒေလီမြို့နှင့် အနီးဝန်းကျင်ဒေသများတွင် ရေချိုပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရကြောင်း သက်ဆိုင်ရာအာဏာပိုင်များ၏ ဒီဇင်ဘာ ၂၁ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ယမုံနာမြစ်အတွင်း အမိုးနီးယားပါဝင်မှု မြင့်မားလျက်ရှိခြင်းကြောင့် မြစ်တွင်းရေထုညစ်ညမ်းမှု ပိုမိုဖြစ်ပွားလျက်ရှိသဖြင့် ရေချိုစီးဆင်းမှု လျော့နည်းသွားကာ နယူးဒေလီမြို့တော် အပါအဝင် ပတ်ဝန်းကျင်ဒေသများတွင် ရေချိုပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ အဆိုပါအခြေအနေမျိုးသည် ယမုံနာမြစ်အတွင်း ဆောင်းရာသီရောက်တိုင်း ကြုံတွေ့ရလေ့ရှိသော ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ယမုံနာမြစ်အနီးရှိ ဝါဇီရာဘက်ရေသန့်စင်ရေးလုပ်ငန်းတွင် အမိုးနီးယားပါဝင်မှု မြင့်တက်မှုသည် 5 ppm ထက် ကျော်လွန်လျက်ရှိပြီး သတ်မှတ်ထားသည့် အမိုးနီးယားအဆင့်ကို မထိန်းနိုင်သဖြင့် ထိရောက်သောရေသန့်စင်ရေးနှင့် ရေချိုထုတ်လုပ်နိုင်မှု ၂၅ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၅၀ ထိ ကျဆင်းခဲ့ပြီး ဒေသအများအပြားတွင် ရေချိုရရှိမှုကို လျော့နည်းခဲ့ရကြောင်း သိရသည်။

အမိုးနီးယားပါဝင်မှု မြင့်တက်ခြင်းသည် မြစ်အတွင်းညစ်ညမ်းမှုများ အဆက်မပြတ်ဝင်ရောက်ခြင်းကြောင့်ဖြစ်ကြောင်း၊ ထိရောက်သော ရေသန့်စင်မှုကို အနှောင့်အယှက်ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း ပညာရှင်များက ပြောကြားထားပြီး ညစ်ညမ်းမှု ဖြစ်ပေါ်လျက်ရှိသော အခြေအနေ တိုးတက်ကောင်းမွန်စေရေး ဖြစ်နိုင်သမျှနည်းလမ်းများကို အသုံးပြုကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားထားကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

# နိုင်ဂျီးရီးယားနိုင်ငံ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများပြန်လည်ထူထောင်ရေးအတွက် EU က ယူရိုတစ်သန်း ပံ့ပိုးပေးသွားမည်

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၂၂**

ဘယ်လ်ဂျီယံနိုင်ငံတွင် အခြေစိုက်သည့် ဥရောပသမဂ္ဂအဖွဲ့အစည်း(EU)က နိုင်ဂျီးရီးယားနိုင်ငံ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးအတွက် လူသားချင်းစာနာထောက်ထားရေး အစီအစဉ်ဖြင့် ယူရိုတစ်သန်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

EU အနေဖြင့် လူသားချင်းစာနာထောက်ထားရေးအစီအစဉ်ဖြင့် ပံ့ပိုးပေးရာတွင် ယာယီရွက်ဖျင်တဲများ၊ သန့်ရှင်းသည့် သောက်သုံးရေ၊ မိလ္လာစနစ်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဝန်ဆောင်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများတွင် အသုံးပြုသွားရန်အတွက် ရည်ရွယ်၍ ငွေကြေးပံ့ပိုးပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ပြီးခဲ့သော အောက်တိုဘာလမှစ၍ ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး ရေဘေးအန္တရာယ်အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရသောပြည်နယ်များမှာ ကိုဂီပြည်နယ်၊ ဒယ်တာပြည်နယ်နှင့် အနမ်ဘရာပြည်နယ်တို့ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီးနောက် ကယ်ဆယ်ရေး စခန်းများတွင် နေထိုင်နေရသည့် ပြည်သူဦးရေ ၇၈၀၀၀ ကျော်ရှိနေပြီး အများစုမှာ ကာလဝမ်းရောဂါဖြင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။

ရေဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးခဲ့ရသလို နေအိမ်များလည်း ထောင်နှင့်ချီ၍ ပျက်စီးခဲ့ရသောကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံတကာ၏အကူအညီ လိုအပ်နေကြောင်း၊ ကာလဝမ်းရောဂါတိုက်ဖျက်ရေးလုပ်ငန်းကိုသာ ဦးစားပေးဆောင်ရွက်နေရသည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာမှုများ ရှိနေကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဆောင်းရာသီအပူကန်လည်ချောင်းနာမဖြစ်စေဖို့

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းရာသီ သုံးမျိုးရှိရာတပေါင်းလပြည့်ကျော်တစ်ရက်မှ ဝါဆိုလပြည့်နေ့ထိကို "နွေရာသီ"၊ ဝါဆိုလပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိကို "မိုးရာသီ"၊ တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်မှ တပေါင်းလပြည့်နေ့ထိကို "ဆောင်းရာသီ"ဟူ၍ ဆယ့်နှစ်လကိုလေးလစီ ပိုင်းခြားသတ်မှတ်ထားသည်။

ခန္ဓာကိုယ်တွင်း အပူလွန်ကဲသူများသည် မိုးအကုန် ဆောင်းအကူး ပွင့်လင်းရာသီရောက်သည်နှင့် အပူအအေးမမျှတတော့ဘဲ လည်ချောင်းနာလေ့ရှိကြသည်။ လည်ချောင်းနာဝေဒနာသည် လည်ချောင်းထဲကို မီးစဖြင့် အထိုးခံရသကဲ့သို့ စူးရှပူလောင်စွာခံစားရပြီးရေနှင့် တံတွေးတို့ကိုပင် မျိုချရန်ခက်ခဲသည်။ ဝမ်းချုပ်ခြင်း၊ ရေသောက်နည်းခြင်း၊ ရေမချိုးခြင်းတို့ကလည်း ကိုယ်တွင်းအပူလွန်ကဲမှုကို တွန်းအားဖြစ်စေသည်။ ထို့ကြောင့် ဆောင်းရာသီရောက်လာပါက သာမန်အချိန်များထက် ရေကိုပို၍သောက်ပေးသင့်ပြီး ရေခဲနှင့် ရေခဲရေတို့ကို အထူးရှောင်ရှားရမည်။

ပုံမှန်ရေချိုးနေကျအတိုင်း နေ့စဉ်ရေချိုးပေးရန်လိုအပ်သည်။ ကိုယ်လက်လှုပ်ရှားမှုပြုခြင်း၊ လမ်းများများလျှောက်ခြင်း၊ ကောက်ညှင်းပေါင်းနှင့် ကောက်ညှင်းဖြင့် ပြုလုပ်ထားသောမုန့်များကို စားသုံးခြင်းမှ ရှောင်ရှားခြင်း၊ ဟင်းနုနယ်ရွက် သို့မဟုတ် မုန်ညင်းစိမ်းကဲ့သို့ အစိမ်းရောင်ရင့်ရင့် အမျှင်ဓာတ်များသော ဟင်းရွက်များကိုစားသုံးခြင်း၊ သဘော်သီးမှည့်၊ ဖီးကြမ်းငှက်ပျောသီးမှည့်ကဲ့သို့ ဝမ်းပျော့စာများကို စားသုံးခြင်းဖြင့် ဝမ်းမချုပ်အောင် ဆင်ခြင်နေထိုင်သင့်သည်။

အထူးသဖြင့် ခန္ဓာကိုယ်တွင်း အပူလွန်ကဲကာ လည်ချောင်းနာလေ့ရှိသူများသည် အအေးပိုသည့်နေ့များတွင် ခန္ဓာကိုယ်ထဲမှာ အပူခဲ၍၊ ခန္ဓာကိုယ်ပြင်ပအသားအရေမှာ အေးစက်နေခြင်းကို အခြားကာလထက် ပိုမိုဖြစ်ပေါ်ခံစားရဖွယ်ရှိသည်။ ထိုအခါ အပူအအေးမျှတမှုမရှိတော့ဘဲ အပူကန်၍ လည်ချောင်းနာများအပြင် ကျီးကန်းပါးစပ်ဖြစ်ခြင်း၊ သွားဖုံးနာခြင်း၊ သွားကိုက်ခြင်း၊ လျှာကွဲခြင်း၊ နှုတ်ခမ်းသားများကွဲအက်အဖတ်လန်ခြင်း၊ အသားပပ်ယားယံခြင်းနှင့် ခြေဖနောင့်ကွဲအက်ခြင်းများ ဖြစ်လာနိုင်သည်။

**လွယ်ကူမြန်ဆန် အိမ်တွင်းဆေးနည်းတိုလေးများ**

မြန်မာ့ရိုးရာလွယ်ကူမြန်ဆန်ဆေးနည်းတိုလေးများက ဆောင်းရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော အပူကန်လည်ချောင်းနာခြင်းအပါအဝင် အထက်ဖော်ပြပါ အပူအအေးမမျှတခြင်းတို့ကြောင့် ဖြစ်ပေါ်ခံစားရလေ့ရှိသော ဝေဒနာအမျိုးမျိုးတို့ကို ဘေးထွက်ဆိုးကျိုးလုံးဝမဖြစ်စေဘဲ အချိန်တိုတွင်းမှာပင် သက်သာပျောက်ကင်းစေနိုင်သည်။ သို့ပါ၍ အောက်ဖော်ပြပါ ဆေးနည်းအမျိုးမျိုးတို့မှ မိမိနှစ်သက်ရာကို သုံးစွဲနိုင်ရန် ဖော်ပြလိုက်ပါသည်။

- ချင်းပါးပါးခုနစ်လွှာကို ထန်းလျက်အညိုရောင် သုံးလုံးထည့်ကာ၊ ရေသုံးခွက် တစ်ခွက်တင် ကျိုသောက်ပါ။
- ဟင်းလျာများတွင် ကြက်သွန်ဖြူများများထည့် ချက်ပါ သို့မဟုတ် ကြက်သွန်ဖြူများများထည့်၍ ဆန်ပြုတ်ကျိုသောက်ပါ။
- ကင်ပွန်းချဉ်ရွက်ကို ဟင်းချို၊ ချဉ်ဟင်းချက်၍စားပါ။
- ကြက်ဟင်းခါးသီးအခြောက်ကို ကျောက်ပျဉ်ပေါ်သွေး၍နာနေသောလည်ချောင်းတစ်လျှောက်လုံးကိုလိမ်းကျံပေးပါ။ (နောက်တစ်နည်း) ကြက်ဟင်းခါးသီးပြုတ်ရည် သောက်ပါ။
- ပျဉ်းတော်သိမ်ရွက် လက်တစ်ဆုပ်စာခန့်ကို ရေစင်စင်ဆေးပြီး အိုးသန့်သန့်တွင် ရေသုံးခွက် တစ်ခွက်တင်ပြုတ်ပါ။ ၎င်းပြုတ်ရည် နွေးနွေးဖြင့် ပလုတ်(အာလုတ်)ကျင်းပေးပါ။ ချက်ချင်းထွေးမပစ်ဘဲ ငုံနိုင်သမျှငုံထားပါ။ (မျိုချရန်မလိုအပ်ပေ) ဤဆေးနည်းကအာသီးရောင်ခြင်းအတွက်ကိုပါ ကောင်းကျိုးပြုသည်။
- ရေနွေးကို ပွက်ပွက်ဆူအောင်ကျိုချက်ပြီး ပင်စိမ်းရွက်ခပ်ကာ သောက်ပေးပါ သို့မဟုတ် ပလုတ်ကျင်းပေးပါ။
- သံပုရာသီးတစ်လုံးကို အစေ့ဖယ်အရည်မညှစ်ဘဲ ခပ်ပါးပါး အချပ်လေးတွေ လှီးထားပါ။ ချင်းလက်နှစ်ဆစ်ခန့်ကို အခွံနွှာပြီးနောက် ခပ်ပါးပါး အချောင်းမျှင်မျှင်လေးများရအောင် လှီးဖြတ်ပါ။



လှီးဖြတ်ထားသော သံပုရာသီးအလွှာချပ်လေးများနှင့် ချင်းအချောင်းလေးများကို ခြောက်သွေ့သန့်ရှင်းသည့် ဖန်ပုလင်းလွတ်တစ်လုံးထဲတွင်ထည့်ပြီး၊ ၎င်းတို့မြုပ်ရုံ ပျားရည်စစ်စစ်ကို အပေါ်ကလောင်းချပေးပါ။ ပြီးနောက် ဖန်ပုလင်းကိုလေလုံအောင် အဖုံးပိတ်၍ ထိုအရောအနှောသုံးမျိုးကို ဂျယ်လီပုံစံပြောင်းသွားသည်ထိ ရေခဲသေတ္တာထဲတွင် သိမ်းထားရပါမည်။ ဂျယ်လီဖြစ်လာသောအခါ ၎င်းကို ဇွန်းဖြင့်ခပ်ကာ မတ်ခွက်တစ်ခွက်ထဲသို့ ပြောင်းထည့်ပြီး ရေနွေးဆူဆူလောင်းချပါ။ ခပ်နွေးနွေးအနေအထားတွင် စားနိုင်သည်။ ပျားရည်ဖြင့် ဓာတ်ပြုထားသည့်အတွက် သံပုရာခွံကိုဝါးစားနိုင်သည်။ ၎င်းအချိုးအစားအတိုင်း တစ်နေ့တစ်ကြိမ်သောက်ပေးခြင်းဖြင့် အချိန်သုံးရက်မျှကြာသောအခါ အပူကန်လည်ချောင်းနာ လုံးဝပျောက်ကင်းသွားပါလိမ့်မည်။ (ပုလင်းဖုံးလုံလုံပိတ်ပြီး ရေခဲသေတ္တာထဲမှာ နှစ်လ၊ သုံးလကြာသည်ထိ သိမ်းထားလည်း ဆေးဓာတ်မပြယ်နိုင်ပေ)

- မန်ကျည်းသီးမှည့်ကို ဆား၊ အညိုရောင်ထန်းလျက်တို့ဖြင့် ဖျော်ရည်လုပ်သောက်ပြီး၊ ၎င်းမန်ကျည်းသီးအဖတ်ကို ဝါးစားပါ။ (ရေခဲမထည့်ရ)
- သံပုရာရည်ကို အပူပေး၍၊ ပျားရည်ဖြင့် ရော၍ လျက်ပေးပါ။
- ဒန့်သလွန်မြစ်ကို ထုထောင်းကြိတ်ခြေ၍ အရည်ကိုညှစ်ယူကာ၊ စားပွဲတင်ဇွန်းတစ်ဇွန်းခန့် နေ့စဉ်သောက်ပါ။ လည်ချောင်းနာခြင်းအတွက်သာမက အသံဝင်၊ အသံပျက်ခြင်းကိုလည်း ပျောက်ကင်းစေနိုင်ပါသည်။
- ဆီးဖြူရွက်ကိုရေဖြင့် သုံးခွက်တစ်ခွက်တင်ကျို၍ အာလုတ်(ပလုတ်)ကျင်းပေးပါ။ လျှာကွဲ၊ ပါးစပ်ကွဲ (ကျီးကန်းပါးစပ်)တို့ကိုပါ ပျောက်ကင်းစေသည်။
- ဇေယျာဇ်ပင်၏အမြစ်ကိုသွေး၍ ဆန်ဆေးရည်ဖြင့် သောက်ပါ။
- စိမ်းစားဥ၊ ဖရဲသီးစားပါ။
- စွန်ပလွန်သီးမှည့် သို့မဟုတ် စွန်ပလွန်ယိုစားပါ။
- ခရမ်းကစော့သီးစားပါ သို့မဟုတ် ခရမ်းကစော့သီးပင်၏ အရွက်ပြုတ်ရည်သောက်ပါ။
- ခံတက်ရွက်သုပ်စားပါ သို့မဟုတ် ခံတက်ရွက်ပြုတ်ရည်သောက်ပါ။
- ကြောင်ပန်းရွက်သုပ်စားပါ သို့မဟုတ် ကြောင်ပန်းရွက်ပြုတ်ရည်သောက်ပါ။
- ကန်စွန်းရိုးနီကို အညိုရောင်ထန်းလျက်ဖြင့် ပြုတ်သောက်ပါ။
- ရေကျက်အေးထည့်ထားသောခွက်ထဲသို့ ဆားသန့်သန့် လက်ဖက်ရည်ဇွန်းဖြင့် လေးပုံတစ်ပုံခန့်ထည့်ပါ။ ထိုအရောအနှောထဲကို ပိုးသေစေနိုင်သောအာနိသင်ဖြစ်အောင် လစ်စထရင်းခေါ် ပလုတ်ကျင်းဆေးရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့်ထည့်၍ ပလုတ်(အာလုတ်) ကျင်းပါ။ (မျိုမချပါနှင့်)

**ဝမ်းမှန်စေသော နည်းလမ်းကောင်းများ**

လူတော်တော်များများ ဆောင်းရာသီရောက်လျှင် ဝမ်းချုပ်တတ်ကြသည်။ ဝမ်းချုပ်ခြင်းကလည်း လည်ချောင်းနာခြင်းကို ဆိုးရွားစေသဖြင့် ဝမ်းမှန်စေသော နည်းလမ်းကောင်းတချို့ကို ဖော်ပြပေးလိုက်သည်။

- နံနက်အိပ်ယာထ ရေများများသောက်ပေးခြင်းက အူများကို အလုပ်လုပ်စေ၍ ဝမ်းသက်စေသည်။ နေ့စဉ် ရေရှစ်ခွက်မှ ၁၀ ခွက်ထိ သောက်သောအလေ့အကျင့်ကိုမွေးမြူပါ။
- သံပုရာသီးက ဝမ်းချုပ်ခြင်းမှသက်သာစေနိုင်၍ နံနက်အိပ်ယာထ အစာမစားခင်မှာ ရေနွေးတစ်ဖန်ခွက်တွင် သံပုရာသီးတစ်လုံးညှစ်ပြီး ပျားရည်ကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းနှင့် ဆားအနည်းငယ်ဖျော်သောက်ပါ။
- ပဲသီး၊ ဟင်းနုနယ် စသည့်အစိမ်းရောင်ဟင်းသီးဟင်းရွက်များနှင့် လိမ္မော်သီး၊ သစ်တော်သီးကဲ့သို့ အရည်ရွှမ်းပြီး အမျှင်များသောသစ်သီးများစားပါ။
- အမျှင်ဓာတ်ပေါများသော ဂုန်လျှော်စေ့က အစာကြေစေပြီး ဝမ်းချုပ်ခြင်းကို သက်သာပျောက်ကင်းစေသည်။
- နွားနို့ပူပူသောက်ခြင်းက အူမကြီးကိုကောင်းစွာလှုံ့ဆော်ပေးနိုင်၍ ဝမ်းမချုပ်စေနိုင်ပေ သို့မဟုတ် ညအိပ်ယာဝင်ခါနီး နွားနို့ပူပူထဲတွင် ထောပတ်ကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း ပမာဏခပ်၍ သောက်ခြင်းဖြင့် နံနက်ပိုင်းတွင် အလွယ်တကူ ဝမ်းသွားစေသည်။
- သဖန်းသီး၊ ပဲကတ္တီပါ၊ မြေပဲ၊ စွန်ပလွန်သီး၊ ပဲပင်ပေါက်စားပေးပါ။
- မာလကာသီး(အူနီ)အမှည့်က ဝမ်းချုပ်ခြင်းကို သက်သာစေပါတယ်။
- ကြံရည်၊ ခရမ်းချဉ်သီးနှင့် သကြားမုန်လာဥ ခေါ် သွေးရောင်ကဲ့သို့ အရည်ရွှမ်းသော မုန်လာဥနီက ဝမ်းသက်စေပါသည်။
- နံနက်တိုင်း သဘော်သီး မှည့်မှည့်စားပါ။ (နေ့လယ် ၁၂ နာရီမတိုင်မီကို ဆိုလိုပါသည်)
- ညအိပ်ရာဝင်ခါနီး ဖီးကြမ်းငှက်ပျောသီး မှည့်မှည့်စားပါ။
- ပန်းသီးက ခန္ဓာကိုယ်တွင်း အဆိပ်အတောက်များကိုပြေစေပြီး ဝမ်းချုပ်ခြင်းကို ကောင်းကျိုးပြုနိုင်၍ တစ်နေ့တစ်လုံးစားသင့်ပါသည်။
- အမျှင်ဓာတ်များသော အစားအစာများဖြစ်ကြသည့် ကိုက်လန်၊ မုန်ညင်းစိမ်း၊ ဟင်းနုနယ်၊ ကန်စွန်းရွက် စသည့်အစိမ်းရောင်အရွက်ဖားဖားဟင်းရွက်များ၊ ဂေါ်ဖီမျိုးနွယ်များ ဖြစ်ကြသည့် ဂေါ်ဖီထုပ်၊ ပန်းမုန်လာ ခေါ် အဖြူရောင်ပန်းဂေါ်ဖီ၊ ဘရိုကိုလီ ခေါ် ပန်းဂေါ်ဖီစိမ်း၊ ပဲစေ့အမျိုးမျိုး၊ မျှစ်စို၊ ဘယ်ရီသီးအမျိုးမျိုး၊ ထောပတ်သီး၊ အုတ်ဂျုံခေါ် ကွေကာအုတ် စသည်တို့က ဝမ်းကို သက်သက်သာသာသွားစေသည်။
- ဆောင်းရာသီ ဝမ်းချုပ်လေ့ရှိသူများက မန်ကျည်းသီးမှည့်ဖြင့်ချက်သော ချဉ်ရည်ဟင်းများ ဥပမာ- ကန်စွန်းရွက်ချဉ်ရည်ဟင်း၊ မုန်ညင်းစိမ်းချဉ်ရည်ဟင်းတို့ကို မကြာမကြာ ချက်စားသင့်ပါသည်။
- ဝမ်းနှုတ်ဆေးတာရှည်စားခြင်းက အူပါးခြင်းကို ဖြစ်စေသည့်ပြင် ကာလကြာလာသည်နှင့်အမျှ ဆေးယဉ်ပါးသွားတတ်သောကြောင့် ဝမ်းနှုတ်ဆေးမစားဘဲ မန်ကျည်းသီးမှည့်တွင် ဆားအနည်းငယ်ခပ်၍ အညိုရောင်ထန်းလျက်ဖြင့် မန်ကျည်းဖျော်ရည်ပျစ်ပျစ် တစ်နေ့တစ်ခွက် သောက်ခြင်းက ဘေးထွက်ဆိုးကျိုးမရှိစေတော့ပေ။
- အရွက်တွင် အမွှေးလေးများပါရှိသော ကုလားမြင်းခွာရွက်ပင်၏အပွင့်ကို သကြားနှင့်ကြိတ်ပြီး စားပေးပါ။
- ကြက်ဟင်းခါးသီးကို သောက်ရေ၊ ဆားတို့နှင့် စိမ်ပြီးသောက်ပါ။
- ကြက်ဟင်းခါးသီးကို ရေနံဆီဖြင့်စိမ်၍ ဝမ်းဗိုက်ကို လိမ်းပေးပါ။
- ကြိတ်မှန်ရွက် ၂၅ ကျပ်သားကို ထန်းလျက် ၁၀ ကျပ်သား၊ အရည်ညှစ်ပြီးသောရှောက်သီးဖတ် ၁၀ ကျပ်သား၊ ခပ်ပါးပါးလှီးထားသော ကြက်သွန်နီ ၁၀ ကျပ်သား၊ စမုံမျိုးငါးပါးအမှုန့် တစ်ကျပ်သားခန့်တို့ဖြင့် ရောချက်ထားသော ကြိတ်မှန်ရွက်ယိုကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့်၊ တစ်နေ့လျှင် သုံးကြိမ်စားပေးပါ။
- နံနက်စောစော ၁၅ မိနစ်ခန့် လမ်းသွက်သွက်လျှောက်ခြင်းက အူများကိုလှုပ်ရှားကာ ဝမ်းသွားစေပါသည်။
- အူလေ့ကျင့်ခန်းက သဘာဝနည်းဖြင့် ဝမ်းသက်စေပါတယ်။ (တင်ပလ္လင်ခွေထိုင်၍ ဝမ်းဗိုက်ကြွက်သားဆီ အာရုံစူးစိုက်ကာ လေရှူလေထုတ်ပြင်းပြင်းလုပ်ခြင်းကို ဆိုလိုပါသည်)

**ပေါက်ပေါက်**








## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ ဗိုလ်ချင်းပျံလမ်းနေ ဦးဇော်ဝင်းနိုင် + ဒေါ်မြမြဌေးတို့၏သား မောင်သက်ဇော်နိုင် (၁၁/ရဗန(နိုင်)၀၇၄၀၂၀)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးဇော်ဝင်းနိုင်(၁၁/ရဗန(နိုင်)၀၀၀၁၈၃)**

**ဒေါ်မြမြဌေး(၁၁/ရဗန(နိုင်)၀၀၀၈၅၃)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုး အ.မ.က(၂၂) တတိယတန်းမှ မောင်အောင်နိုင်ဦး၏ ဖခင်အမည်မှန်မှာ မွေးဖွားစာရင်းအရ ဦးတင်မောင်လွင်ဖြစ်ပါကြောင်း။

**ဦးတင်မောင်လွင်(၈/ပဖန(နိုင်)၁၉၂၂၀၄)**

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ကျောက်ချပ်ကျေးရွာနေ မနှင်းဖြူစိုး (ဘ) ဦးစိုးမြင့် (၉/ပဘန(နိုင်)၂၅၃၁၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-009834)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၆၉၀၉၁၁၆




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန် လိုအပ်...**

❖ **မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများ ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မိတ်သဟာယညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ St. Mary's Cathedral Church ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို**

စာမျက်နှာ- ၂၂

**၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်**

စာမျက်နှာ- ၂၂

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ပုသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု